ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 9 December 2017 ၉၁၃၃

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာ

အမှတ်၊ ၉၈/၂၀၁၇

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ဤရုံး၏ ၁၂-၉-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၇၅/၂၀၁၇ ဖြင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးပြီး ဖြစ်ပါသည်။

၂။ ယင်းအမိန့်ကြော်ငြာစာတွင် ရခိုင်ပြည်နယ်ဆိုင်ရာ ကော်မရှင်များ၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြေပြင်အခြေအနေအပေါ် မူတည်၍ အကျိုးရှိစွာ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကို ရယူနိုင်ရန် အကြံပေးအဖွဲ့ကို ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများနှင့် ဖွဲ့စည်းရမည်ဟု ဖော်ပြခဲ့ပါသည်။

၃။ အထက်အပိုဒ်(၂)ပါအတိုင်း လိုအပ်သည့် အကြံဉာဏ်များ ရယူနိုင်စေရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့ကို အောက်ပါ ပြည်တွင်း/ပြည်ပ ပညာရှင်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(က) Dr.Surakiart Sathirathai
Chairman, Asia Peace and Reconciliation Council-APRC၊ Former Deputy Prime Minister and Minister of Foreign Affairs of Thailand

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**

# အလွတ်ကျက်မှတ်ရသည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အခြေခံသည့် ပညာရေးစနစ်သို့ ပြောင်းလဲရာတွင် ပြဋ္ဌာန်းစာအုပ်အတိုင်း သင်ကြားပြေဆိုနေမှုများကို မဖြစ်မနေပြောင်းလဲရမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၈**

အလွတ်ကျက်မှတ်ရသည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကို အခြေခံသည့် ပညာရေးစနစ်သို့ ပြောင်းလဲရာတွင် ပြဋ္ဌာန်းစာအုပ်အတိုင်း သင်ကြားဖြေဆိုနေမှုများကို မဖြစ်မနေပြောင်းလဲရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "အမြစ်တွယ်နေတဲ့ အလွတ်ကျက်မှတ်ရတဲ့ ပညာရေးစနစ်ကနေ စဉ်းစားတွေးခေါ်မှုကို အခြေခံတဲ့ ပညာရေးစနစ်ဆီသို့ ပြောင်းလဲရာမှာ ဆရာနဲ့ ကျောင်းသား အများစု အရိုးစွဲနေတဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကိုသာ သင်ကြားပေးခြင်း၊ သင်ရိုးမာတိကာအတိုင်း အမြန်ပြီးစီးအောင် သင်ကြားခြင်း၊ အတန်းအောင်ချက်မြင့်မားခြင်းကိုသာ အာရုံစူးစိုက်ခြင်း၊ စာမေးပွဲ အောင်ဖို့အတွက်သာ သင်ကြားပေးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များအတိုင်း တစ်သဝေမတိမ်းဖြေဆိုနိုင်မှသာ ရလဒ်ကောင်းမွန်ခြင်း စတဲ့အချက်တွေကို မဖြစ်မနေ ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာ ကဏ္ဍ)ကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ အထိမ်းအမှတ် အခြေခံပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



# မြားမှုံ

## အလုပ်နှင့် လက်တွေ့သက်သေ

တစ်စုံတစ်ယောက်သောသူသည် ဆင်းရဲနွမ်းပါး နိမ့်ကျချို့တဲ့နေပါက ၎င်းထက် အဆင့်အတန်းသာသူက အရေးတယူနေရာပေး ဦးစားပေးမှု နည်းပါသည်။ အလားတူ ဂုဏ်ရှိန်မြင့်မားသူတို့သည် ၎င်းတို့ထက် နိမ့်ကျသော သူတို့အပေါ်တွင် အရေးတယူပြုမူခြင်း နည်းရုံသာမက နှိမ့်ချဆက်ဆံခြင်းအပြင် အနိုင်ကျင့်ဗိုလ်ကျခြင်းတို့ကိုပါ ပြုမူတတ်သည်ကို ဤလောကတွင် မြင်တွေ့လေ့ရှိပါသည်။ တစ်ဖန် အချို့သည် လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ အားကြီးပြီး ငါနှင့်မတူ ငါ့ရန်သူဟူသော သဘောထားဖြင့် အနိုင်ကျင့် ဗိုလ်ကျလိုသူများလည်း ရှိနေကြပါသည်။

ယခုအခါ ဤသဘောထားရှိသူများနှင့် ကြုံတွေ့နေရသည်ဟု ဆိုချင်ပါသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု အားနည်းချက်၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျချက်တို့ကို အကြောင်းပြု၍ ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ရသည့် သဘောမျိုး ကြီးကြီးမားမား မရှိသော်လည်း ငါနှင့်မတူသူ၊ ငါ့အဖော်တစ်သင်း မဟုတ်သူတို့က ငါ့အသင်းအပင်းအတွက် ရန်လိုခြင်းတို့ရှိလာသည့်အပြင် ပြောင်ပြောင်တင်းတင်း စွက်ဖက်နှောင့်ယှက်ခြင်းများပါ ပြုလုပ်နိုင်ရန် အားထုတ်လာသည်ကို တွေ့ရပါသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး လူ့အခွင့်အရေးကို အကြောင်းပြု၍ အဖော်တစ်သင်း အင်အားပြင်းပြင်းဖြင့် မြန်မာနိုင်ငံအပေါ် ကျယ်ကျယ်လောင်လောင် ပြောဆိုမှုများ၊ အကြိမ်ကြိမ် အခါခါ စွပ်စွဲပြစ်တင်မှုများ ပြုလုပ်လာရုံသာမက ဖိအားအမျိုးမျိုးပေးကာ ကြီးမားသောထိခိုက်မှုကို ဖြစ်စေနိုင်သည့် Sanction, Red Alert, R2P စသည်ဖြင့် ခြိမ်းခြောက်ကာ ဝင်ရောက်စွက်ဖက်မှုများအထိ ပြုလုပ်နိုင်အောင် ကြိုးပမ်းလာကြသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံအပေါ် ဤသို့ဤပုံ မကောင်းသောအကြံဖြင့် မည်သို့ပင် ကြိုးပမ်းအားထုတ်သည်ဖြစ်စေ PPP ဟုခေါ်ဆိုသော ပြည်သူ၊ ပုဂ္ဂလိကနှင့် နိုင်ငံတော်အစိုးရ ညီညီညွတ်ညွတ် တက်ညီလက်ညီ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအားထုတ် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင်၊ လက်တွေ့ကျကျ အလုပ်နှင့်သက်သေပြနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းအားထုတ်မှုဟူသမျှ ဖယ်ရှားသွားနိုင်မည်သာဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံသားအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အလုပ်နှင့် သက်သေပြကြရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်သာမက တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ လက်ရှိတွင် နိုင်ငံအတွင်း နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နေသည်နှင့်အတူ မလိုတမာပြုလိုသူများ ဦးတည်ထားသည့် ရခိုင်ပြည်နယ်အား တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထူး ဦးစားပေး အကောင်အထည်ဖော်နေသည်ကို မြင်တွေ့နိုင်ပါသည်။

ရခိုင်ပြည်နယ်အား ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ် ဖန်တီးပေးရေး၊ ဒေသခံပြည်သူများ စားဝတ်နေရေး၊ စီးပွားရေး၊ လုံခြုံရေး၊အလုပ်အကိုင်အခွင့်အလမ်း၊ အသက်မွေးဝမ်းကျောင်းနှင့် ပညာရေး၊ ကျန်းမာရေး ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ PPP အားဖြင့် အစပျိုး အကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ် အရေးမှာ မျက်မှောက်ကာလတွင် အရေးအကြီးဆုံး အနေအထားဖြစ်၍ PPP အားဖြင့် မျက်ခြည်မပြတ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံကို ထူထောင်ရာ၌ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ကြိုးစား၍အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်မှာ အဆန်းတော့မဟုတ်ချေ။ မည်သည့်အခြေအနေသို့ ရောက်နေသည်ဖြစ်စေ ညီညွတ်ခြင်းသာ အဓိကကျသည်။ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်လျှင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ဖိအားများ တစ်စတစ်စလျော့ကျကာ ရည်မှန်းထားသည့် ပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကအင်အားမှာ ပြည်သူ၊ အစိုးရနှင့် တပ်မတော်ဖြစ်သည်။ ပြည်သူ၊ အစိုးရနှင့် တပ်မတော်တို့ တစ်သွေးတည်း တစ်သားတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အလုပ်နှင့် သက်သေပြ၍ လက်တွေ့ကျကျ အကောင်အထည်ဖော်မှုများသည် ပြည်ပမှ အန္တရာယ်များ၊ ဖိအားပေးမှုများအား ကြံ့ကြံ့ခံ ကျော်လွှားနိုင်မည်မှာ သေချာပါသည်။ ။

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသား အားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




## တရားဝင်သစ် အမှီပြုဘယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

"တရားဝင်သစ် အမှီပြုဘယ်ဖွင့်ဆိုမှု (မူကြမ်း)ရေးဆွဲခြင်း" အား ဖော်ဆောင်နိုင်ရန် အစပြုသည့် ပထမခြေလှမ်းအဖြစ် မြန်မာနိုင်ငံ၏ တရားဝင်သစ် အမှီပြုဘယ်ဖွင့်ဆိုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို လိုင်ဘေးရီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ VPAဆိုင်ရာနှင့် တရားဝင်သစ် အမှီပြုဘယ် ဖွင့်ဆိုမှုဆိုင်ရာ အတွေ့အကြုံဗဟုသုတများအား သိရှိဖလှယ်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကော်မရှင်ရုံးမှ မစ္စ ကလော်ဒီအန်တိုနယ်လီ၊ ယူကေနိုင်ငံအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဌာန (DFID)မှ မစ္စ ဂျန်နီဟောလ်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍမှ ဦးဆလိုင်းကျုံးလျန်ထောင်း၊ ပုဂ္ဂလိကကဏ္ဍမှ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကြားဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရော်ဘာအစေးလှီးနည်း နည်းပညာပေးသင်တန်းဖွင့်

**ကမမောင်း ဒီဇင်ဘာ ၈**

ဒေသခံတောင်သူများအား ရော်ဘာအစေးလှီး စနစ် မှန်ကန်စေရေး နည်းပညာပေး သင်တန်းဖွင့်ပွဲကို ကမမောင်းမြို့ ကွင်းဒလကျေးရွာ အုပ်စု တောင်သူ ဦးစောဝင်း၏ ရော်ဘာခြံ၌ ဒီဇင်ဘာ ၇ရက်က ကျင်းပသည်။

ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက နည်းပညာအကြောင်း ဆွေးနွေးခြင်း၊ စိုက်ပျိုးရေး ခရိုင်ဦးစီးမှူးက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် တောင်ပေါ်ဒေသ နေထိုင်သူများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည့် သက်မွေးအစေးလှီး နည်းပညာကို ရှင်းလင်းပြောကြားခဲ့သည်။

ဖာပွန်ခရိုင်အတွင်း ရော်ဘာစိုက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးထားပြီး ဧက ၄၀ ရာခိုင်နှုန်းခန့်မှာ အစေးလှီးနေပြီဖြစ်သည်။ အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ရော်ဘာခြံရှင်နှင့် အစေးလှီး သင်တန်းသား စုစုပေါင်း ၇၄ ဦး တက်ရောက်ကြပြီး ဒီဇင်ဘာ ၇ရက်မှ ၁၁ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **အေးမျိုး**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်(ရွှေဈေး) ၉၁၃၅၀၀ - ၉၁၃၅၀၀၊ မန္တလေး(ရွှေဈေး) ၉၁၃၅၀၀ - ၉၁၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၂၅/၈၃၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၅/၇၉၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၇၀၈ ကျပ်၊ | ၈၄၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၁၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၈၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၃. ၇၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၁၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၀. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၀. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

မြားမှုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

☆ **ရွှေဖုံးမှ**

ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် “ဒီလိုပြုပြင်ပြောင်းလဲရမယ့်အချက်တွေ တစ်ချိန်တည်း တစ်ပြိုင်တည်း အားလုံးပြီးစီးအောင် ဆောင်ရွက်ရာမှာ အချို့သော အခက်အခဲများလည်း ရှိနေသေးတာကြောင့် ဝန်နဲ့အားမျှတမှုကို ချင့်ချိန်ပြီး အုပ်ချုပ်ရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ဘောင်အတွင်းက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်” ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ပညာသင်ကြားခြင်းမှာ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်တတ်သည့် အလေ့အကျင့်၊ ဆက်စပ်စဉ်းစားတွေးခေါ် တီထွင်ကြံဆတတ်သည့် အရည်အချင်း စသည်ဖြင့် အစဉ်လေ့လာသင်ယူနေသည့် လူသားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်နိုင်ရန်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားသည်။

### ပြုစုပျိုးထောင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ပညာသင်ကြားခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ တာဝန်ယူပြီး တာဝန်ခံဆောင်ရွက်တတ်တဲ့ အလေ့အကျင့်၊ ဆက်စပ်စဉ်းစားတွေးခေါ် တီထွင်ကြံဆတတ်တဲ့အရည်အချင်း၊ အသင်းအဖွဲ့နဲ့အတူ ပူးပေါင်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်တွေနဲ့ ပြည့်ဝတဲ့ အစဉ်လေ့လာသင်ယူနေတဲ့ လူသားကောင်းများ ပြုစုပျိုးထောင်နိုင်ဖို့ ဖြစ်ပါတယ်။

“ကလေးတွေဟာ ကျောင်းသင်ခန်းစာတွေအပြင် မိမိနေအိမ်၊ မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၊ မိမိနိုင်ငံရဲ့ သမိုင်းနဲ့ လက်ရှိအခြေအနေမှသည် ကမ္ဘာတစ်ခုလုံး လူသားအားလုံးနဲ့ သက်ဆိုင်တဲ့ ဗဟုသုတအရပ်ရပ်ကို သိမြင်နားလည်ဖို့ ဖြစ်ပါတယ်။ ကလေးတွေရဲ့ အတွေ့အကြုံ ဗဟုသုတတွေကိုအခြေခံပြီး အတူတကွ သင်ယူလေ့လာနိုင်တဲ့ အခွင့်အလမ်းတွေကို စီစဉ်ဖန်တီးပေးနိုင်တာနဲ့အမျှ ကလေးတွေရဲ့ စဉ်းစားတွေးခေါ် မြော်မြင်နိုင်မှု ရင့်သန်လာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပွင့်လင်းမှု၊ ခံနိုင်ရည်ရှိမှု၊ စီမံခန့်ခွဲမှု၊ ကူညီစောင့်ရှောက်လိုမှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ အနစ်နာခံနိုင်မှု၊ တာဝန်ယူမှု၊ မတူကွဲပြားမှုတွေကို သိရှိနားလည်လက်ခံနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးများ ရှင်သန်ဖွံ့ဖြိုးလာစေမှာလည်း ဖြစ်ပါတယ်”ဟု ပြောကြားသည်။

### ပြုပြင်ပြောင်းလဲမှု

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “အခုဆိုရင် အခြေခံပညာကဏ္ဍအတွင်း အဓိကနယ်ပယ်များဖြစ်တဲ့ ပညာသင်ယူမှု အခွင့်အလမ်း၊ ပညာအရည်အသွေးနဲ့ အကျိုးဝင်မှု၊ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ဆရာအတတ်ပညာနဲ့ ပညာရေးစီမံခန့်ခွဲမှု စသည်တို့မှာ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပညာရေးဝန်ကြီးဌာနအနေနဲ့ အထူးအလေးထားဆောင်ရွက်နေတယ်ဆိုတာကို သိကြလိမ့်မယ်ထင်ပါတယ်။

“အခြေခံပညာကဏ္ဍရဲ့ ရည်မှန်းချက်တွေကတော့ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေရရှိစေဖို့ ကျောင်းထွက်သွားရတဲ့ ကျောင်းသား ကျောင်းသူတွေ မရှိစေဖို့၊ အလယ်တန်း၊ အထက်တန်းမှတစ်ဆင့် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ ဒါမှမဟုတ် တက္ကသိုလ်ပညာရပ်တွေကို ဆက်လက်သင်ကြားနိုင်ဖို့နဲ့ အခြေခံသုတေသနစွမ်းဆောင်မှုတွေနဲ့ နယ်ပယ်အရပ်ရပ် ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုစေဖို့တို့ပဲ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

“ရည်မှန်းချက်တွေ အပြည့်အဝအောင်မြင်စေဖို့အတွက် မြန်မာနိုင်ငံရဲ့ အခြေခံပညာကဏ္ဍမှာ အဓိကကျကျ ပြုပြင်ပြောင်းလဲရမယ့် အချက်တွေကတော့ KG +12 ပညာရေးစနစ်အဖြစ် ပြောင်းလဲဖို့၊ ကျောင်းထွက်နှုန်းမြင့်မားနေရတဲ့ အခြေခံအကြောင်းရင်းတွေကို ဖြေရှင်းနိုင်အောင် ပံ့ပိုးပေးနိုင်ဖို့၊ အလွတ်ကျက်မှတ်ရတဲ့စနစ်ကနေ စဉ်းစားတွေးခေါ်မှုကိုအခြေခံတဲ့ ပညာရေးစနစ်ဆီကို ပြောင်းလဲရေးအတွက် ဆရာ ဆရာမတွေရဲ့ အရည်အသွေးပြည့်ဝလာစေဖို့၊ ပညာရေးကောလိပ်များ အဆင့်မြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာသင်တန်းတွေ စဉ်ဆက်မပြတ်ပို့ချနိုင်ရေးတို့ကို ဆောလျင်စွာဆောင်ရွက်ဖို့၊ သင်ရိုးညွှန်းတမ်းနဲ့ ကျောင်းသုံးဖတ်စာအုပ်တွေရဲ့ အရည်အသွေးမြှင့်တင်ဖို့နဲ့ ပညာရေးဆိုင်ရာ အုပ်ချုပ်မှုစွမ်းဆောင်ရည်များ တိုးတက်စေဖို့တို့ကိုလည်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

### ချီးမြှင့်ပေး

“ယခုဆိုရင် ကျောင်းအဆင့်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းထွက်နှုန်း လျော့ကျရေး ဆောင်ရွက်ရာမှာလည်း ဘဏ္ဍာငွေခွင့်ပြုနိုင်မှုပေါ်မူတည်ပြီး ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များ အခမဲ့ပေးဝေခြင်း၊ ဆရာ၊ ကျောင်းသား အချိုးမျှတနိုင်ရေးအတွက် ဆရာများတိုးချဲ့ခန့်ထားခြင်း၊ စာသင်ဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်းတို့အပြင် ကျောင်းပြင်ပရောက် ကလေးတွေအတွက် လေ့လာဆန်းစစ်မှု အစီအစဉ်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အမြင့်အာရုံ၊ အကြားအာရုံ ချို့တဲ့တဲ့ ကျောင်းသား ကျောင်းသူတွေ၊ မသန်စွမ်းကျောင်းသားကျောင်းသူတွေ၊ နယ်စပ်ဒေသမှ ကျောင်းသား ကျောင်းသူတွေကိုလည်း ပညာသင်ထောက်ပံ့ကြေးတွေ ချီးမြှင့်ပေးလျက်ရှိပါတယ်”ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

လက်ရှိ သင်ရိုးညွှန်းတမ်း၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားရာတွင် “အဓိကအားဖြင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာတွေဟာ ကလေးတစ်ဦးချင်းစီရဲ့ စဉ်းစားဉာဏ်ကို ထက်သန်စေရပါမယ်။ စိတ်ကူးဉာဏ်ကို ပံ့ပိုးနိုင်စေရပါမယ်။ ကောင်းသောအလေ့အကျင့်နဲ့ စာရိတ္တကို ဖြည့်ဆည်းပေးနိုင်စေရပါမယ်။ ကျန်းမာသော ခန္ဓာကိုယ်မှာ ကြံ့ခိုင်သောစိတ်ဓာတ်ကို ရှင်သန်စေရပါမယ်။ ဒီလိုသင်ရိုးညွှန်းတမ်း ရည်ရွယ်ချက်များ ပေါက်မြောက်စေရေးအတွက် ဆရာအတတ်ပညာပြည့်ဝမှုက အဓိက အရေးကြီးပါတယ်။

### စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

“ဒါကြောင့် ဆရာ ဆရာမတွေအတွက် ဆရာအတတ်ပညာ ပြည့်ဝစေရေး၊ သင်ကြားမှုစွမ်းဆောင်ရည်မြင့်မားရေးအတွက် အင်္ဂလိပ်စာနဲ့ အိုင်စီတီအရည်အသွေးမြင့်မားရေး၊ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းအဆင့်၊ ကျောင်းမိသားစုအဆင့်၊ ကျောင်းအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့် စသည်ဖြင့် လုပ်ငန်းခွင်စွမ်းရည်မြှင့် ဆွေးနွေးပွဲတွေ ပြုလုပ်ပေးနေပြီဖြစ်ပါတယ်။ ဆရာ ဆရာမတွေအနေနဲ့လည်း သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် သုတေသနလုပ်ငန်းများ၊ ပရောဂျက်လုပ်ငန်းများတွင် အရည်အသွေး မြင့်မြင့်မားမားနဲ့ ဆောင်ရွက်နိုင်ကြဖို့လည်း လိုအပ်ပါတယ်။

“ဆရာ ဆရာမတွေရဲ့အတတ်ပညာ၊ စွမ်းဆောင်ရည်ပြည့်ဝဖို့လိုအပ်သလို တစ်ဖက်ကလည်း ကျောင်းသားကျောင်းသူတွေနဲ့ မိဘတွေကိုယ်တိုင် ပါဝင်ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေလည်း ရှိနေပါတယ်။ ကျောင်းသားကျောင်းသူတွေဟာ ကျောင်းမှန်မှန်တက်ရောက်နေရုံနဲ့သာ တာဝန်ကျေပွန်တာမဟုတ်ဘဲ တစ်နေ့တာ သင်ခန်းစာအပေါ်မှာ ချိုင့်စဉ်းစားသုံးသပ် တွေးခေါ်နိုင်ခြင်း၊ အားကစားနှင့် အနုပညာ ဘာသာရပ်တွေမှာ ကိုယ့်ဝါသနာကို အရင်းခံပြီး ပါဝင်ဆောင်ရွက်တတ်ခြင်း၊ ပြင်ပစာပေ ဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရယူနိုင်ခြင်း၊ မိမိဖတ်ရှုတဲ့ စာအုပ်စာပေများမှ ရရှိလာတဲ့ ဗဟုသုတ၊ ဉာဏ်ပညာများကိုအခြေခံပြီး အကြောင်းအကျိုး အကောင်းအဆိုးများကို ဝေဖန်ပိုင်းခြားတတ်တဲ့ အသိအမြင်ရရှိစေခြင်း အထိပါ ကြိုးစားအားထုတ်ဖို့ လိုအပ်ပါတယ်။ မိဘတွေအနေနဲ့လည်း မိမိတို့ရဲ့ သားသမီးများရဲ့ တီထွင်ကြံဆနိုင်မှုကို အားပေးကူညီခြင်း၊ စဉ်းစားတွေးခေါ်နိုင်မှုအတွက် ပူးပေါင်းစီမံလေ့ကျင့်ပေးခြင်းတို့နဲ့ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

“စာဖတ်စွမ်းရည် အလေ့အကျင့်များ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အားကစားပွဲများပြုလုပ်ပေးခြင်းဖြင့် ကလေးပျော်ကျောင်းများဖြစ်အောင် ဖန်တီးပေးနိုင်ခြင်းဟာလည်း ပညာရေးအရည်အသွေးပြည့်ဝအောင် စွမ်းဆောင်နိုင်ခြင်းနဲ့အတူ ကျောင်းထွက်နှုန်း လျော့နည်းပပျောက်နိုင်မယ့် အဓိကနည်းလမ်းတစ်ရပ်ဖြစ်ပါတယ်။

“ပညာရပ်နဲ့ ယဉ်ကျေးမှုဆိုင်ရာ သင်ယူလေ့လာရေးခရီးထွက်ခြင်း၊ စူးစမ်းလေ့လာမှုများကို မှတ်တမ်းတင်ခြင်း၊ ကျောင်းစာကြည့်တိုက်များကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် စာပေနဲ့အသိဉာဏ် အတွေးအခေါ်မြင့်မားစေဖို့ လေ့ကျင့်ပေးနိုင်မှာ ဖြစ်ပါတယ်။

### မျှော်လင့်နိုင်

“ဒါဆိုရင် ပညာရေးကနေ ကျွန်မတို့နိုင်ငံအတွက် ဘာတွေမျှော်လင့်နိုင်ပါသလဲ။

ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ ပညာရေးဖြင့် ကျွန်မတို့ ယခုကြုံတွေ့ရင်ဆိုင်နေရတဲ့ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်ဖို့ မျှော်လင့်နိုင်ပါမယ်။

ပညာရေးဖြင့် မညီမျှမှုများ၊ မတည်ငြိမ်မှုများ ကင်းဝေးပပျောက်ပြီး တရားဥပဒေ စိုးမိုးမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုများကို နိုင်ငံသားများအားလုံး ရယူခံစားနိုင်ဖို့ မျှော်လင့်နိုင်ပါမယ်။

ပညာရေးဖြင့် ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုး တိုးတက်မြင့်မားလာစေဖို့၊ ပိုမိုစည်းလုံးညီညွတ်စေဖို့၊ ငြိမ်းချမ်းစည်ပင်စေဖို့ မျှော်လင့်နိုင်ပါမယ်။

ပညာရေးဖြင့် ပြည်ထောင်စုတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့များကို တန်းဖိုးထားမြတ်နိုးထိန်းသိမ်းသွားကြဖို့ မျှော်လင့်နိုင်ပါမယ်။

ပညာရေးဖြင့်သာ နိုင်ငံသားတိုင်း၊ မိသားစုတိုင်း လူတန်းစေ့ဘဝတွေကိုပိုင်ဆိုင်ပြီး သာယာပျော်ရွှင်စွာ ရပ်တည်နိုင်ဖို့ မျှော်လင့်ရပါမယ်။

### အခြေခံပညာအဆင့်

“ဒါတွေဟာ ပညာရေးကနေ ကျွန်မတို့ မျှော်လင့်ရယူနိုင်တဲ့အခွင့်အလမ်းတွေပါပဲ။ ဒါကြောင့် ပညာရည်မြင့်မားဖို့အတွက် အဓိကအခြေခံအကျဆုံးဖြစ်တဲ့ အခြေခံပညာအဆင့် ပညာရေး မျှော်မှန်းချက်များမှသည် ကလေးတစ်ဦးချင်းစီရဲ့ ပညာသင်ယူမှု အခွင့်အလမ်းများ၊ ပညာရေး အရည်အသွေးများ ပြည့်ဝအောင် ဖြည့်ဆည်းပေးနိုင်မယ့် လုပ်ငန်းစဉ်များအထိ စ၊ လယ်၊ ဆုံး အပြည့်အဝအောင်မြင်စေရေးအတွက် ယခုနှီးနှောဖလှယ်ပွဲမှာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး တာဝန်ယူ တာဝန်ခံ၍ ပူးပေါင်းတီထွင် ကြံဆတတ်သော နိုင်ငံ့သားကောင်း၊ လူသားကောင်းများကို လေ့ကျင့်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)သို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး နှီးနှောဖလှယ်ပွဲအထိမ်းအမှတ် အခြေခံပညာပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

### တက်ရောက်

အဆိုပါနှီးနှောဖလှယ်ပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်းနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများအဖွဲ့ချုပ်၊ တပ်မတော်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

### ဆွေးနွေးကြမည်

အဆိုပါနှီးနှောဖလှယ်ပွဲတွင် ပညာရေးပြက္ခဒိန်ပါ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အခြေခံပညာအရည်အသွေးမြင့်မားရေး လုပ်ငန်းစဉ်များတွင် မိဘအုပ်ထိန်းသူ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်ခြင်း၊ အခြေခံပညာရေးလူတိုင်းအကျိုးဝင်မှုအားပေးမြှင့်တင်ခြင်း၊ ပြည်သူ့နီတိအလေ့အကျင့်နှင့် အခြေခံပညာရေး အရည်အသွေးမြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကျောင်းထွက်သူပပျောက်ရေး၊ မူလတန်းပညာသင်ယူသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရေး၊ ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်၊ စာသင်ခန်းတွင် သင်ကြားသင်ယူမှု တိုးတက်မြင့်မားရေးဆောင်ရွက်မှု၊ အတူပူးပေါင်းသင်ယူလက်တွေ့လုပ်ဆောင်ခြင်း၊ အလယ်တန်းပညာ သင်ယူပြီးမြောက်ပြီး အထက်တန်းပညာဆက်လက်ပညာသင်ယူရေး ဆောင်ရွက်ခြင်း၊ သင်ယူတတ်မြောက်မှုအကဲဖြတ်စစ်ဆေးခြင်းအပေါ် အကြံပြုဆွေးနွေးခြင်း၊ အခြေခံပညာအဆင့် ပညာရည်စစ်ဆေးတိုင်းတာမှုကို လေ့လာသုံးသပ်ခြင်း၊ ကြီးကြပ်အကဲဖြတ်လုပ်ငန်းများ ထိရောက်အောင်မြင်ရေးဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများခန့်ထားမှုတွင် အရည်အချင်းရှိ၍ သင်တန်းပြီးမြောက်သူများကို ခန့်ထားရေးနှင့် ထိုခန့်ထားသည့် အရေအတွက်အတိုင်းသာ ရာထူးပြောင်းရွှေ့ရာထူးတိုးဆောင်ရွက်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သောကျောင်းဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု အစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အခြေခံပညာ ဆရာ ဆရာမများ အရည်အသွေးမြင့်မားစေရန် ထိရောက်သော အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် တိုင်းဒေသကြီး၊ မြို့နယ်အလိုက် လိုအပ်ချက်များဖြည့်ဆည်းရန် စီမံကိန်းလုပ်ငန်းများပြုစုရေး ပူးပေါင်းဆောင်ရွက်ခြင်း စသည့်စာတမ်းခေါင်းစဉ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)ကို ဒီဇင်ဘာ ၉ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)တွင် အမှာစကားပြောကြားစဉ်။**

# ပုလဲဆိပ်ကမ်းတိုက်ခိုက်ခံရမှု နှစ်ပတ်လည်အခမ်းအနား ကျင်းပ၊ တိုက်ခိုက်ခံရမှု၌ အသက်ရှင် ကျန်ရစ်သူများ ပါဝင်ဆင်နွှဲ

**ဟာဝိုင်ယီ ဒီဇင်ဘာ ၈**

လွန်ခဲ့သည့် ၇၆ နှစ် ဒီဇင်ဘာ ၇ ရက် နံနက်အစောပိုင်းတွင် ဂျပန်လေတပ်ဖွဲ့မှ စစ်လေယာဉ်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ပုလဲဆိပ်ကမ်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အလုံးအရင်းဖြင့် ကျဆုံးခဲ့ရမှု နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ကျင်းပရာ ယင်းတိုက်ခိုက်မှုဖြစ်စဉ်အတွင်း အသက်ရှင်ကျန်ရစ်သူ အမေရိကန်စစ်ပြန်များ စုဝေးတက်ရောက်ခဲ့ကြကြောင်း၊ ဂျပန်နိုင်ငံသည် ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်ဖွဲ့ အခြေစိုက်စခန်းကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ပြောင်းသတိရစေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယခုကျင်းပသော ၇၆ နှစ်မြောက် ပုလဲဆိပ်ကမ်း တိုက်ခိုက်ခံရခြင်း အထိမ်းအမှတ်နေ့ အခမ်းအနားသို့ ထိုစဉ်က အမေရိကန်စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေဆဲ စစ်ပြန် စစ်မှုထမ်းဟောင်း ၂၀ ခန့် တက်ရောက်ခဲ့ကြသည်။



ယင်းစစ်ပြန် စစ်မှုထမ်းဟောင်းများသည် ပုလဲဆိပ်ကမ်းနှင့်ယူအက်စ်အက်စ် အာရီဇိုးနား စစ်သင်္ဘောတို့ကို စီးမိုးတွေ့မြင်နိုင်သောနေရာ၌ ကျင်းပသော အောက်မေ့ဖွယ် အခမ်းအနားသို့ အမေရိကန်ရေတပ် တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်နှင့်အတူ တက်ရောက်ခဲ့ကြကြောင်း ရေတပ်မှ တာဝန်ရှိသူများနှင့် ပြည်သူများက ပြောကြားသည်။

ဂဲလ်ဘတ်မေဟာ အမည်ရှိစစ်ပြန်ကြီးသည် အမေရိကန်ရေတပ်ဖွဲ့ ယူအက်စ်အက်စ် ယူတားသင်္ဘောပေါ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဖြစ်ပွားခဲ့သော ဂျပန်လေတပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုမှ လွတ်မြောက်ကာ အသက်ရှင်ကျန်နေပြီး ၎င်း၏ စစ်ရေယာဉ်မှ လုပ်ဖော်ကိုင်ဖက်များအား ဂုဏ်ပြုပွဲ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုခဲ့သည်။

၎င်းသည် ယခုအခါ၌ အသက် ၉၄ နှစ်အရွယ် ရောက်ရှိနေပြီး တက္ကဆက်ပြည်နယ် လေလီမြို့အနီးတွင် နေထိုင်လျက်ရှိသည်။

ယင်း အသက် ၁၈ နှစ်အရွယ်တွင် အမေရိကန်ရေတပ်သင်္ဘော ယူတားတွင် ပထမတန်း မီးသတ်ရဲဘော်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ယင်းစစ်သင်္ဘောမှာ ဆိပ်ကမ်း၌ရပ်နားထားစဉ် တော်ပီဒို ထိမှန်ခံခဲ့ရသည်။

ယင်းတိုက်ခိုက်ခံရမှုတွင် ၎င်းအသက်ရှင်ကျန်ရစ်နေခြင်းမှာ ရေယာဉ်၏ ညာဘက်အခြမ်းတွင် ရှိနေခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**



# ဗြိတိန် တော်ဝင် ရေတပ်မတော်အတွက် လေယာဉ်တင်သင်္ဘောကြီး တပ်တော်ဝင်ခြင်း အခမ်းအနား ဘုရင်မကြီးတက်ရောက်

**လန်ဒန် ဒီဇင်ဘာ ၈**

ဗြိတိန်နိုင်ငံ၏ ဘုရင်မကြီး အယ်လိဇဘက်သည် ဒီဇင်ဘာ ၇ ရက်က တော်ဝင်ရေတပ်မတော်အတွက် လေယာဉ်တင်သင်္ဘောကြီး တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပို့စ်မောက်ရေတပ်စခန်း၌ ကျင်းပသော အဆိုပါအခမ်းအနားသို့ ဘုရင်မကြီးနှင့်သူ၏သမီးတော် အန်းမင်းသမီး၊ ကာကွယ်ရေးဝန်ကြီး ဂါဗင်ဝီလျံဆန်နှင့်ဘဏ္ဍာရေးဝန်ကြီး ဖီးလစ်တို့ တက်ရောက်ကြသည်။

တော်ဝင်ရေတပ်မတော်အတွက် တပ်တော်ဝင်သည့် 'အိပ်ချ်အမ်အက်စ်ကွင်း အယ်လိဇဘက်' အမည်ရှိ လေယာဉ်တင်သင်္ဘောကြီးပေါ်တွင် ရေတပ်အလံတော် လွှင့်ထူသည်ကို ဘုရင်မကြီးက စောင့်စားကြည့်ရှုခဲ့သည်။

လေယာဉ်တင်သင်္ဘော တပ်တော်ဝင်ခြင်း အခမ်းအနားကို တော်ဝင် ရေတပ်မတော်၏ နာမည်ကျော် ရှေးဟောင်းအမြောက်တင်ရွက်လှေကြီး အိပ်ချ်အမ်အက်စ် ဗွစ်ထရီအနီးအပါးတွင် ပြုလုပ်ခဲ့သည်။

အိပ်ချ်အမ်အက်စ်ကွင်း အယ်လိဇဘက် လေယာဉ်တင်သင်္ဘောကြီးသည် တော်ဝင်ရေတပ်မတော်အတွက် တည်ဆောက်ပေးခဲ့သော စစ်သင်္ဘောများအနက် အကြီးဆုံးစစ်သင်္ဘောဖြစ်သည်။ အဆိုပါ လေယာဉ်တင်သင်္ဘောသည် တိုက်လေယာဉ် အစင်း ၄၀ အထိ သယ်ဆောင်နိုင်စွမ်း ရှိသည်။

လေယာဉ်တင်သင်္ဘောသစ်ကြီးသည် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတို့အရ အဆင့်အတန်းအမြင့်ဆုံးဖြစ်ကြောင်း ဘုရင်မကြီးက ပြောကြားသည်။

အိပ်ချ်အမ်အက်စ်ကွင်း အယ်လိဇဘက်လေယာဉ်တင်သင်္ဘောကြီးသည် ၂၀၁၈ ခုနှစ် ဆောင်းဦးပေါက်ရာသီတွင် ခရီးစဉ် စမ်းသပ် ခုတ်မောင်းမှုအဖြစ် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာရန် စီစဉ်ထားသည်။ လောလောဆယ်တွင် ယင်းလေယာဉ်တင် သင်္ဘောကြီးပေါ်တွင် တာဝန်ထမ်းဆောင်မည့် တိုက်လေယာဉ်မှူးများ အမေရိကန်ပြည်ထောင်စု၌ လေ့ကျင့်သင်တန်း တက်ရောက်လျက်ရှိကြသည်။

**ဆင်ဟွာ**

# ဒုက္ခသည်များ ခွဲဝေမှုကို လက်မခံသည့် အဖွဲ့ဝင်သုံးနိုင်ငံအား ဥရောပသမဂ္ဂ တရားစွဲဆိုမည်

**ဘရပ်ဆယ် ဒီဇင်ဘာ ၈**

စစ်ဘေးရှောင် ရွှေ့ပြောင်းဒုက္ခသည်များအား ခွဲဝေကျစနစ်အတိုင်း ခွဲဝေပေးမှုကို ငြင်းဆန်ခဲ့သည့်အတွက် ၎င်းအဖွဲ့ဝင်သုံးနိုင်ငံကို ဥရောပသမဂ္ဂက တရားစွဲဆိုမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများမှ ရွှေ့ပြောင်းဒုက္ခသည်များသည် ဥရောပနိုင်ငံများသို့ နိုင်ငံရေးခိုလှုံခွင့်ရရှိရန် အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းလာခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် ဥရောပသမဂ္ဂက ရွှေ့ပြောင်းဒုက္ခသည် ၁၆၀,၀၀၀ အား ၎င်း၏ အဖွဲ့ဝင် ၂၈ နိုင်ငံကို ဝေမျှပေးမည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် ရွှေ့ပြောင်းဒုက္ခသည် အများအပြားရောက်ရှိနေသည့် အီတလီနှင့် ဂရိနိုင်ငံများကဲ့သို့သော ကမ်းရိုးတန်းနိုင်ငံများ ရင်ဆိုင်နေရသည့် အကျပ်အတည်းကို ကူညီဖြေရှင်းပေးရာ ရောက်သည်။

ဥရောပသမဂ္ဂကော်မရှင်က ၎င်း၏ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကာ ရွှေ့ပြောင်းဒုက္ခသည်များ ခွဲဝေသတ်မှတ်မှုကို လက်ခံခြင်းမပြုသည့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံသုံးနိုင်ငံကို တရားစွဲဆိုမည်ဖြစ်သည်။

အဆိုပါသုံးနိုင်ငံမှာ ပိုလန်၊ ဟန်ဂေရီနှင့် ချက်သမ္မတနိုင်ငံတို့ဖြစ်သည်။

တရားရုံးချုပ်၏ အမိန့်ချမှတ်မှုတွင် နိုင်ငံအတွင်း တက္ကသိုလ်များဆိုင်ရာ အခွင့်အလမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ကန့်သတ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ပြုံချမ်း ဆောင်းရာသီ အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်မည့်သူများ အအေးဒဏ်ကို ခါးစည်းခံရဖွယ်

**ဆိုးလ် ဒီဇင်ဘာ ၈**

တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာမည့်သူများ ခိုက်ခိုက်တုန်အောင် အေးမြလှသည့် အအေးဒဏ်ကို ခါးစည်းခံကြရမည့်အရေး တွေ့ကြုံလာရနိုင်ခြင်းအတွက် မိမိတို့ စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း အားကစားပွဲတော် ကျင်းပရေးကော်မတီ၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ တဘက်တောင်တန်းဒေသ ကွမ်ဝန်စီရင်စုရှိ ပြုံချမ်းမြို့၌ ကျင်းပမည့် ၂၀၁၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်၏ ဖွင့်ပွဲအခမ်းအနားကို လာမည့်နှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြုံချမ်းအိုလံပစ်အားကစားပွဲတော်သည် ဆယ်စုနှစ် သုံးစုတာကာလအတွင်း အအေးမြဆုံး အိုလံပစ်ပွဲတော်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ အကြောင်းမှာ အားကစားပွဲတော်၏ ပင်မအားကစားပြိုင်ပွဲရုံမှာ အမိုးမပါခြင်းကြောင့် ကမ္ဘာ့ခေါင်းဆောင်များအပါအဝင် ဧည့်ပရိသတ်များမှာ ဖွင့်ပွဲအခမ်းအနားကျင်းပချိန်အတွင်း အလွန်အေးမြလှသည့် ရာသီဉတုဒဏ်ကို တွေ့ကြုံခံစားရနိုင်ခြင်းကြောင့်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ရိုက်တာ**

❍ ရခိုင်ပြည်နယ်မှ

(ခ) Mr.Urban Ahlin
Speaker, Chair of the Riksdag Board
Member of the Swedish Parliament

(ဂ) Governor Bill Richardson
Chairman, Richardson Center For Global Engagement
Former Governor of New Mexico and
Former United States Secretary of Energy

(ဃ) Professor Lord Derzi of Denham
Former Parliamentary Under-Secretary of State of Health,
Department of Health
Member of Her Majesty's Most Honourable Privy Council

(င) Mr.Roelof Petrus (Roelf) Meyer
Former Minister of Defence
Former Minister of Constitutional Affairs and Communication
Former Minister of Constitutional Development and Provincial Affairs South Africa

(စ) ဦးဝင်းမြ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဆ) ဦးထွန်းမြတ်
အငြိမ်းစား၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်

(ဇ) ဦးခင်မောင်လေး
အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဈ) ဦးလှမြင့်
သံအမတ်ကြီး (ငြိမ်း)
အဖွဲ့ဝင်၊ အာဆီယံအစိုးရချင်းဆိုင်ရာလူ့အခွင့်အရေးကော်မရှင်

(ည) ဒေါက်တာ ဒေါ်ခင်ညို
ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်

၄။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ အကြံဉာဏ်များပေးနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ Senior Vice President နှင့် Regional Managing Director ဖြစ်သူ သံအမတ်ကြီး Michael Michalak ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

❂ **ကျောဖုံးမှ**

ဖြစ်လာသည့် ပျူရှေးဟောင်းမြို့တော်များ၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ဖြစ်လာသည့် မန္တလေးမဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကျောက်စာများ၊ ပုဂံတွင်ရှိသည့် မြစေတီ(ရာဇကုမာရ်)ကျောက်စာနှင့် ပုဂံရွှေစည်းခုံဘုရားမှ ဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာတို့မှာ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူစရာအလွန်ကောင်းလှသည့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြခဲ့သည့် ပုဂံ-ရွှေစည်းခုံဘုရားမှ ဘုရင့်နောင်ခေါင်းလောင်းစာမှာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ၂၄ ရက်မှ ၂၇ ရက်ထိ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အကြံပေးကော်မတီအစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင် (Memory of the World)အဖြစ် သတ်မှတ်ခံရပြီး ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှစ်သောင်းဘုရားတွင်ရှိသည့် အာနန္ဒစန္ဒြကျောက်စာကိုလည်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းတင်သွင်းရန် အဆိုပြုစာတွဲကို အာရှ-ပစိဖိတ်ဒေသတွင်း မှတ်တမ်း အမွေအနှစ်ကော်မတီသို့ ၂၀၁၇ခုနှစ် သြဂုတ် ၃၁ရက်က တင်သွင်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီသို့ ၂၀၁၈ ခုနှစ် မေလ နောက်ဆုံးထားတင်သွင်းနိုင်ရေးအတွက် ထပ်မံဖြည့်စွက်ပြင်ဆင်မှုများကို ပညာရှင်များက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသနှင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရန် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

တန်ဖိုးကြီးမားလှသည့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို သုတေသနပြု လေ့လာမည်ဆိုပါက ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကဲ့သို့ ရုပ်ဝတ္ထုကို ထိတွေ့ကိုင်တွယ် တွေ့မြင်နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ နားမျက်စိအာရုံခံစားမှုနှင့် ကြားနိုင်မြင်နိုင်သော်လည်း ရုပ်ဝတ္ထု မတည်မြဲ၍ အမြဲတစေ လက်ဆုပ်လက်ကိုင် မပြနိုင်၊ ထိတွေ့ ကိုင်တွယ်မရနိုင်၊ အနုသုခုမဆိုင်ရာ ပညာရပ်များ၊ အသိပညာ အတတ်ပညာများနှင့် ဖန်တီးမှု ရလဒ်များဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာအစဉ်အလာဓလေ့အလိုက် ဆက်ခံထိန်းသိမ်းလာခဲ့ကြသည့်အတွက် နှစ်ပေါင်းထောင်ချီတည်တံ့နေခဲ့ပြီး မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်အောင် ဆောင်ရွက်နိုင်ကြခြင်းဖြစ်ပါကြောင်း၊ ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက် သုတေသနပြုပြီးဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များသာမက တိမ်မြုပ်နေသေးသည့် ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက် သုတေသနပြုကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသား၊ မြန်မာ့ဓလေ့ အစဉ်အလာတို့ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသားအားလုံး၌ တာဝန်ရှိပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီဝင်များ အနေဖြင့် ယဉ်ကျေးမှုနယ်မြေများအတွင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ပြည်ထောင်စု တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဆိုင်ရာအစဉ်အလာ ဓလေ့များကို ရှာဖွေဖော်ထုတ်ရေး၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ သုတေသနပြုရေးနှင့် ဒေသခံများ၏အကျိုးစီးပွား ဟန်ချက်ညီစေရန်၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲနိုင်စေရေးအတွက် မူဝါဒများ ချမှတ်ပေးနိုင်ရန် ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ တွင်ရှိသည့် သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်စေရေးအတွက် မိမိတို့လုပ်ငန်းတာဝန်များတွင် အတူလက်တွဲ ပါဝင်ဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုအား အတည်ပြုနိုင်ရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ငံတကာဆက်ဆံရေးမှူး ဦးမိုးကျော်သန့်က မြန်မာ့ယဉ်ကျေးမှုပန်းချီ အနုပညာဖော်ထုတ် ထိန်းသိမ်းပြသမှု အခြေအနေများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေများ သတ်မှတ်ရာတွင် Boundary Limit ကို Coordinates စနစ်ဖြင့် တိုင်းတာသတ်မှတ်ရန်အတွက် လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌက အကြံပြုချက်များနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများ အောင်မြင်မှုရသကဲ့သို့ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများမှာ တိုင်းပြည်အတွက်ဖြစ်သောကြောင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးပညာရှင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ

ကျော်စိန်(ဇလွန်)

**ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည်**

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်သည်။ ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုအရ နိုင်ငံလွတ်လပ်ရေး ရလာသည့်အခါဖြစ်စေ၊ တော်လှန်ရေးဆင်နွှဲပြီး အောင်ပွဲရလာသည့်အခါဖြစ်စေ၊ ပြောင်းလဲလာသည့် ဒီမိုကရေစီစနစ်၊ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲ၍ တည်ဆောက်ရန် လိုအပ်လာသည့်အခါဖြစ်စေ၊ ပြည်တွင်း ပြည်ပ စစ်ရေးစစ်ရာများကြောင့်ဖြစ်စေ မိမိတို့နိုင်ငံနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလေ့ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ရန် ကတိကဝတ်ပြုသော နိုင်ငံတော်နှင့် နိုင်ငံသားများအကြား ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်ကြီးလည်းဖြစ်သည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို ခွဲခြား၍ ကျင့်သုံးမှုအပါအဝင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေသတ်မှတ်ချက်နှင့်အတူ နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများ လွတ်လပ်စွာပြောဆို ထုတ်ဖော်ခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာ အခြေခံလွတ်လပ်ခွင့် စသည်များကို အာမခံပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို မိမိတို့နိုင်ငံ၏ ဥပဒေစနစ်နှင့်အညီ ကျင့်သုံးကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ အမျိုးအစားများ**

ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် အကြမ်းအားဖြင့် အမျိုးအစား ၆ မျိုးရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည် -

(က) စာဖြင့် တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြု ပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိုသို့ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းထားခြင်းမရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေများ (Codified or Written Constitution and Uncodified or Unwritten Constitution )၊

(ခ) ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေများ (Flexible and Rigid Constitution)၊

(ဂ) ပါလီမန်က အချုပ်အချယ်မရှိ ဥပဒေပြုနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သြဇာခံအဖြစ် ပါလီမန်က ဥပဒေပြုနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ (Supreme Constitution and Subordinate Constitution)၊

(ဃ) ဖက်ဒရယ်စနစ်၊ ပြည်ထောင်စုစနစ်နှင့် တစ်ပြည်ထောင်စနစ် ကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေများ (Federal System, Union System and Unitary System Constitution)၊

(င) ဥပဒေပြုရေး-အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ခွဲခြားကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိုအာဏာများကို ရောထွေးပေါင်းစပ်ကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေများ (Separated Power and Fused Power Constitution)၊

(စ) ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်သူ့ကိုယ်စား အုပ်ချုပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဦးဆံပိုင် ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေများ (Republican Constitution and Monarchial Constitution)၊

> **“ ဖွဲ့စည်းပုံ အခြေခံဥပဒေဟူသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ရန် ကတိကဝတ်ပြုသော နိုင်ငံတော်နှင့် နိုင်ငံသားများ အကြား ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်ကြီးလည်းဖြစ် ”**

**စာဖြင့် တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိုသို့ ရေးဆွဲအတည်ပြုပြဋ္ဌာန်းထားခြင်း မရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေများ**

အထက်ဖော်ပြပါ အခြေခံဥပဒေအမျိုးအစားများအနက် ပထမ အမျိုးအစားဖြစ်သည့် နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေများကို စာဖြင့် တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းသော Codified or Written Constitution များ ရှိကြသကဲ့သို့ စာဖြင့် တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းခြင်း မပြုသော Uncodified or Unwritten Constitution အချို့လည်းရှိသည်။ ဤသို့ စာဖြင့် တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေ အများအပြားရှိသည့် အနက် ၁၇၈၉ ခုနှစ်ကပင် ရေးဆွဲပြဋ္ဌာန်းသည့် အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရှေးဦးအကျဆုံးဖြစ်ပြီး စာလုံးရေ ၄၄၀၀ မျှသာရှိသော တိုတောင်းသည့် အခြေခံဥပဒေဖြစ်ကြောင်း လေ့လာသိရှိရသည်။

နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဟု အမည်တပ်၍ တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းခြင်း မပြုသော အခြေခံဥပဒေသများ (Fundamental Rules) ဖြင့် ကျင့်သုံးသော နိုင်ငံများအနက် ယင်းကဲ့သို့ အခြေခံဥပဒေသများ ကျင့်သုံးသော နိုင်ငံ ၅ နိုင်ငံမှာ ယူနိုက်တက်ကင်းဒမ်း၊ ကနေဒါ၊ နယူးဇီလန်၊ အစ္စရေးနှင့် ဆော်ဒီအာရေဗျတို့ဖြစ်ကြောင်း သိရှိရသည်။ ဤသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စာဖြင့် တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခြင်း မပြုဘဲ ကျင့်သုံးလာခဲ့ရာမှ Codified or Written Constitution အဖြစ် ရေးဆွဲပြဋ္ဌာန်းသည့် နိုင်ငံများလည်းရှိသည်။ ယင်းနိုင်ငံများတွင် ရိုမန်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ ရုရှ၊ ကွင်းစ်လန်း၊ အိုမန်နှင့် လစ်ဗျားတို့ ပါဝင်သည်။

Uncodified Constitution များအနက် အထင်ရှားဆုံးမှာ အင်္ဂလန်နိုင်ငံတွင် ခရစ်နှစ် ၁၂၁၅ ခုနှစ်တွင် ဂျွန်ဘုရင်က လက်မှတ်ရေးထိုး ထုတ်ပြန်သည့် အင်္ဂလန်နိုင်ငံ၏ ကြီးကျယ်မြင့်မြတ်သော လွတ်လပ်ရေး အထူးအခွင့်အရေးပေးသည့် ချာတာ (Great Charter of the Liberties of England) ခေါ် မက်ဂ်နာကာတာ (Magna Carta)ဟူ၍ ရှိခဲ့သည်။ ယင်း မက်ဂ်နာကာတာကို အင်္ဂလန်ပါလီမန်၏ မိခင်ဥပဒေဟု တင်စားခေါ်ဆိုခဲ့ကြသည်။ ထို Magna Carta 1215 ကို ၁၂၁၇ ခုနှစ်နှင့် ၁၂၂၅ ခုနှစ်တို့တွင် ထပ်မံပြုပြင်ထားကြောင်း လေ့လာသိရှိရသည်။

အင်္ဂလန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဟူ၍ မရှိသော်လည်း အဆိုပါ Magna Carta 1215, Bill of Rights 1689, Acts of Union 1707, Parliament Act 1911-1949, European Communities Act 1972, Human Rights Act 1998 နှင့် House of Lords Act 1999 တို့ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါလေ့ရှိသော အချက်များဖြစ်ကြပြီး အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားသည့် ဗြိတိသျှပါလီမန်က လိုအပ်သော ဥပဒေများပြု၍ ဘုရင် သို့မဟုတ် ဘုရင်မက လက်မှတ်ရေးထိုးထုတ်ပြန်ပြဋ္ဌာန်းပြီး ကျင့်သုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

**ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန် ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေများ**

အထက်ဖော်ပြပါ အခြေခံဥပဒေ အမျိုးအစားများအနက် ဒုတိယတစ်မျိုးဖြစ်သည့် ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေ ဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ယေဘုယျအားဖြင့် လွှတ်တော်ကိုယ်စားလှယ်အများစု၏ ဆန္ဒမဲ သို့မဟုတ် ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်လျှင် ပြင်ဆင်ရန် လွယ်ကူသော အခြေခံဥပဒေဟု ခေါ်ဆိုနိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံကျော် ဆန္ဒမဲဖြင့် ပြင်ဆင်ရလျှင် ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေဟု ခေါ်ဆိုကြသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံ နှစ်ပုံကျော် ဆန္ဒမဲရယူရမည့်အပြင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ပြင်ရလျှင် ပို၍ ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေ (More Rigid Constitution)ဟု ခေါ်ဆိုလေ့ ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ခက်ခဲသော ကမ္ဘာ့နိုင်ငံကြီးများအနက် အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ခက်ခဲသော အိမ်နီးချင်းနှင့် အာဆီယံနိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ အာဆီယံနိုင်ငံများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လွယ်ကူသော နိုင်ငံများတွင် ဘရူနိုင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ကြောင်း သိရှိရသည်။

**မြန်မာမင်းများလက်ထက် မြန်မာမင်းအုပ်ချုပ်မှုစာတမ်းများနှင့် ဘုရင့်အမိန့်တော် ပြန်တမ်းများ၊ ရာဇသတ်၊ ဓမ္မသတ်နှင့် ပြဋ္ဌာန်းဥပဒေများ**

မြန်မာမင်းများသည် တိုင်းပြည်ကို အုပ်ချုပ်ရာတွင် မင်းကျင့်တရား ၁၀ ပါး၊ သင်္ဂဟတရား ၄ ပါး၊ အပရိဟာ နိယတရား ၇ ပါး စသည်တို့ကို အခြေခံအားဖြင့် စောင့်ထိန်းခဲ့ကြသည်။ လူမှုဘဝ ပြဿနာအဖုံဖုံကို ဓမ္မသတ်၊ ရာဇသတ်များဖြင့် စီရင်အုပ်ချုပ်ခဲ့ကြသည်။ ဓမ္မသတ်များမှာ ထိမ်းမြားလက်ထပ်ရေး၊ ကွာရှင်းရေး၊ အမွေခွဲရေး၊ ဓလေ့ထုံးတမ်းနှင့် နစ်နာမှုလျော်ကြေးဆိုင်ရာ စသည့် တရားမ မှုခင်းကိစ္စများကို စီရင်ဆုံးဖြတ်ရန်ဖြစ်သည်။ ရာဇသတ်မှာ ဘုရင့်အမိန့်တော် ပြန်တမ်းများဖြစ်ပြီး နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး စသည့် ကိစ္စများအတွက် ပြဋ္ဌာန်းထားသော ရာဇဝတ်ဥပဒေများဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် တရားမဌာနနှင့် ရာဇဝတ်ဌာနတို့အပြင် ဥပဒေပြုဌာနတို့ကိုပါ ဖွဲ့စည်းပြီး ဥပဒေပေါင်း ၁၃၀ ကျော်ခန့် ပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောအရ Uncodified or Unwritten Constitution များဖြစ်သော မြန်မာမင်းအုပ်ချုပ်မှုစာတမ်းများ၊ ဘုရင့်အမိန့်တော် ပြန်တမ်းများနှင့် ရာဇဓမ္မသင်္ဂဟကျမ်း စသည်ဖြင့် အုပ်ချုပ်ခဲ့ကြောင်း လေ့လာသိရှိရသည်။ ထိုခေတ်ကာလ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသော အမည်ဖြင့် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့ကြောင်း မတွေ့ရှိပါ။

**မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီး ကျင့်သုံးပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေများ**

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် လွတ်လပ်ရေးရပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ခု ဖြစ်သော ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်က အတည်ပြုပြီး လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ပြဋ္ဌာန်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တို့ကိုသာ အသိများကြသည်။

မြန်မာနိုင်ငံသည် ၁၉၃၇ ခုနှစ်မတိုင်မီ အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် ထားရှိခဲ့သည့် ဗြိတိသျှကိုလိုနီခေတ်တွင် ဗြိတိသျှပါလီမန်က ဖွဲ့စည်းပုံအခြေခံဥပဒေသဘော ပြဋ္ဌာန်းသော The Government of India Act, 1919 (၁၉၁၉ ခုနှစ်၊ အိန္ဒိယစီရင်အုပ်ချုပ်မှုအက်ဥပဒေ) ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့သေးသည်။ အဆိုပါ ၁၉၁၉ ခုနှစ် အက်ဥပဒေကို မြန်မာနိုင်ငံ၌ ၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် စတင် ကျင့်သုံးကြောင်း သိရှိရသည်။ ထို ၁၉၁၉ ခုနှစ်၊ အက်ဥပဒေမတိုင်မီ ၁၈၀၀ မှ ၁၉၁၂ ခုနှစ်အထိ ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းသော အိန္ဒိယ စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါင်း ၁၁ ခု ရှိသေးသည်။ သို့ရာတွင် ထိုအက်ဥပဒေများမှာ အိန္ဒိယတွင်သာ ကျင့်သုံးပြီး မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် အထောက်အထားများ မတွေ့ရှိပါ။

ထို့ပြင် မြန်မာနိုင်ငံသည် အိန္ဒိယ၏ ပြည်နယ်ဘဝမှ ခွဲထွက်ပြီးချိန်မှ လွတ်လပ်ရေးမရမီအထိ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောသက်ရောက်သည့် အက်ဥပဒေနှင့် စည်းမျဉ်းဥပဒေတို့ ၂ ခုရှိခဲ့သည်။ ၎င်းတို့မှာ ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းသည့် The Government of Burma Act, 1935နှင့် ဂျပန်ခေတ် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့၌ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပြီး မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်တွင် ဥပဒေအမှတ် ၁ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေတို့ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ အထက်တွင် ဖော်ပြထားသည့် အက်ဥပဒေနှင့် စည်းမျဉ်း ဥပဒေများအပါအဝင် လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောပြဋ္ဌာန်း၊ ကျင့်သုံးခဲ့သော အောက်ပါ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ စုစုပေါင်း ၆ ခုရှိကြောင်း လေ့လာသိရှိရသည် -

(က) ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းသည့် ၁၉၁၉ ခုနှစ်၊ အိန္ဒိယ စီရင်အုပ်ချုပ်မှုအက်ဥပဒေ (The Government of India Act, 1919)၊

(ခ) ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းသည့် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင် အုပ်ချုပ်မှု အက်ဥပဒေ (The Government of Burma Act, 1935)၊

(ဂ) မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့် မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်း ပြုလုပ်သောဥပဒေ (၁၉၄၃ ခုနှစ်)၊

(ဃ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်)၊

(င) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)၊

(စ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)။

မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ သဘောပြဋ္ဌာန်း၊ ကျင့်သုံးခဲ့သော ဖော်ပြပါ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း ၆ ခုနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံအမျိုးအစား၊ အနေအထားနှင့် ယင်းဥပဒေတို့အရ ဥပဒေများ အာဏာသက်ရောက်စေခြင်းနှင့် တည်ဆဲဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့် မဆန့်ကျင်သရွေ့ ဆက်လက်အာဏာတည်ရှိစေခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များ စသည်တို့ကို နိုင်ငံရေး၊ အုပ်ချုပ်ရေးသမိုင်းနှင့် ယှဉ်၍ အကျဉ်းချုပ်ပြီး ဆက်လက်ဖော်ပြပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်



**နေပြည်တော်   ဒီဇင်ဘာ   ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းရိပ်ရှိ ရဲအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၇၀၇၆) ဗိုလ်လောင်း စံရဲကျော်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၇၀၉၇) ဗိုလ်လောင်း ဇင်ကိုထက်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၇၀၆၀) ဗိုလ်လောင်း ကျော်ဇင်သန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် မိမိတို့တပ်မတော်ကို ခေတ်မီပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ်တည်ဆောက်ရာ "အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အင်ဂျင်နီယာအတတ်ပညာဖြင့် တိုက်စွမ်းအားမြှင့်တင်ရန် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ တိုက်စွမ်းရည်ရှိရန်လည်း ထိရောက်သည့် လေ့ကျင့်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ လေ့ကျင့်ရေးဖြင့်တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကိုပါ လေ့ကျင့်ပေးပြီး တပ်မတော်၏ လုပ်ငန်းစဉ်(၃)ရပ်ဖြစ်သည့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့်အတိုင်း လေ့လာမှတ်သားမှုများ၊ လေ့ကျင့်မှုများ အမြဲမပြတ်ဆောင်ရွက်ပြီး ရရှိထားသည့် လေ့လာထားမှု၊ လေ့ကျင့်မှုများအတိုင်း လုပ်ငန်းခွင်တွင် လိုက်နာဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရမည့် အင်ဂျင်နီယာအတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ခေတ်ကာလတွင် သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်မှုနှင့်အတူ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည့်အတွက် နည်းပညာဖွံ့ဖြိုးသည့်နိုင်ငံနှင့် နည်းပညာမဖွံ့ဖြိုးသည့်နိုင်ငံများအကြား ကွာဟမှုသည် နိုင်ငံ၏အချုပ်အခြာအာဏာထိပါးခံရမှု၊ ဆုံးရှုံးနိုင်မှုတို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက နည်းပညာအခြေပြု ခေတ်မီတပ်မတော်တည်ဆောက်ရေးကို အပြိုင်အဆိုင် လုပ်ဆောင်နေကြသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ခေတ်မီတပ်မတော်တည်ဆောက်မှုများကို လေ့လာကြည့်လျှင် စစ်မှုသိပ္ပံနှင့်နည်းပညာ ပြောင်းလဲတိုးတက်မှုများအရ တပ်မတော်ကို အဆင့်မြှင့်တင်ခြင်း၊ ကျင့်သုံးသည့် စစ်ဆင်မှုသဘောတရား ပြောင်းလဲခြင်းများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်ကိုပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ပြောင်းလဲမှုများ၊ ကျင့်သုံးသည့် နိုင်ငံရေးစနစ်အပေါ်တွင်မူတည်ပြီး အတွေးအခေါ်အယူအဆများ၊ ခြိမ်းခြောက်မှုများ၊ လုံခြုံရေးဆိုင်ရာ အယူအဆများလည်း လိုက်ပါပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် စစ်ပညာနှင့်ပတ်သက်ပြီး ပြည့်စုံပြီးမြောက်အောင် ဖြည့်ဆည်းရန်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့် အဆင့်မြင့်နည်းပညာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် စဉ်ဆက်မပြတ် လေ့လာသုတေသနပြု တီထွင်နေရန်လိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုဖော်ဆောင်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ခိုင်ခိုင်မာမာ တည်ရှိနေရန်လိုကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို မည်သည့်အခါမှ အထိအပါး အပွန်းအပဲ့ခံမည်မဟုတ်ဘဲ အမြဲဦးထိပ်ပန်ဆင်ပြီး ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်၏ သမိုင်းပေးတာဝန် တစ်ရပ်လည်းဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာလျှင် မမျှော်မှန်းနိုင်သည့်ရလဒ်ဆိုးများ ပေါ်ပေါက်လာနိုင်ပြီး ဘယ်ခေတ်၊ ဘယ်စနစ်တွင်ဖြစ်စေ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် ထာဝရလိုအပ်နေသည့် ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်ရှိ ပညာတန်ဆောင်ခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသ တိုင်းရင်းသား လေ့လာရေးအဖွဲ့များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော်   ဒီဇင်ဘာ   ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ရောက်ရှိနေသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသားလူငယ်များသည် လေ့လာရေးအစီအစဉ် စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(MWD)၊ အမျိုးသားပြတိုက်၊ ဥတ္တရသီရိမြို့နယ် Ocean Shopping Center တို့သို့ သွားရောက်လေ့လာခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းသို့ ရောက်ရှိကြပြီး အားကစားနည်းအလိုက် လေ့ကျင့်နေမှုများ၊ မြန်မာ့အားကစားမော်ကွန်းခန်းမ၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲဝင် အားကစားနည်းများပြခန်း၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိသူများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။



ထို့နောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(MWD)သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြဝတီရုပ်မြင်သံကြား၏ သမိုင်းကို ဗီဒီယိုပရိုဂျက်တာဖြင့် ပြသခဲ့ပြီးနောက် တိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုများကို ဖလှယ်ခြင်းအစီအစဉ်အရ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ လေ့လာရေးအဖွဲ့များသည် မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရေး စက်ရုံအတွင်းရှိ သတင်းရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ သတင်းထုတ်ပြန်ခြင်း ဆောင်ရွက်နေမှုများကို လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်နှင့် ဥတ္တရသီရိမြို့နယ် Ocean Shopping Center သို့ သွားရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေး MFF ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

**ရန်ကုန်   ဒီဇင်ဘာ   ၈**

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF)၏ (၁၃)ကြိမ်မြောက် ကောင်စီအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပရာ အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် ၂၀၁၈ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယဆူဇူကီးဖလားပြိုင်ပွဲအပါအဝင် အမျိုးသား အမျိုးသမီး သက်တမ်းလိုက်ပြိုင်ပွဲများ၊ လူငယ်စီမံကိန်းများ၊ ဖီဖာ ကမ္ဘာ့အဆင့်ပြိုင်ပွဲများကို အာဆီယံနိုင်ငံများမှ အတူတကွ အိမ်ရှင်ကျင်းပပြုလုပ်ရေးကိစ္စများကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ဦးဇော်ဇော်နှင့် ဦးကိုကိုသိန်းတို့သည် ဂျပန်နိုင်ငံ၌ ကျင်းပသည့် အရှေ့အာရှနိုင်ငံများ ဘောလုံးအဖွဲ့ချုပ် (EAFF)နှင့် အာဆီယံ ဘောလုံးအဖွဲ့ချုပ်(AFF)တို့ ဒေသတွင်း ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကိုလည်း တက်ရောက်ခဲ့သည်။ အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်သည့်ကိစ္စရပ်များအား ပံ့ပိုးကူညီမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (United Nations Office on Drugs and Crime - UNODC) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Program -UNDP) တို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်သော ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်လာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးအပိုင်းတို့တွင် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (United Nations Convention Against Corruption-UNCAC) ၏ အဓိကကျသည့် အခန်းကဏ္ဍကို သိရှိနားလည်စေရန်အတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၅၈/၄ တွင် ဒီဇင်ဘာ ၉ ရက်အား "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့" အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် UNCAC ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာစေရန် ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့ပါကြောင်း၊ ယင်းသို့အတည်ပြုလိုက်ခြင်းသည် အဂတိလိုက်စားမှုကင်းစင်သည့် လူ့အသိုက်အဝန်းတစ်ခု ဖြစ်လာရေး အဖွဲ့ဝင်နိုင်ငံအားလုံး၏ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ရန် အရေးကြီးသည်ကို ကမ္ဘာကို အသိပေးကြေညာလိုက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်နှင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်ဆိုသည့် ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဖို့ အားစိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပညာပေးအစီအစဉ်များကို ကျောင်းသားလူငယ်များသာမက အခြေခံလူတန်းစားများအထိပါ ပျံ့နှံ့ရောက်ရှိစေရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပညာပေးအစီအစဉ်၏ ကနဦးခြေလှမ်းအဖြစ် ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်းပြီး အခြေခံပညာအဆင့် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများ စီစဉ်ကျင်းပကာ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် UNODC ရုံး၏ မြန်မာနိုင်ငံအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ် ခွဲ-၂ အောက်မှ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ်ကို ၂၀၁၉ ခုနှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင်လည်း မိမိတို့ကော်မရှင်နှင့် UNODC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလေးနက် အားကောင်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ကော်မရှင်သည် UNDP နှင့် လက်တွဲ၍ မြန်မာနိုင်ငံရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံအဆောက်အအုံများအပေါ် လေ့လာဆန်းစစ်ခြင်း လုပ်ငန်းတစ်ရပ်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့(TI)မှ ထုတ်ပြန်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု အညွှန်းကိန်း(CPI Index)အရ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၅၇ ရရှိခဲ့ရာမှ မိမိတို့ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများကြောင့် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၃၆ ထိ တိုးတက်ရောက်ရှိခဲ့ပါကြောင်း၊ သို့သော်လည်း CPI အဆင့် ပိုမိုကောင်းမွန်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် လိုအပ်နေသေးပါကြောင်း၊ ထို့ပြင် ကော်မရှင်၏ ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန် ပြင်ဆင်နေပါကြောင်း၊ စီမံချက်တွင် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့သာမက ပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများအပါအဝင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက်ပါ ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အဂတိတိုက်ဖျက်ရေး ဥပဒေမူဘောင်များကိုလည်း အားကောင်းလာစေရေးအတွက် ဥပဒေပြုအဖွဲ့အစည်းများသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNODC မှ Regional Office for Southeast Asia and the Pacific မှ Regional Representative Mr. Jeremy Douglas နှင့် UNDP မှ Deputy Country Director Ms. Dawn Del Rio တို့က အမှာစကားပြောကြားပြီး ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ သိသင့်သိထိုက်သည့်အချက်များကို ပြည်သူများ သိရှိနိုင်ရေးအတွက် Video Clips ဖိုင်ဖြင့် ဖွင့်လှစ်ပြသသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အထက်တန်းအဆင့် "အဂတိကင်းကွာ ပြည်သာယာ" ဆောင်းပါးနှင့် အလယ်တန်းအဆင့် "အဂတိတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြစို့" စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိခဲ့ကြသည့် နေပြည်တော် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့ကို ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု တစ်ဆုချင်းစီနှင့် နှစ်သိမ့်ဆု သုံးဆုစီတို့ဖြင့် စုစုပေါင်း ဆု ၁၂ ဆုအား ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်သည့် ကိုယ်စားလှယ်များစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ပြသထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းနှင့် ဆောင်းပါးများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGOs များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးဖို့ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်

**အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



ဦးဟန်ညွန့်



ဦးခင်မောင်မြင့်



ဒေါ်လဲ့လဲ့သွင်

**ဦးဟန်ညွန့်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်**

ကော်မရှင်ရဲ့ သမိုင်းကြောင်းကို ဦးစွာပထမ တင်ပြချင်ပါတယ်။ ဦးအောင်ကြည်က ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီ ခြောက်ရပ်ကိုလည်း ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှာ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဖွဲ့စည်းခဲ့တဲ့ ကော်မတီတွေကတော့ မူဝါဒ၊ နိုင်ငံတကာ၊ ဥပဒေ၊ တိုင်ကြားစာ၊ ဝန်ထမ်းရေးရာနဲ့ ပြန်ကြားရေးကော်မတီတို့ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ပြန်ကြားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပါတယ်။ ပြန်ကြားရေးလုပ်ငန်းကော်မတီမှာ အဖွဲ့ခေါင်းဆောင်အဖြစ် ကျွန်တော်က ဆောင်ရွက်ပြီးတော့ ကော်မရှင်အဖွဲ့ဝင်အနေနဲ့ ဦးခင်မောင်မြင့်နဲ့ ဒေါ်လဲ့လဲ့သွင်တို့ဖြစ်ပါတယ်။ ပြန်ကြားရေးလုပ်ငန်းကော်မတီမှာ စုစုပေါင်း သုံးဦးပါရှိပါတယ်။

ပြန်ကြားရေးလုပ်ငန်းကော်မတီရဲ့ လုပ်ဆောင်ရမယ့် နည်းလမ်းတွေလည်း ချမှတ်ထားပါတယ်။ ပြဋ္ဌာန်းဥပဒေရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်အောင် ပြန်ကြားရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပဒေရဲ့ အားသာချက်၊ အားနည်းချက်တွေကို အလျဉ်းသင့်သလို ကျွန်တော်တို့ ကော်မတီက စိစစ်လေ့လာပြီးတော့ အများပြည်သူကို တင်ပြသွားမှာဖြစ်ပါတယ်။ လူထုအတွင်းမှာ ပညာပေးတဲ့ အစီအစဉ်တွေကို ပြန်ကြားရေးကော်မတီက ချပြဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကို အစဉ်အမြဲ လုပ်ဆောင်တဲ့ နည်းလမ်းတွေကို စေစီးစွာ တင်ပြလမ်းညွှန်မှုခံယူပြီးတော့ လုပ်ငန်းကော်မတီက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးအချက်က ကျွန်တော်တို့ ဒီနေ့ တက်ရောက်လာကြတဲ့ အားလုံးသော သတင်းမီဒီယာများနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ပြန်ကြားရေးလုပ်ငန်းကော်မတီက လုပ်ငန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကော်မရှင်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ လုပ်ငန်းတွေကို ဒီနေ့အခမ်းအနားမှာ လက်ကမ်းစာစောင်တွေ ဝေငှထားပါတယ်။ လက်ကမ်းစာစောင်ထဲမှာ အများပြည်သူသိရှိသင့်၊ သိရှိထိုက်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်တဲ့ ဥပဒေ ဗဟုသုတအချက်အလက်တွေကိုလည်း ပြည့်ပြည့်စုံစုံသိအောင် တင်ပြထားပါတယ်။ ဒီလိုတင်ပြထားပေမယ့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဘက်က အားနည်းတာတွေ၊ ချို့ယွင်းတာတွေလည်း ပြည်သူလူထုဘက်က သိချင်တာတွေ ရှိမှာဖြစ်ပါတယ်။ ဒီလို အချက်အလက်တွေကိုတော့ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သမျှ စိစစ်လေ့လာပြီးတော့ အများပြည်သူကို တင်ဆက်သွားမှာဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေနဲ့အညီ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အားနည်းချက်၊ အားသာချက်တွေကတော့ အမြဲတမ်းရှိနေမှာပဲဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲစေလိုတဲ့ ပြည်သူတွေရဲ့ ဆန္ဒတွေကိုလည်း အစဉ်တစိုက် လေ့လာနေမှာဖြစ်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နဲ့ ပတ်သက်ပြီး တစ်နေ့တည်း၊ တစ်ချိန်တည်း တင်ပြဆွေးနွေးလို့ မရနိုင်ပါဘူး။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ပတ်သက်တဲ့ အများပြည်သူ သိသင့်သိထိုက်တဲ့ ဗဟုသုတတွေ၊ သတင်းတွေကို အချိန်မရွေး ကျွန်တော်တို့ရုံးကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ဒီလိုမေးမြန်းတဲ့အခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဟာ နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက် အုပ်စု(၁) နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းမှာ တည်ရှိပြီးတော့ ကျွန်တော်တို့ရဲ့ ညွှန်ကြားရေးမှူးဖြစ်တဲ့ ဦးထွန်းထွန်းဝင်း ဖုန်း- ၀၉-၄၄၈၅၃၄၀၁၅ နဲ့ ရုံးဖုန်း- ၀၆၇-၈၁၀၃၃၄၃ ကို ဆက်သွယ်ပြီး အသေးစိတ် သိချင်တဲ့ အချက်တွေကို မေးမြန်းနိုင်ပါတယ်။

**ဦးခင်မောင်မြင့်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်**

ပြည်သူတွေအနေနဲ့ ကော်မရှင်ကို တင်ပြတိုင်တန်းလာတဲ့ အကြောင်းအရာ၊ တိုင်တန်းစာတွေနဲ့ ပတ်သက်တဲ့ အပိုင်းကို တင်ပြသွားမှာဖြစ်ပါတယ်။ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ အရေးကြီးသက်သေခံချက်တွေ မပါရှိတာကြောင့် အမှုကို ဆက်လက်စစ်ဆေးဖို့ အခက်အခဲရှိတဲ့အတွက် အမှုတွဲတွေကို မှတ်တမ်းအဖြစ် တွဲနေရတာတွေ ရှိပါတယ်။ ထို့အတူပဲ မိတ္တူတိုင်ကြားစာတွေ၊ တိုင်ကြားသူကို အတည်မပြုနိုင်တဲ့ အချက်တွေကြောင့် ပစ်စာတွေကို မှတ်တမ်းတွဲခြင်းတွေကိုလည်း ဆောင်ရွက်နေရပါတယ်။

ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ နစ်နာချက်တွေ၊ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတွေကို တင်ပြတိုင်တန်းသည်မှာ မှန်ပေမယ့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၂(ခ)(ဂ)အရ ဥပဒေနှင့် မညီတဲ့အပိုင်းတွေ ပါဝင်မှုကြောင့် ဆက်လက်စုံစမ်း စစ်ဆေးခြင်းမပြုရဆိုပြီး တားမြစ်ထားပါတယ်။

ဒါကြောင့် ဥပဒေနဲ့ညီညွတ်ပြီး တင်ပြတိုင်တန်းမှု မှန်မှန်ကန်ကန်တင်ပြနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ လိုအပ်မယ့် အချက်အလက်တွေကို အကျဉ်းအားဖြင့် ပြန်ကြားရေးကော်မတီကိုယ်စား တင်ပြလိုပါတယ်။

စာမျက်နှာ ၉ သို့ ○



# လောင်းလုံးမြို့နယ်၌ လူထုငြိမ်းချမ်းရေးဟောပြောပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**လောင်းလုံး ဒီဇင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပန်းဒလဲကျေးရွာနှင့် မောင်းမကန်ကျေးရွာတို့၌ ယနေ့တွင် လူထုငြိမ်းချမ်းရေးဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

လောင်းလုံးမြို့နယ် ပန်းဒလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနံဘေးလယ်ကွင်းပြင်၌ ယနေ့နံနက် ၇ နာရီခွဲတွင် လူထုငြိမ်းချမ်းရေးဟောပြောပွဲကို ပြုလုပ်ရာ ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောကြသည်။ ဟောပြောပွဲသို့ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ကြသည်။

ဆက်လက်၍ လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ကားလမ်းမပေါ်၌ လူထုငြိမ်းချမ်းရေးလှုပ်ရှားမှုဟောပြောပွဲနှင့် တေးဂီတဖျော်ဖြေပွဲကိုပြုလုပ်ရာ တေးသံရှင်ကာကာ၊ ဘယ်ဝါ၊ ဘိုဘိုထွဋ်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မစုစုလှိုင်(ကံပေါက်)က ပန်းကလေးများ ငြိမ်းချမ်းပါစေ ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုခြင်း၊ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောခြင်းများ ပြုလုပ်ကြသည်။

အဆိုပါဟောပြောပွဲသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေးနှင့် ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်အားပေးခဲ့သည်။

မောင်းမကန်ကျေးရွာ မောင်းမကန်ကမ်းခြေ၌ မွန်းတည့် ၁၂ နာရီတွင် လူထုငြိမ်းချမ်းရေးလှုပ်ရှားမှု (ရက်သတ္တပတ်) လူထုငြိမ်းချမ်းရေးဟောပြောပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ကျင်းပရာ တေးသံရှင်များက "ငြိမ်းချမ်းပါစေမြန်မာပြည်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ၈၈ မျိုးဆက်(ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ဦးဂျင်မီနှင့် ဦးမင်းကိုနိုင်တို့က ဟောပြောခဲ့ကြသည်။**(အပေါ်ပုံ)**

ဟောပြောပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေးနှင့် ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**လောင်းလုံး(ပြန်/ဆက်)**

# ပညာရည်ချွန်ဆုပေးပွဲနှင့် School Family Day အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

ပညာရည်ချွန်ဆုပေးပွဲနှင့် School Family Day အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မယင်းကြီး(အမက)ကျောင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ ရှေးဦးစွာ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဒုတိယမြို့နယ်ပညာရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စံပြဆု၊ ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအဆင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက အကဒေသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုမင်း၊ ရှိုင်းကို**



**❖ ချင်းတွင်းမြစ်ဝှမ်းမှ**

မြစ်ဘေးမှာရှိတဲ့ အင်းတွေ၊ အိုင်တွေထဲကိုဝင်ပြီးတော့ ဥပေါက်မယ်၊ မျိုးချမယ်၊ သားပေါက်ပြီး ကြီးထွားမယ်၊ ပြီးတော့မှမြစ်ထဲကို ပြန်ဝင်လာတယ်၊ အဲဒီတော့ အင်းတွေ အိုင်တွေပျက်ရင် မြစ်ကြောင်းထဲမှာရှိနေတဲ့ ငါးတွေကလည်း လျော့ကျပြီးတော့မှ ပျက်စီးလျော့နည်းသွားမှာဖြစ်ပါတယ်၊ ဇီဝမျိုးစုံမျိုးကွဲကိုလေ့လာတဲ့ ဂေဟစနစ်ဆိုတဲ့အခါမှာ ဝန်ဆောင်မှုတွေဟာ အင်းတွေမှာ ဘယ်လောက်အထိ လျော့ကျသွားပြီလဲ၊ ချင်းတွင်းမြစ်တစ်လျှောက်လုံးမှာ ဂေဟစနစ်ဝန်ဆောင်မှု ဘယ်လောက်အထိ လျော့ကျသွားပြီလဲ၊ ဒါတွေကို ဆက်စပ်ပြီးတော့မှ လေ့လာသွားဖို့ရှိပါတယ်" ဟု မြန်မာ့ဝန်းကျင်သိပ္ပံ(MEI)ဥက္ကဋ္ဌ ဒေါက်တာဝင်းမောင်က ပြောသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးများမြင့်တက်ရေး စီမံကိန်းကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ လုပ်ဆောင်လျက်ရှိရာ ယခုအခါတွင် စီမံကိန်း ဒုတိယနှစ်သက်တမ်းတွင် ဇီဝမျိုးစုံမျိုးကွဲများ သုတေသနပြုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

○ **စာမျက်နှာ ၈ မှ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တင်ပြတိုင်တန်းစာပေးပို့ တင်ပြခဲ့ရင် နံပါတ်တစ်အနေနဲ့ တရားလိုနစ်နာသူရဲ့ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ တရားလိုသို့မဟုတ် နစ်နာသူရဲ့ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပါဝင်သင့်ပါတယ်။

နံပါတ်နှစ်က စွပ်စွဲခံရသူ၊ တိုင်တန်းခံရသူရဲ့ အမည်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ရုံး၊ လုပ်ငန်း၊ ဌာနကို ဖော်ပြသင့်ပါတယ်။

နံပါတ်သုံးက မည်သည့်ကိစ္စရပ်ကြောင့် တိုင်တန်းရတာဖြစ်ကြောင်း တင်ပြချက်မှာလည်း ပါဝင်သင့်ပါတယ်။

နံပါတ်လေးက သက်သေ၊ သက်သေခံအထောက်အထားအပြည့်အစုံ၊ ခိုင်လုံတဲ့ အချက်အလက်တွေ ပါဝင်သင့်ပါတယ်။ လူသက်သေ၊ မျက်မြင်သက်သေ၊ အတူလိုက်ပါသူ၊ ကြုံကြိုက်သက်သေတွေရဲ့ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဖုန်းနံပါတ်ရှိရင် ဖုန်းနံပါတ်ပါဝင်သင့်ပါတယ်။ စာရွက်စာတမ်းသက်သေ၊ စာချုပ်စာတမ်းမိတ္တူ၊ ကတိပြုစာတမ်းမိတ္တူ၊ ဓာတ်ပုံ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ မိတ္တူတို့လည်း ပါဝင်သင့်ပါတယ်။ ဝတ္ထုပစ္စည်းနဲ့ပတ်သက်လို့ စိန်၊ ရွှေ၊ ငွေ၊ ဝတ္ထုပစ္စည်း၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေး၊ သက်သေအထောက်အထား အတိအကျ ပါဝင်သင့်ပါတယ်။

နံပါတ်ငါးအနေနဲ့ နေရာ(မြင်ကွင်း)ဖြစ်ပါတယ်။ ဘယ်နေရာမှာ ပေးတာ၊ ယူတာ၊ တောင်းတာ၊ ကတိပြုတာတွေကို အတိအကျဖော်ပြပါရှိရပါမယ်၊ ဒါမှသာ ကော်မရှင်အနေနဲ့ လက်ရှိအမှုအဖြစ်အပျက်၊ အနေအထား၊ ခိုင်မာစွာတည်ရှိမှု၊ နိုင်ငံတော် ဘဏ္ဍာငွေဆုံးရှုံးမှုတွေကို စုံစမ်းထောက်လှမ်းပြီး ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ဒီဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လိုအပ်တဲ့ အကူအညီတွေကို သက်ဆိုင်ရာ အစိုးရဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ သင့်လျော်တဲ့ပုဂ္ဂိုလ်တွေထံက ရယူဆောင်ရွက်သွားဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(င)မှာ ဖော်ပြပါရှိပါတယ်။

ထို့အတူပဲ အဂတိလိုက်စားမှုကြောင့် ဖြစ်စေ၊ အဂတိလိုက်စားမှုနဲ့ ကြွယ်ဝချမ်းသာလာမှုနဲ့ဖြစ်စေ၊ ခိုင်လုံတဲ့အထောက်အထားနဲ့ သတင်းပေးတိုင်တန်းတဲ့အတွက် ဖော်ထုတ်အရေးယူနိုင်တဲ့ကိစ္စမှာ သတင်းပေးသူကို လိုအပ်တဲ့ အကာအကွယ်ပေးခြင်းနဲ့ သတ်မှတ်သော ဆုငွေချီးမြှင့်ပေးခြင်းတွေနဲ့ ပတ်သက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဈ)မှာ ပြဋ္ဌာန်းပါရှိပါတယ်။

နိုင်ငံတော်ရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ဖို့ ရည်ရွယ်ချက်မှာ ထည့်သွင်းဖော်ပြပြီးဖြစ်ပါတယ်။

အဂတိလိုက်စားမှုတွေကြောင့် နိုင်ငံတော်ပိုင် ပစ္စည်းတွေ၊ ငွေကြေး၊ လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးဖို့ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဆောင်ရွက်တာ ရက်ပိုင်း၊ လပိုင်းပဲ ရှိသေးတဲ့အတွက် အခုတော့ အမှု ၂၀ လောက်ပဲ ရှိပါသေးတယ်။ ပြီးခဲ့တဲ့ သက်တမ်းမှာတော့ အမှုအတော်တော်များတယ်လို့ သိရပါတယ်။ အမှု ၄၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ တိုင်ကြားစာတွေမှာ ခုနက ပြောခဲ့သလိုပဲ လိပ်စာအပြည့်အစုံမပါတာမျိုး၊ စွပ်စွဲခံရသူရဲ့ လိပ်စာအပြည့်အစုံ မပါတာမျိုး၊ ဟိုရောက်လို့ ကွင်းဆင်းစစ်ဆေးတဲ့အခါကျတော့ တရားလို ရှာမတွေ့တာမျိုး၊ တရားပြိုင်ရှာမတွေ့တာမျိုးတွေ ဒီအချက်တွေရှိပါတယ်။ အဓိကသက်သေအထောက်အထားတွေမပါတဲ့အတွက် အမှုတွဲမှာ တွဲပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့တွေကို ပြန်လည်ချပေးမရတဲ့ အနေအထားတွေ ရှိနေပါတယ်။

**ဒေါ်လဲ့လဲ့သွင်**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်-၂၃ နဲ့ ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်က ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေမှာတော့ ရည်ရွယ်ချက် ခြောက်ခုနဲ့ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်အောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ခါ အများပြည်သူနဲ့ဆိုင်တဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ရဲ့ နိုင်ငံနဲ့ လူတွေရဲ့ဂုဏ်သိက္ခာ မြင့်မားဖို့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ အဂတိလိုက်စားမှု လုပ်တဲ့သူတွေ၊ ကျူးလွန်တဲ့သူတွေကိုလည်း ထိထိရောက်ရောက် အရေးယူဖို့ဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းတွေ၊ ဥပဒေပိုင်းတွေ၊ တရားဥပဒေစိုးမိုးရေးအပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ ပိုမိုမြင့်မားလာဖို့၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးတွေနဲ့ ပတ်သက်ပြီး တိုးတက်လာအောင် ဆောင်ရွက်ဖို့ ရှိပါတယ်။

ကျွန်မတို့ လုပ်ငန်းတွေကို ၂၃ ရက်ကနေစပြီး တာဝန်ပေးတဲ့အတွက်ကြောင့် ကျွန်မတို့ အဂတိလိုက်စားမှုကော်မရှင်မှာ ကော်မတီ(၆)ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်။ အဲဒီကော်မတီ(၆)ရပ်ထဲမှာတော့ ကျွန်မအနေနဲ့ ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်အဖြစ်နဲ့ ဆောင်ရွက်နေပါတယ်။ ကျွန်မတို့က ဒီရည်ရွယ်ချက်တွေကို အခြေခံပြီးတော့ ပြန်ကြားရေးလုပ်ငန်းကော်မတီကနေ ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းစဉ်တွေကို ချမှတ်ထားပါတယ်။ ချမှတ်ထားတဲ့ လုပ်ငန်းတွေကတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေရဲ့ ရည်ရွယ်ချက်တွေအောင်မြင်ဖို့၊ ဥပဒေမှာရှိတဲ့ အားသာချက်၊ အားနည်းချက်တွေကို အလျဉ်းသင့်သလို စိစစ်ပြီးတော့ ကျွန်မတို့ တင်ပြပေးပါမယ်။ လူထုအဖွဲ့အစည်းမှာ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါမယ်။ အခု လမ်းညွှန်ထားတဲ့ ဥက္ကဋ္ဌကိုလည်း ကျွန်မတို့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ဆောလျင်စွာတင်ပြပြီး လမ်းညွှန်မှုတွေ ခံယူပါမယ်။ သတင်းမီဒီယာတွေနဲ့တွဲပြီး ဆောင်ရွက်ပါမယ်။ အဲဒီလုပ်ငန်းတွေကို ရှေ့ဆက်လုပ်မယ်ဆိုပြီး ချမှတ်ထားပါတယ်။

ရှေ့ဆက်ပြီးလုပ်မယ့် လုပ်ငန်းတွေထဲမှာ အဓိကကတော့ လူထုကို ပိုပြီးပညာပေးတဲ့လုပ်ငန်းတွေကို လုပ်နိုင်မှ ဒီအဂတိလိုက်စားမှုတိုက်ဖျက်ရေးက ပိုမိုထိရောက်မယ်လို့လည်း ယူဆပါတယ်။ လူထုပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်မယ်ဆိုရင် နေရာအသီးသီးမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်တဲ့ဆောင်ပုဒ်တွေ၊ ဆိုင်းဘုတ်တွေကို ပြည်သူလူထုနားလည်တဲ့ပုံစံမျိုးနဲ့ လုပ်ရမယ်။ ရုပ်မြင်သံကြားကနေ ပညာပေးဇာတ်လမ်းတွေလုပ်မယ်။ အဲဒီဇာတ်လမ်းတွေထဲမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုတာ ဖြစ်လာမယ့် အပြစ်တွေနဲ့ ပြစ်ဒဏ်ကို ဘယ်လိုခံစားရမလဲဆိုတာကို သိအောင်လို့ လုပ်ပေးမှာဖြစ်ပါတယ်။ တိုင်တဲ့သူတွေက တိုင်ပါတယ်။ တိုင်ကြားတဲ့အခါမှာ ဥပဒေပြဋ္ဌာန်းချက်နဲ့ မညီတဲ့အတွက်ကြောင့် ကော်မရှင်အနေနဲ့ အရေးယူဆောင်ရွက်ပေးဖို့ကျတော့ ခဲယဉ်းနေတာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို တိုင်တဲ့တိုင်စာတွေမှာ ဘယ်လိုအချက်တွေပါဝင်မှ ဒီတိုင်စာတွေ ထိရောက်မယ်ဆိုတာကို အသိပညာပေးဖို့ ပြန်ကြားပေးမှာဖြစ်ပါတယ်။

ဒီလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ကျွန်မတို့ တစ်ဦးတည်းနဲ့တော့ ဆောင်ရွက်လို့မရပါဘူး။ ပြည်သူလူထုတွေ အကုန်လုံး သိအောင်ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အထိ အစိုးရအဖွဲ့အစည်းတွေပဲဖြစ်ဖြစ်၊ အရပ်အဖွဲ့အစည်းတွေပဲဖြစ်ဖြစ်၊ သတင်းမီဒီယာတွေနဲ့ပဲဖြစ်ဖြစ် ပူးပေါင်းပြီး ဒါကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ရှေ့ဆက်ပြီးဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ထားပါတယ်။ ကျွန်မတို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အခုစပြီးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အချိန်မှာ အခုတွေ့ရှိနေရတဲ့အခက်အခဲတွေကတော့ လုပ်ငန်းစဉ်မှာ ဥပဒေရဲ့အားနည်းချက်တွေ ရှိနေပါသေးတယ်။ ပြည်သူတွေကလည်း တိုင်ကြားတဲ့အခါမှာ သူတို့ရဲ့ ဆောင်ရွက်ခြင်းတွေကို လုပ်ဆောင်ပေးစေချင်တဲ့ဆန္ဒနဲ့တော့ လုပ်ခဲ့တာပါပဲ။ ဒါပေမယ့် ကျွန်မတို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေထဲမှာတော့ တချို့ဟာတွေက အကျုံးမဝင်ပါဘူး။ အကျုံးမဝင်တဲ့အတွက်ကြောင့် ဒီတိုင်စာတွေကို သက်ဆိုင်ရာဌာနတွေကို လွှဲပေးလိုက်ရတယ်။ ကိုယ်ကိုယ်တိုင် စစ်လို့မရဘူး။ တချို့တိုင်စာတွေကျတော့ မှတ်တမ်းအနေနဲ့ပဲ တွဲထားရတယ်။ ဒါကြောင့်မို့ ပြည်သူတွေကိုလည်း ဘယ်လိုတိုင်ကြားရမလဲ။ ဘယ်လို ထိရောက်အောင် အရေးယူဆောင်ရွက်ပေးစေချင်သလဲ ဆိုတဲ့အချက်တွေကို ပညာပေးလမ်းညွှန်ပြီးတော့ လုပ်ပေးသွားမှာဖြစ်ပါတယ်။ ဒီထက်လည်း အဂတိလိုက်စားမှုတွေ မြန်မာပြည်မှာ လျော့သွားအောင် ကျွန်မတို့အဖွဲ့ကနေ ကြိုးစားနိုင်တဲ့အဖွဲ့ဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရှင်မင်း၊ မီဖြိုး**
**ဓာတ်ပုံ-အေးသန်း**

# ဆဋ္ဌမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး၊ မဟာဗျူဟာများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ညီလာခံတွင် ဆွေးနွေးပွဲအနှစ်ချုပ်များအဖြစ် ပထမနေ့က ဆွေးနွေးခဲ့ကြသည့် ကျင့်ဝတ်စောင့်ထိန်းလိုက်နာပြီး ပရော်ဖက်ရှင်နယ်ပီသမှုကို ထိန်းသိမ်းခြင်း၊ မီဒီယာဆိုင်ရာဗဟုဝါဒ (Pluralism)နှင့် ရေရှည်တည်တံ့ရေး၊ သတင်းအချက်အလက် ရရှိရေးနှင့် သတင်းအချက်အလက် ရောက်ရှိရေး၊ သတင်းသမားများ ဘေးကင်းလုံခြုံရေးနှင့် ပြစ်ဒဏ်ကင်းလွတ်မှု ရရှိရေးစသည့် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆွေးနွေးပွဲညှိနှိုင်းရေးမှူးများက အနှစ်ချုပ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။




ဆက်လက်၍မီဒီယာနှင့် ဆက်နွယ်သောဥပဒေများ၊ ဒစ်ဂျစ်တယ်ဆိုင်ရာအခွင့်အရေးနှင့် အွန်လိုင်းဥပဒေရေးရာ အုပ်ချုပ်ရေးစနစ်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် တိုင်းရင်းသားမီဒီယာ၏ အခန်းကဏ္ဍ၊ သတင်းအတုပြဿနာ၊ ဆိုရှယ်မီဒီယာနှင့် အချက်အလက်များ စစ်ဆေးခြင်းစသည့် ခေါင်းစဉ်များကို အနှစ်ချုပ်ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

ယနေ့ ညီလာခံတွင် စာနယ်ဇင်းကောင်စီ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များ၊ မီဒီယာဗဟုဝါဒ၊ တိုင်းရင်းသားမီဒီယာများ ရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ် ထုတ်ဝေနိုင်ရန် အစိုးရအနေဖြင့် အကူအညီပေးရေး၊ နိုင်ငံပိုင် မီဒီယာကဏ္ဍ လျှော့ချရေး၊ သတင်းအချက်အလက်ရရှိပိုင်ခွင့် ဥပဒေနှင့် ပါဝင်သင့်သည့်အချက်များ၊ သတင်းသမားများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ သတင်းမီဒီယာကောင်စီအနေဖြင့် မီဒီယာသမားများ လွတ်လပ်စွာသတင်းရယူရန် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ မီဒီယာများကိုစောင့်ကြည့်လေ့လာခြင်း စသည်ဖြင့် ဆွေးနွေးပွဲအကြံပြုချက်များပါဝင်ပြီး ဆွေးနွေးပွဲရလဒ်များကို စာအုပ်အဖြစ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ၂၀၁၂ ခုနှစ်မှစတင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များက ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် ဆဋ္ဌမအကြိမ်မြောက်ဖြစ်သည်။

**သတင်းစဉ်**

# စာပေညီလာခံတွင် စာရေးဆရာ ၂၀၀ ခန့်က အကြောင်းအရာ ၄၅ မျိုး ဆွေးနွေးမည်

**ရန်ကုန် ဒီဇင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ စာပေညီလာခံ (၂၀၁၇)ဆွေးနွေးပွဲအကြို အစီအစဉ်များအဖြစ် ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့မျက်နှာစာတွင် ယနေ့မှစ၍ ဒီဇင်ဘာ ၁၂ရက်အထိ ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


မြန်မာနိုင်ငံစာပေအဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ Pen Myanmar ၊ မြန်မာနိုင်ငံဘာသာပြန်စာပေကွန်ရက်၊ မြန်မာနိုင်ငံကာတွန်းဆရာများအသင်းစသည့်အဖွဲ့ ၁၁ ဖွဲ့မှ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC (မြန်မာကွန်ဗင်းရှင်းစင်တာ) ၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ နံနက် ၉နာရီ ၄၅ မိနစ်မှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး စာရေးဆရာ ၂၀၀ခန့်က စာပေလောကနှင့်ပက်သက်သည့်အကြောင်းအရာ ၄၅ မျိုးကို ဝိုင်းဖွဲ့ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။


"ဘယ်လိုအကြောင်းအရာကဖြင့် နိုင်ငံတော်ကို အသိပေးသင့်တယ်၊ ဘယ်လိုအကြောင်းအရာကဖြင့် နိုင်ငံတော်ရဲ့ ကူညီထောက်ပံ့မှုမျိုးကို ရယူသင့်တယ်၊ နိုင်ငံတော်အနေနဲ့ ဘယ်လိုလုပ်ပေးသင့်တယ်ဆိုတာမျိုးကို ဆွေးနွေးပွဲက ရလာတဲ့ရလဒ်တွေကို စာပေညီလာခံအခမ်းအနားမှာ မဲခွဲဆုံးဖြတ်ပြီး နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို တင်ပြသွားမှာပါ"ဟု စာပေညီလာခံကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စာရေးဆရာဟိန်းလတ်က ပြောသည်။


အဆိုပါ ဆွေးနွေးပွဲတွင် စာပေဆုရွေးချယ်ချီးမြှင့်ခြင်းနှင့်ပက်သက်သည့် အကြောင်းအရာများ၊ ရသစာပေကျဆင်းခြင်း၊ စာပေလွတ်လပ်ခွင့်၊ စာပေဟောပြောခွင့်၊ စာအုပ်ထုတ်ဝေခြင်း၊ စာအုပ်ဖြန့်ဝေခြင်း၊ စာအုပ်များပို့ဆောင်ခြင်းအတွက် ပို့ဆောင်ခများခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-အေးမင်းသူ**



# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၈**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့သည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ ဓမ္မဗိမ္မာန် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓမ္မဗိမ္မာန် ဖြစ်မြောက်ရေး ကော်မတီများနှင့် တွေ့ဆုံကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဒွါရာဝတီမြို့မဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စည်ပင်သာယာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဈေးအတွင်း လမ်းအမိုးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုတင်ပြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲမြို့နယ် ကင်းမော်အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးရာ ကျောင်းအုပ်ဆရာမကြီးက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဇာဒီပြင်တံတား ပေ ၁၄၀ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် အမှတ်(၈)ရပ်ကွက် ဒွါရာဝတီ လျှိုပိတ်ဆည် ရေလှောင်ထားရှိမှု အခြေအနေနှင့် ရေပေးဝေရေး ပိုက်သွယ်တန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံတွဲမြို့မှ ဆက်လက်ထွက်ခွာလာရာ တောင်ကုတ်မြို့နယ် နပင်းမ - ပန်းထော် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများနှင့် အောင်လဝန်းကုမ္ပဏီမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေ ၄၂ ဒသမ ၀၀ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆလီယေကျေးရွာ အဝင်လမ်း ၁ ဒသမ ၆၁ ကီလိုမီတာ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် တောင်ကုတ်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။

ဆက်လက်၍ တောင်ကုတ်မြို့ အထက(ခွဲ) ဂူတာကျောင်းသို့ရောက်ရှိပြီး သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအားတွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တောင်ကုတ်မြို့ ခုတင် ၁၀၀ ဆေးရုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် မအီမြို့သို့ ရောက်ရှိပြီး အထကမအီကျောင်းတွင် ကျောင်းအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများနှင့်တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆိုင်ရာများကို ဆွေးနွေးလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ကလေးငယ် ငါးသိန်းကျော် ထိုးနှံမည်

**စစ်တွေ ဒီဇင်ဘာ ၈**
ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ပြည်နယ်ဦးစီးမှူး ဒေါက်တာသီဟက ဒီဇင်ဘာ ၁၁ ရက် မှ ၂၁ ရက်အထိ အသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ် ၃၅၃၇၃၃ ဦးနှင့် ဝေးလံဒေသမှ ကလေးငယ် ၂၃၃၀၁၁ ဦး စုစုပေါင်း ၅၈၆၇၄၄ ဦးကို ထိုးနှံသွားမည်ဖြစ်ကြောင်း၊ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းတွင် ကျန်ရှိသည့် ကလေးငယ်များကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထု အခြေပြု ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို အသက် ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ထိုးနှံရာတွင် စစ်တွေခရိုင်၌ ကလေးငယ် ၄၈၇၆၆ ဦး ၊ ကျေးရွာ ရပ်ကွက် ၆၃၆၊ မြောက်ဦးခရိုင်၌ ကလေးငယ် ၁၀၂၆၀၃ ဦး၊ ကျေးရွာ ရပ်ကွက် ၉၉၉၊ မောင်တောခရိုင်၌ ကလေးငယ် ၁၀၅၁၄၀၊ ကျေးရွာ ရပ်ကွက် ၄၉၉၊ ကျောက်ဖြူခရိုင်၌ ကလေးငယ် ၄၅၃၇၀၊ ကျေးရွာ ရပ်ကွက် ၈၄၇၊ သံတွဲခရိုင်၌ ကလေးငယ် ၅၁၈၅၄ ဦး၊ ကျေးရွာ ရပ်ကွက် ၆၂၂ တို့ကို ဆေးထိုးအဖွဲ့များက ထိုးနှံသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းတွင် သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါး ဒေသများနှင့် နယ်စပ်ဒေသရှိ ကျေးရွာပေါင်း ၇၁၃ ရွာမှ ကလေးငယ် စုစုပေါင်း ၂၅၁၉၈၃ ဦး ထိုးနှံသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း၌ အသက် ငါးနှစ်မှ ၁၅ နှစ် ကလေးငယ် စုစုပေါင်း ၄၂၅၄၂၃ ဦး၊ သွားလာရန်ခက်ခဲသော ဝေးလံခေါင်းပါးဒေသများနှင့် နယ်စပ်ဒေသရှိ ကလေးငယ် စုစုပေါင်း ၄၅၁၅၇ ဦးကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**စစ်တွေ ဒီဇင်ဘာ ၈**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတောကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၆၀၀၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ဧက ၄၁၀ ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၅၂၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ငပုကွ၊ ဝင်းဇာကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၂၆၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ် အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၃၇၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ် အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၂၈၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ သာယာကုန်း (တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ကပ္ပတောင်း (တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၂၃ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၈၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# NV Card ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ပေးသည့် မောင်တောမြို့နယ် ဒုညောင်ပင်ကြီးကျေးရွာ တာဝန်ခံတစ်ဦး သတ်ဖြတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုညောင်ပင်ကြီးကျေးရွာ တာဝန်ခံ ရော်ဖိတ်အာမန်(ခ) ရော်ဖိရာမန်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက နေအိမ်ရှေ့မှ အော်ခေါ်သံကြားသဖြင့် နေအိမ်ရှေ့တံခါးအား သွားရောက်ဖွင့်စဉ် ဘင်္ဂါလီလူမျိုးနှစ်ဦး အိမ်ပေါ်တက်လာပြီး ရော်ဖိတ်အာမန်အား သေနတ်ဖြင့်ပစ်၍ ဓားဖြင့်ထိုးခုတ်ကြရာမှ ရော်ဖိတ်အာမန် သေဆုံးခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားသော ဘင်္ဂါလီတရားခံများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်တွင် ရော်ဖိတ်အာမန်သည် ဒုညောင်ပင်ကြီးကျေးရွာ တာဝန်ခံဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများက မောင်တောမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ပေးနေသူဖြစ်သဖြင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများက လာရောက်သတ်ဖြတ်ခြင်း ဖြစ်ကြောင်းနှင့် လာရောက်သတ်ဖြတ် ထွက်ပြေးသွားသည့် ဘင်္ဂါလီနှစ်ဦးအပါအဝင် ယင်းကဲ့သို့ NV Card ထုတ်ပေးရေး လုပ်ငန်းစဉ်အပေါ် ဟန့်တားနှောင့်ယှက် ခြိမ်းခြောက် အကြမ်းဖက်သတ်ဖြတ်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်-စစ်တွေကားလမ်းမကြီး မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာအနီး တောင်နံရံ၌ ဆွဲမိုင်းဟု ယူဆရသည့် မိုင်းသုံးလုံးပေါက်ကွဲ

**မြေပုံ ဒီဇင်ဘာ ၈**

ရန်ကုန်-စစ်တွေကားလမ်းမကြီး မြေပုံမြို့နယ် တုတ်ချောင်းကျေးရွာအနီး တောင်နံရံ၌ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က ဆွဲမိုင်းဟုယူဆရသည့် မိုင်းသုံးလုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-စစ်တွေကားလမ်းမကြီး၏ မိုင်တိုင်အမှတ် (၄၀/၄)နှင့် (၄၅/၅) အကြား တပ်မတော်ယာဉ်တန်းလေးစီးအနက် တတိယမြောက် ယာဉ်ဖြတ်သန်းသွားစဉ် ဆွဲမိုင်းဟုယူဆရသော မိုင်းနှစ်လုံးပေါက်ကွဲခဲ့ပြီးနောက် ငါးမိနစ်အကြာတွင် မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် တတိယမြောက် ဖြတ်သန်းသွားသည့်ယာဉ် ယာဘက်ခြမ်း ဘော်ဒီပေါင်တန်းတွင် ယမ်းစထိမှန်ခဲ့ပြီး ရှေ့ယာဘက်ခြမ်းနောက်ကြည့်မှန် ကြေမွကာ တပ်ဖွဲ့ဝင်လေးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားသုံးသူများသို့ အသိပေးကြေညာခြင်း

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ Online အသုံးပြုသူများ တိုးတက်များပြားလာသည့်နှင့်အညီ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား Facebook၊ Web Page များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာပြီး Online Shopping ပုံသဏ္ဌာန် ရောင်းချမှုများ တွင်ကျယ်လာသည်ကို တွေ့ရှိရပါသည်။

ထိုသို့ Facebook၊ Web Page များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်အများစုသည် သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်၊ တရားဝင်တင်သွင်းထားသည့် အထောက်အထားများအပါအဝင် ကုန်စည်နှင့်ပတ်သက်သည့် သတင်းအချက်အလက် အပြည့်အစုံဖော်ပြမှုမရှိဘဲ ကြော်ငြာရောင်းချနေခြင်း၊ ရောင်းချသူ၏ လိပ်စာပြည့်စုံစွာဖော်ပြထားမှုမရှိခြင်းတို့ကြောင့် ဝယ်ယူအသုံးပြုသည့် စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ပတ်သက်၍ ကတိကဝတ်ဖောက်ဖျက်မှုများ၊ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အခက်အခဲကြုံတွေ့နိုင်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ စားသုံးသူပြည်သူများအနေဖြင့် Facebook၊ Web Page များမှတစ်ဆင့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိဝယ်ယူအသုံးပြုမည့် ကုန်စည်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ကတိကဝတ်များကို သေချာစွာ ကြိုတင်လေ့လာစုံစမ်းခြင်း၊ ကုန်ပစ္စည်းလက်ခံရာတွင် တစ်ပါတည်း တောင်းခံခြင်းတို့ဖြင့် နစ်နာမှုမရှိစေရေး စိစစ်ဝယ်ယူကြပါရန် အသိပေး ကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့**



# တရားမဝင် ကန့်သတ်ဆေးဝါးများ မရမ်းချောင် စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် ဒီဇင်ဘာ ၈**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်စည်များ သယ်ဆောင်လာမှုကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဒီဇင်ဘာ ၇ ရက်က ဖမ်းဆီးမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဒီဇင်ဘာ ၇ ရက်က ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဆေးဝါး ၂၂ မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၄၈၃ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေး စခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၁၉၈ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဒီဇင်ဘာ ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၉၆၀၊ သွင်းကုန် ၉၇၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

# စက်သုံးဆီ ပီပါများ တင်ဆောင်လာသောယာဉ် အရှိန်မထိန်းနိုင်ဘဲ ဝမ်းတွင်းဆည်အတွင်း ထိုးကျ



**ဝမ်းတွင်း ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် ဒီဇင်ဘာ ၈ ရက် နံနက် ၅ နာရီက စက်ဆုံးဆီတင်ဆောင်လာသော ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဝမ်းတွင်းဆည်အတွင်း ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခြောက်ဘီးယာဉ်သည် စက်သုံးဆီပီပါ ၄၅ လုံးနှင့် အခွန်ပီပါ နှစ်လုံးတို့အားတင်ပြီး မောင်းနှင်လာစဉ် ဝမ်းတွင်းဆည်တံတားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းဆည်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကိုကျော်မျိုးဆိုင် အသက်(၃၁)နှစ်မှာ ယာလက်မနှင့် ယာလက်ညှိုးပွန်းပဲ့ဒဏ်ရာနှင့် ယာဉ်နောက်လိုက်ကိုကျော်ခိုင်ဝင်း အသက်(၂၄)နှစ်မှာ ဝဲဘက်ခြေသလုံးနာကျင်ဒဏ်ရာတို့ ရရှိခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုကျော်မျိုးဆိုင်အား ဝမ်းတွင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

# တရားမဝင် လက်နက်ကိုင်ဆောင်သူတစ်ဦးအား အမှုဖွင့်စစ်ဆေးရာမှ မူးယစ်အမှုဖြင့် အလိုရှိသည့် တရားခံပြေးတစ်ဦးဖြစ်နေ


**ဘားအံ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ် ညီညီမိုး ဦးစီးအဖွဲ့သည် ရဲစခန်းအပိုင်နယ်မြေအတွင်း သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၈ ရက် နံနက် ဝဝး၂၀ နာရီတွင် ဘားအံမြို့နယ် နောင်တလုံးကျေးရွာအုပ်စု ရမ်းသော်ခီးရွာလယ်ကွင်းစပ်တွင် မသင်္ကာဖွယ်အမျိုးသားတစ်ဦးအား တွေ့ရှိရသဖြင့်စစ်ဆေးရာ စောဒါးဒီး(ခ)ထွန်းထွန်းလင်း (၁၈)နှစ် လှိုင်ကမ္မာကျေးရွာ၊ ဘားအံမြို့နယ် နေသူဖြစ်ကြောင်း သိရပြီး ၎င်း၏ခန္ဓာကိုယ်အား သက်သေများရှေ့ ရှာဖွေရာမှ ခါးကြားတွင် ထိုးထားသော အရိုးအသွား ၁၀ လက်မခန့်ရှိ စတီးဓားဦးချွန်တစ်ချောင်းအား ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ စောဒါးဒီး(ခ) ထွန်းထွန်းလင်းအား ထုံးအိုင်နယ်မြေရဲစခန်းက အလိုရှိသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းအား တရားမဝင်လက်နက်ကိုင်ဆောင်မှုအပြင် ယခင်ကျူးလွန်ခဲ့သည့် မူးယစ်ဆေးဝါးအမှုဖြင့်ပါ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# စီရိုနယ်လ်ဒို ငါးနှစ်အတွင်း ဘလွန်းဒီအောဆု လေးကြိမ်ဆွတ်ခူး



ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပခဲ့သည့် ဘလွန်းဒီအောဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပြိုင်ဘက် လီယွန်နယ် မက်ဆီကို အသာရယူကာ သူ့အတွက် ငါးကြိမ်မြောက် ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ စီရိုနယ်လ်ဒိုမှာ ၂၀၀၈ ခုနှစ်တွင် ဘလွန်းဒီအောဆုကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ငါးနှစ်အကြာ ၂၀၁၃ ခုနှစ်ရောက်မှသာ ဒုတိယအကြိမ် ပြန်လည်ရရှိခဲ့သော်လည်း ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်တို့တွင် ဆက်တိုက်ဆွတ်ခူးခဲ့သဖြင့် ငါးနှစ်အတွင်း လေးကြိမ်ရရှိခြင်းလည်း ဖြစ်လာခဲ့သည်။ စီရိုနယ်လ်ဒိုသည် ယခုလို ဘလွန်းဒီအောဆုကို ငါးကြိမ် ရရှိခဲ့ပြီဖြစ်သဖြင့် မက်ဆီ၏ ဘလွန်းဒီအောဆုစံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။

ယခုနှစ် ဘလွန်းဒီအောဆု ချီးမြှင့်ပွဲတွင် မက်ဆီက ဒုတိယ၊ နေမာ က တတိယနေရာရရှိခဲ့သည်။ စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးယဲလ်အတွက် ၃၃ ကြိမ်မြောက် လာလီဂါဖလားနှင့် ၁၂ ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားတို့ကို ရရှိစေရန် ကူညီပေးခဲ့ကာ ပြီးခဲ့သည့် အောက်တိုဘာ ၂၃ ရက်တွင်လည်း ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို လက်ခံရရှိခဲ့ပြီးဖြစ်သည်။ စီရိုနယ်လ်ဒိုက "ဒါက ကျွန်တော် နှစ်တိုင်း အမြဲမျှော်လင့်တောင့်တနေတဲ့ အရာပါပဲ" ဟု အီဖယ်လ်မျှော်စင်ပေါ်တွင် ဆုလက်ခံရယူပြီးနောက် ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် စီရိုနယ်လ်ဒိုက အသင်းဖော်များ ယနေ့အချိန်တွင် ရရှိနေသည့် ခြေစွမ်းအဆင့်တစ်ရပ် ရရှိစေရန် ကူညီပေးခဲ့ကြသူများကို ကျေးဇူးတင်စကားဆိုရာတွင် အသိအမှတ်ပြု ပြောကြားခဲ့သည်။

### ဘလွန်းဒီအောဆု ဆိုတာ

ဘလွန်းဒီအောဆုသည် ကမ္ဘာတစ်ဝန်း သတင်းစာဆရာ ၁၇၃ ဦး၏ မဲပေးမှုဖြင့် ရွေးချယ်သည့် ဆုဖြစ်ပြီး ၁၉၅၆ ခုနှစ်ကတည်းက ချီးမြှင့်နေသည့် အစဉ်အလာကြီးမားသည့် ဆုလည်းဖြစ်သည်။ သို့သော် ဖီဖာဘလွန်းအောဆုအဖြစ် ဖီဖာနှင့် ပူးပေါင်း ခြောက်နှစ်တာကာလ ပူးပေါင်းချီးမြှင့်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ဘလွန်းဒီအောဆုအဖြစ် သီးခြား ပြန်လည်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

### ကားလို့စ်၏ အမြင်

ရီးယဲလ်ဂန္တဝင်ကစားသမားဟောင်း ရောဘတ်တိုကားလို့စ်က စီရိုနယ်လ်ဒိုအနေဖြင့် နောက်ထပ် ဘလွန်းဒီအောဆုများ ထပ်မံရရှိလိမ့်မည်ဟု ဟောကိန်းထုတ်လိုက်သည်။ စီရိုနယ်လ်ဒိုသည် လက်ရှိတွင် အသက် ၃၂နှစ် ကျော်လွန်နေပြီဖြစ်သော်လည်း ကားလို့စ်က "သူ ထပ်ရပါလိမ့်ဦးမယ်၊ နောက်ထပ်ဖလားတွေ ထပ်ရလာဖို့ ရှိပါသေးတယ်"ဟု ပြောကြားခဲ့သလို ရီးယဲလ်တိုက်စစ်မှူးဟောင်း ရိုနယ်လ်ဒိုကြီးကလည်း နာမည်တူ စီရိုနယ်လ်ဒိုအပေါ် များစွာ ချီးမွမ်းမှုပြုခဲ့သည်။ စီရိုနယ်လ်ဒိုက ပြီးခဲ့သည့်ရက်ပိုင်းကပင် ဘလွန်းဒီအောဆု ခုနစ်ကြိမ်နှင့် ကလေးခုနစ်ဦး မွေးဖွားနိုင်ရန်မှာ သူ၏ ပုဂ္ဂိုလ်ရေး မျှော်မှန်းချက်ဖြစ်ကြောင်း ပြောကြားခဲ့ဖူးသည်။

### ပရီမီယာလိဂ်ကစားသမားတွေ နောက်ကောက်ကျ

ယခုနှစ်ဘလွန်းဒီအောဆုတွင် ချယ်လ်ဆီးကွင်းလယ်လူ ကန်တီက သတ္တမနေရာ ရရှိခဲ့ရာ ပရီမီယာလိဂ်ကစားသမားများထဲတွင် အမြင့်ဆုံးရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆန်ခါတင်စာရင်းတွင် တစ်ဦးတည်း အင်္ဂလန်ကစားသမားအဖြစ်ပါဝင်နေသူ ဟယ်ရီကိန်းက ဒသမ နေရာ ရယူနိုင်ခဲ့သလို ဒီဘရိုင်းက အဆင့် ၁၄ နေရာ၊ ဟာဇက်က ၁၉ နေရာတို့တွင် ရပ်တည်နေခဲ့သည်။

## မန်ချက်စတာဒါဘီတွင် မန်ယူအတွက် ဖယ်လိုင်နီ၊ အီဗရာဟီမိုဗစ်နှင့် ဖီးလ်ဂျုံးစ်တို့ ကြံ့ခိုင်မှုပြည့်ဝ

လာမယ့်တနင်္ဂနွေနေ့မှာ ယှဉ်ပြိုင်မယ့် မန်ချက်ဒါဘီမှာ ဒဏ်ရာပြဿနာ ရှိနေကြတဲ့ ဖယ်လိုင်နီ၊ အီဗရာ ဟီမိုဗစ်နဲ့ ဖီးလ်ဂျုံးစ်တို့ မန်ယူအတွက် အားလုံးအသင့်ဖြစ်နေပြီလို့ မေရာ အွန်လိုင်း သတင်းဌာနက ဖော်ပြပါတယ်။ မန်ယူနဲ့ မန်စီးတီးတို့ရဲ့ ဒါဘီပွဲစဉ်ဟာ အမှတ်ပေးဇယားထိပ်ဆုံးက အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်ပြီး မန်ယူရဲ့ အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ မန်စီးတီးကို ဧည့်ခံမှာဖြစ်ပါတယ်။

အီဗရာဟီမိုဗစ်ကတော့ ပြင်းထန်တဲ့ ဒူးဒဏ်ရာကြောင့် ခုနစ်လတာ အနားယူခဲ့ပြီးနောက် လူစားလဲကစားသမားအဖြစ် လေးပွဲ ဝင်ရောက်ကစားခဲ့ပြီး ဖြစ်ပေမယ့် ပွဲချိန်ပြည့် ယှဉ်ပြိုင်နိုင်ခြင်းမရှိသေးပေမယ့် ခုတော့ ရာနှုန်းပြည့်ကြံ့ခိုင်မှု ပြည့်ဝနေပြီဆိုတဲ့ သတင်းတွေ ထွက်လာတာပါ။ နိုဝင်ဘာ ၁၀ ရက်က နောက်ခံလူ ဖီးလ်ဂျုံးစ်ကတော့ အင်္ဂလန်နဲ့ ဂျာမနီတို့ရဲ့ ချစ်ကြည်ရေး ခြေစမ်းပွဲမှာ ဒဏ်ရာရသွားခဲ့လို့ နည်းပြ မော်ရင်ဟိုက ဂျုံးစ် ဒဏ်ရာ ရပြီးနောက် နောက်တန်းခံစစ်မှာ လင်ဒီလော့ဖ်၊ ခရစ္စမောလင်းနဲ့ ရိုဂျိုတို့ကို အထိုင်ချခဲ့တာဖြစ်ပါတယ်။



မန်ယူကွင်းလယ်လူ ပေါ့ဘာဟာ အာဆင်နယ်နဲ့ ပွဲမှာ ပြသခံခဲ့ရတဲ့ အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲ ပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရတာကြောင့် မန်ချက်စတာဒါဘီကို လွဲချော်မှာ ဖြစ်တာကြောင့် ယခုလို ဖယ်လိုင်နီ ကြံ့ခိုင်မှုပြည့်ဝနေတယ် ဆိုတာဟာ မန်ယူအတွက် သတင်းကောင်းပါ။ ဒါပေမယ့် မော်ရင်ဟိုက မန်ယူ ကွင်းလယ်အတွက် မာတစ်နဲ့ ဟာရဲရေး တို့ကိုသာ အထိုင်ချသွားဖို့ ရှိနေပါတယ်။ မန်ယူနောက်တန်းအတွက် ပြီးခဲ့တဲ့နွေဈေးကွက်က မော်ရင်ဟို ဝယ်ယူခဲ့တဲ့ လင်ဒီလော့ဖ်ဟာ အစောပိုင်းက ဝေဖန်မှုခံခဲ့ရပေမယ့် ယခုအချိန်မှာတော့ သူ့ရဲ့ တန်ဖိုးအစစ်အမှန်ကို စတင်ပြသလာနိုင်ပါပြီ။

## လူကာကူနေရာ အူဘာမီယန်ဖြင့် အစားထိုးရန် အဲဗာတန် ရည်မှန်း

အဲဗာတန်နည်းပြသစ် ဆမ်အလာ ဒိုက်စ်က အဲဗာတန်အသင်း တိုက်စစ်ပိုင်းအတွက် ဒေါ့မွန် တိုက်စစ်မှူး အူဘာမီယန်နဲ့ အစားထိုးဖို့ ရည်မှန်းနေပြီး ဒီတိုက်စစ်မှူးအတွက် ပေါင်သန်း ၆၀ နဲ့ လာမယ့် ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူဖို့ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။ အဲဗာတန်အသင်းဟာ နွေဈေးကွက်အတွင်း တိုက်စစ်မှူး လူကာကူကို ပေါင် ၇၅ သန်းနဲ့ မန်ယူအသင်းဆီ ထွက်ခွာခွင့် ပေးခဲ့တာကြောင့် ထိပ်တန်းတိုက်စစ်မှူး တစ်ဦးကို မဖြစ်မနေ အားဖြည့်ခေါ်ယူဖို့ လိုအပ်နေတာပါ။

ဒေါ့မွန်တာဝန်ရှိသူတွေက အူဘာမီယန်ကို စည်းကမ်းပိုင်း သေဝပ်မှုအားနည်းတာကြောင့် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီးနောက် ဒီတိုက်စစ်မှူးကို ဒေါ့မွန်က ထုတ်ရောင်းတော့မယ်ဆိုတဲ့ သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ထွက်လာခဲ့တာပါ။ အဲဒီနောက် လီဗာပူး၊ အာဆင်နယ်တို့ကလည်း အူဘာမီယန်ကို ခေါ်ယူဖို့ ခြေလှမ်းပြင်နေပြီဆိုတဲ့ သတင်းတွေ ထွက်လာခဲ့သလို ခုလည်း အဲဗာတန်နဲ့ သတင်းထွက်လာပြန်တာပါ။

အူဘာမီယန်ဟာ ထိပ်တန်းတိုက်စစ်မှူးတစ်ဦး ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးတွေ ပြည့်ဝနေသူဖြစ်ပြီး ယခုနှစ်ရာသီတစ်ခုတည်း ပွဲ ၂၀ မှာ ၁၉ ဂိုး သွင်းယူပေးခဲ့ပြီး ဖြစ်သလို ပြီးခဲ့တဲ့ ခြောက်ရာသီအတွင်း လိဂ်သွင်းဂိုး ၁၁၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ အဲဗာတန်နည်းပြဟောင်း ကိုးမန်းက ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်း ပေါင်သန်း ၁၀၀ ကျော် အသုံးပြုပြီး ကစားသမား ဖြည့်တင်းမှုပြုခဲ့ပေမယ့် ရလဒ်တွေ ဆိုးရွားခဲ့ကာ ထုတ်ပယ်ခံခဲ့ရပါတယ်။



မေလှဲသင်း - ရေးသားသည်

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

### အခန်း (၃)
### ကုမ္ပဏီများ၏ အခြေခံလိုအပ်ချက်နှင့် အခွင့်အာဏာများ
### ကုမ္ပဏီတစ်ခု၏ အခြေခံလိုအပ်ချက်များ

၄။ (က) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသော ကုမ္ပဏီသည် အောက်ပါအချက်များ ရှိရမည်-
(၁) အမည်၊
(၂) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊
(၃) ထုတ်ဝေသည့်အစုရှယ်ယာအနည်းဆုံးတစ်ခုရှိခြင်း (သို့ရာတွင် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ မတည်ငွေရင်းထားရှိရန်မလိုအပ်)၊
(၄) ပါဝင်သူဦးရေ အနည်းဆုံးတစ်ဦး၊
(၅) ပုဒ်မခွဲငယ် (၆) နှင့်အညီ အနည်းဆုံး ဒါရိုက်တာ တစ်ဦးရှိရမည်ဖြစ်ပြီး ၎င်းသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး၊
(၆) ကုမ္ပဏီသည်အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါက အနည်းဆုံး ဒါရိုက်တာ သုံးဦး ရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှတစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူမြန်မာနိုင်ငံသားတစ်ဦးနှင့်
(၇) နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့် ရုံးခန်း လိပ်စာတစ်ခု။

(ခ) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်နိုင်သည့်အပြင် အများသုံး ရုံးတံဆိပ်တစ်ခုလည်း ထားရှိနိုင်သည်။

**ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများ**

၅။ (က) ကုမ္ပဏီသည်-
(၁) ၎င်းတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင်အခွင့်အရေးများ ရှိသည့် တရားဝင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းမပြုသရွေ့ အခွင့်အရေးများ၊ အခွင့်အာဏာများနှင့် အကျိုးခံစားခွင့်များ အပြည့်အဝဆက်လက်တည်ရှိရမည်။ ၎င်းအပြင်
(၂) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့အရ နိုင်ငံတော်အတွင်း၌သော်လည်းကောင်း၊ ပြင်ပ၌သော်လည်းကောင်း အောက်ပါကိစ္စရပ်များအား ဆောင်ရွက်နိုင်ခွင့် အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရန် တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိသည် -
(ကက) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီတွင် အစုရှယ်ယာများ အဖြစ်ပြောင်းလဲနိုင်သော အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်း၊
(ခခ) ကုမ္ပဏီ၌ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ပိုင်ဆိုင်နိုင်သည့် အော့ပ်ရှင် (option) များ ပေးခြင်း၊
(ဂဂ) ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင် အာမခံအကျိုးခံစားခွင့်တစ်ရပ် ပေးခြင်း၊
(ဃဃ) ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင် ပါဝင်သူများအား ပစ္စည်းအနေဖြင့်သော် လည်းကောင်း၊ အခြားနည်းဖြင့်သော် လည်းကောင်း ခွဲဝေပေးခြင်း။

(ခ) ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ အခွင့်အရေးများ၊ အခွင့်အာဏာများ သို့မဟုတ် အကျိုးခံစားခွင့်များကို ကန့်သတ်ထားရှိမှသာလျှင် ယင်းတို့နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိနိုင်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီ၏အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ပြီး လက်အောက်ခံကုမ္ပဏီများစွာကို တည်ထောင်နိုင်သည့်အပြင် ယင်းတို့၏ အစုရှယ်ယာများကိုလည်း ပိုင်ဆိုင်နိုင်သည်။

### အခန်း (၄)
### ဤဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း

**ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်သည့်နည်းလမ်း**

၆။ (က) တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ သင်းဖွဲ့ဆောင်ရွက်ကြသူများကသော်လည်းကောင်း ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ရန်နှင့်မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားတင်ပြနိုင်သည် -
(၁) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်သော ကုမ္ပဏီတွင်ပါဝင်သူတို့၏တာဝန်ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့ထည့်ဝင်ထားသည့် အစုများအတွက် ပေးချေရန် ကျန်ငွေတစ်စုံတစ်ရာရှိလျှင် ၎င်းအရေအတွက်အထိကန့်သတ်ထားသည့် ကုမ္ပဏီ သို့မဟုတ်
(၂) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏တာဝန်ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းကုမ္ပဏီဖျက်သိမ်းသည့်အခါ ၎င်းကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအဖြစ် ကူဝင်ထောက်ပံ့ရန် အသီးသီးတာဝန်ခံကြသည့် ငွေပမာဏအထိ ကန့်သတ်ထားသည့် ကုမ္ပဏီ သို့မဟုတ်
(၃) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတွင်ပါဝင်သူတို့၏ တာဝန်ကို တစ်စုံတစ်ရာ ကန့်သတ်မထားသည့် ကုမ္ပဏီ။

(ခ) ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် တင်ပြရမည်ဖြစ်ပြီး အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-
(၁) အဆိုပြုတင်ပြသော ကုမ္ပဏီ၏အမည်၊
(၂) အဆိုပြုတင်ပြသော ကုမ္ပဏီအမျိုးအစား၊
(၃) လျှောက်ထားသူတစ်ဦးစီ၏ အမည်အပြည့်အစုံနှင့် လိပ်စာ၊
(၄) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးများ၏အမည် အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့် လိပ်စာ၊
(၅) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့မှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊
(၆) အခြားအကြောင်းကြားစာဖြင့် တင်ပြခြင်းမရှိလျှင် အဆိုပြုတင်ပြသော ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊ အဆိုပါ လိပ်စာကို အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ပို့ဆောင်ဆက်သွယ်နိုင်သည့် လိပ်စာဖြစ်ရန် သတ်မှတ်ရမည်။
(၇) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်သည့်နေရာလိပ်စာ၊
(၈) အများနှင့် မသက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် -
(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏အမည် အပြည့်အစုံနှင့် လိပ်စာ၊
( ခခ ) အဆိုပြုတင်ပြသောကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည် ကုမ္ပဏီတွင်ပါဝင်မည့်သူအဖြစ်လည်းကောင်း၊ ၎င်းတို့အတွက် အချိုးကျ သတ်မှတ်ပေးထားသည့် အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင် ကြမည်ကိုလည်းကောင်း စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊
( ဂဂ ) ကုမ္ပဏီတွင် ပါဝင်မည့်သူတစ်ဦးစီသို့ ထုတ်ဝေမည့် အစုရှယ်ယာ အရေအတွက်နှင့် အမျိုးအစား၊
(ဃဃ) ကုမ္ပဏီ၏အစုရှယ်ယာ မတည်ငွေရင်းကို ဖော်ပြမည့် ငွေကြေး၊
( ငင ) အစုရှယ်ယာတစ်ခုစီအတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ၊
( စစ ) မှတ်ပုံတင်သည့်အချိန်တွင် အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေပြီးခြင်း ရှိ၊ မရှိ ဖော်ပြချက်၊
(ဆဆ) အဆိုပြုတင်ပြသောကုမ္ပဏီသည် မူရင်းအစုများပိုင်ဆိုင်သည့်ကုမ္ပဏီ တစ်ခု ရှိ မရှိ ဖော်ပြချက်၊
(ဇဇ) အဆိုပြုတင်ပြသောကုမ္ပဏီသည် ဖွဲ့စည်းတည်ထောင်သည့်အချိန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခု ဟုတ်၊ မဟုတ် ဖော်ပြချက်။
(၉) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -
(ကက) အဆိုပြုတင်ပြသောကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည်အပြည့်အစုံနှင့် လိပ်စာ၊
(ခခ) အဆိုပြုတင်ပြသောကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည် ကုမ္ပဏီတွင်ပါဝင်မည့်သူအဖြစ် စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊
(ဂဂ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက သဘောတူ၍ ထည့်ဝင်မည့် အဆိုပြုတင်ပြသော အာမခံပမာဏ၊
(ဃဃ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင်-
(၁) ထုတ်ဝေမည့်အစုရှယ်ယာအရေအတွက်နှင့် အမျိုးအစား၊
(၂) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြမည့်ငွေကြေး၊
(၃) အစုရှယ်ယာတစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ၊
(၄) မှတ်ပုံတင်သည့်အချိန်တွင် အဆိုပါအစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေပြီးခြင်း ရှိ၊ မရှိ။

(ဂ) မှတ်ပုံတင်ဆောင်ရွက်ခြင်းအတွက် တင်ပြသည့်လျှောက်လွှာသည်-
(၁) လျှောက်ထားသူတစ်ဦးစီက လက်မှတ်ရေးထိုးပြီးဖြစ်ရမည်။
(၂) လျှောက်လွှာတွင်ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန်ကြောင်း လျှောက်ထားသူတစ်ဦးစီက တာဝန်ယူ ထုတ်ဖော်ကြေညာချက်တစ်ရပ် ပါရှိရမည်။ ၎င်းအပြင်
(၃) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံနှင့် များစွာခြားနားမှုရှိသော ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတစ်ရပ်ကို အသုံးပြုရန် ကုမ္ပဏီကတင်ပြလာသည့်အခါ အနည်းဆုံး လျှောက်ထားတင်ပြသူတစ်ဦးက မှန်ကန်ကြောင်းအတည်ပြုထားသည့် အဆိုပြုကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူတစ်စောင်အား ပူးတွဲတင်ပြပါရှိရမည် သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုံစံကို ကုမ္ပဏီက အသုံးပြုရန် ရည်ရွယ်ကြောင်းဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်တစ်စောင်ကို တင်ပြရမည်။

(ဃ) လျှောက်လွှာတင်သွင်းသည့်အခါတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(င) လျှောက်ထားသူသည် လျှောက်လွှာမူရင်းကွဲများနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများအားလုံးကို ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၅)၊ (၈) နှင့် (၉) တို့တွင် ရည်ညွှန်းဖော်ပြထားသည့် သဘောတူညီချက်မူရင်းများနှင့်အတူ သိမ်းဆည်းထားရမည်။ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်အခါ ထိုစာရွက်စာတမ်းများအား ကုမ္ပဏီထံသို့ ပေးအပ်၍ ကုမ္ပဏီ၏ မှတ်တမ်းများအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိရမည်။

၇။ ပုဒ်မ ၆ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မမှန်မကန်တင်ပြခဲ့ပါက ယင်းအတွက် ဒဏ်ကြေးငွေ ကျပ် ၂၅ သိန်းကို ပေးဆောင်ရမည်။

**မှတ်ပုံတင်ခြင်း**

၈။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်တင်ပြလာသည့် လျှောက်လွှာတစ်စောင်အား လက်ခံရရှိသည့်အခါ လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်လျက်-
(၁) လျှောက်လွှာအား မှတ်ပုံတင်ရမည်။ ၎င်းအပြင်
(၂) အောက်ပါအချက်များကိုဖော်ပြလျက် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံ လက်မှတ်တစ်စောင်ကို ထုတ်ပေးရမည် -
(ကက) ကုမ္ပဏီ၏အမည်၊
( ခခ ) ကုမ္ပဏီအမျိုးအစား၊
( ဂဂ ) ကုမ္ပဏီသည် ဤဥပဒေအရ ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားကြောင်း၊
(ဃဃ) မှတ်ပုံတင်သည့်နေ့၊
( ငင ) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်အား ထိန်းသိမ်းထားရှိရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်အတိုင်း လိုအပ်သော စာရွက်စာတမ်းများမှအပ အခြားစာရွက်စာတမ်းများကို တောင်းဆိုခြင်းမပြုရ။

**မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု**

၉။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီမှတ်ပုံတင်သည့် နေ့ရက်မှစတင်၍ လျှောက်လွှာတွင် အမည်စာရင်းတင်ပြခဲ့သည့်ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင်ပါရှိသည့်အမည်ဖြင့် သီးခြားဥပဒေဆိုင်ရာ အရည်အချင်းရှိသည့်ကုမ္ပဏီတွင် ပါဝင်သူများဖြစ်ရမည်။ ဤဥပဒေ၏ ပုဒ်မ ၅ သို့မဟုတ် အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်က ကန့်သတ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီသည် ယင်း၏လုပ်ငန်းတာဝန်များအားလုံးကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်အပြင် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့်ရှိရမည်။

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်၏ ပြည့်စုံခိုင်လုံမှုရှိခြင်း**

၁၀။ ပုဒ်မ ၈ အရ မှတ်ပုံတင်အရာရှိမှ ထုတ်ပေးသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်သည် ဤဥပဒေအရ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များအားလုံးကို ပြည့်စုံစွာ လိုက်နာဆောင်ရွက်ပြီးဖြစ်၍ ထိုသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီသည် ဤဥပဒေအရ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း ပြည့်စုံခိုင်လုံသည့် သက်သေခံအထောက်အထားဖြစ်သည်။

### အခန်း (၅)
### ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတွက် လိုအပ်ချက်များနှင့် ယင်း၏ အကျိုးသက်ရောက်မှု**

၁၁။ (က) ကုမ္ပဏီတစ်ခုစီတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခုရှိရမည်ဖြစ်ပြီး ယင်း၏ စည်းကမ်းချက်များအရ ကုမ္ပဏီနှင့် ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့တစ်ဦးစီက အသီးသီးပါဝင်လက်မှတ်ရေးထိုးခဲ့ကြသကဲ့သို့ ၎င်းတို့အပေါ်တွင် စည်းနှောင်မှုရှိသည်။ ထိုဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၌ပါဝင်သူတစ်ဦးစီနှင့် ၎င်းတို့၏ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

(ခ) ကုမ္ပဏီ၊ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာတစ်ဦးစီနှင့်ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီတို့သည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤဥပဒေနှင့်အညီ ပြင်ဆင်ဖော်ပြထားသည်မှတစ်ပါး ဤဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့် အခွင့်အရေးများ၊ အခွင့်အာဏာများ၊ တာဝန်များနှင့် ဝတ္တရားများရှိသည်။ **ဆက်လက်ဖော်ပြပါမည်။**



## ကျောင်းသား ကျောင်းသူများအား နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၈**
မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအား စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေပြီး အသိပညာဗဟုသုတများတိုးပွားလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်သီတာအေးနှင့်ဝန်ထမ်းများသည် ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်၍ နယ်လှည့်စာကြည့် တိုက်ဖွင့်လှစ်ကာစာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခြင်းနှင့် စာပေလေ့လာဖတ်ရှုစေခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်ဆောင်ရွက်ပေးရာတွင် ရန်အောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ဝင်တစားဖတ်ရှုလေ့လာခဲ့ကြကြောင်းသိရသည်။

**ရွှေကုက္ကို**



## ကျေးလက်ဒေသ သောက်သုံးရေရရှိရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဒီဇင်ဘာ ၈**
ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်အတွင်း နွေရာသီကာလရောက်တိုင်း သောက်သုံးရေ ရှားပါးလျက်ရှိသော ဒေါင်းနန်းကျကျေးရွာနှင့် ရွာတော်လေးကျေးရွာတို့၌ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် လေးလက်မ စက်ရေတွင်း၊ အုတ်ရေလောင်ကန်၊ ရေမြှုပ်ပန့်များ တပ်ဆင်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ခဲ့သည်။ လက်ရှိတွင် ဒေါင်းနန်းကျကျေးရွာရှိ ရေစက်ရုံမှ ရေမြှုပ်ပန့်နှင့် ရွာတော်လေးကျေးရွာရှိ အုတ်ရေကန်ကွဲအက်မှုများရှိနေကြောင်း ကျေးရွာကော်မတီဝင်များ၏တင်ပြချက်များအရ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့်ဝန်ထမ်းများက ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ချို့ယွင်းမှုများကို အမြန်ဆုံးပြုပြင်ပေးသွားမည်ဖြစ်ကာ ပြုပြင်ဆောင်ရွက်ပြီးစီးသွားပါက ဒေါင်းနန်းကျကျေးရွာ အိမ်ခြေ ၂၇၀၊ လူဦးရေ ၁၂၁၈ ဦး၊ ရွာတော်လေးကျေးရွာ အိမ်ခြေ ၉၃ အိမ်၊ လူဦးရေ ၄၉၉ ဦးအတွက် ရာသီမရွေး သောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ခွင့်မပြုဓာတုဆိုးဆေး ကင်းစင်သောဆိုင် အသိအမှတ်ပြုကတ်များ ထုတ်ပေးသွားမည်

**မန္တလေး ဒီဇင်ဘာ ၈**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မန္တလေးရုံးခွဲနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ပြည်သူများအန္တရာယ်ကင်းသော အစားအသောက်များ စားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေး ကင်းစင်သောဆိုင် အသိအမှတ်ပြုကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူများအန္တရာယ်ကင်းသော အစားအသောက်များစားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေး ပါဝင်သောပစ္စည်းများတွေ့လျှင် သတိပေးခြင်း၊ ခံဝန်ကတိလက်မှတ်ထိုးခိုင်းပြီးသတိပေးခြင်း ပစ္စည်းများသိမ်းစည်းခြင်းများ အဆင့်ဆင့်ပြုလုပ်ခဲ့ပါတယ်၊ ပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များစားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော အစားအသောက်များ ရောင်းချစေနိုင်ရန်အသိပညာပေးခြင်းများ ပြုလုပ်ပြီး ပြည်သူများအန္တရာယ်ကင်းသော အစားအသောက်များစားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သောဆိုင်အဖြစ် အသိအမှတ်ပြုကတ်ထုတ်ပေးသွားမှာဖြစ်ပါတယ်" ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မန္တလေးရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်ကပြောသည်။

ပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များ စားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေး ကင်းစင်သောဆိုင် အသိမှတ်ပြုကတ်ပြားအား ရှောင်တခင်သုံးကြိမ်စစ်ဆေးပြီးမှသာ အသိအမှတ်ပြုကတ်အား ထုတ်ပေးသွားမည်ဖြစ်သည်။

အသိအမှတ်ပြုကတ်ပြား ထုတ်ပေးပြီးသော်လည်း ပြည်သူများအန္တရာယ်ကင်းသော အစားအသောက်များစားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေးများပါဝင်သော စားသောက်ကုန်များ ရောင်းချခြင်းတွေ့ရှိပါက ထုတ်ပေးသော အသိအမှတ်ပြုကတ်ပြားအား ပြန်လည်သိမ်းယူမည့်အပြင် ထိရောက်သော အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

"ဆိုးဆေးတွေရဲ့ အန္တရာယ်က အလွန်ကြောက်ဖို့ကောင်းလာတယ်၊ အထူးသဖြင့် ကလေးတွေအတွက် ဈေးပေါပေါနဲ့ရောင်းနေတဲ့ စားစရာတွေမှာ အရောင်မျိုးစုံတွေနဲ့၊ ဘယ်ကထုတ်မှန်းမသိ၊ ဘာတွေနဲ့ ထုတ်လုပ်ထားတယ်ဆိုတာလည်း မသိရ၊ ကုန်ဆုံးရက်ဆိုတာကတော့ ဝေလာဝေးပဲ၊ ဒါတွေကို တာဝန်ရှိသူတွေက ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးဖို့လိုသလို ထုတ်လုပ်သူ ကုန်သည်တွေ ကိုယ်တိုင်က စေတနာပါဖို့လိုပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးကပြောသည်။

ထိုသို့ အသိအမှတ်ပြုကတ်ပြားများထုတ်ပေးရေးအတွက် ယခုဒီဇင်ဘာလတွင် နှီးနွှယ်ဌာနများ စုပေါင်းပြီး ပြည်သူများ အသိပညာပေးကာ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ပြည်သူများ အန္တရာယ်ကင်းသော အစားအသောက်များစားသုံးနိုင်ရန်အတွက် ခွင့်မပြုဓာတုဆိုးဆေး ကင်းစင်သော FDA စစ်ဆေးပြီး အသိမှတ်ပြုကတ်ရှိသောဆိုင်တွင် စိတ်ချစွာဝယ်ယူစားသောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**၀၀၂**

## မြန်မာ့ရိုးရာ အနုပညာ ဓားခြစ်ပန်းချီကားများအား ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစား ဝယ်ယူလေ့လာ

**မန္တလေး ဒီဇင်ဘာ ၈**
မန္တလေးမြို့တွင် မြန်မာ့ရိုးရာအနုပညာ ဓားခြစ်ပန်းချီပညာရပ်အား ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစား ဝယ်ယူလေ့လာကြကြောင်း သိရသည်။

အဆိုပါ ဓားခြစ်ပန်းချီပညာရပ်အား ပြည်တွင်းခရီးသွားများထက် ပြည်ပခရီးသွားများ ပိုမိုစိတ်ဝင်စားပြီး ၎င်းပန်းချီ အမျိုးအစားသည် AC စက္ကူအမျိုးအစားပေါ်တွင် ဘာနစ်ဆီဆေးဖြင့် ရေးဆွဲရပြီး ဆေးခြောက်ရန်အတွက် အချိန်နေ့ဝက်ခန့် စောင့်ဆိုင်းရကြောင်း သိရသည်။

"ဓားခြစ်ပန်းချီကို Blade ဓား အသုံးပြုဆွဲရသောကြောင့် Blade ဓားကိုင်တွယ်ပုံကို အဓိကသင်ယူခဲ့ရကြောင်း၊ ဘာနစ်ဆီဆေး အဖြူအနက်သာ ရေးဆွဲသောကြောင့် ရှေးခေတ် ရှုခင်းပန်းချီကားများသာ အများဆုံးရေးဆွဲကြောင်း၊ ပြည်ပခရီးသွားလာရောက်မှုများပြားသည့် ရာသီတွင် ပန်းချီကားများဝယ်ယူသူများပြား၍ အဆင်ပြေကြောင်း၊ ၎င်းပန်းချီကားများကို ထိုင်းလူမျိုးများ အများဆုံး ဝယ်ယူကြောင်း၊ ပြည်ပခရီးသွားများ အများဆုံးအကြိုက်တွေ့ အင်းလေးပန်းချီကား၊တောင်သမန်ရှုခင်းပန်းချီကား၊ မန္တလေးတောင် ရှုခင်းပန်းချီကားများနှင့် မြန်မာမှုအငွေ့အသက်ပါသော ပန်းချီကားများ အများဆုံးရေးဆွဲရောင်းချကြောင်း၊ ဈေးနှုန်းကလည်း တစ်ဒေါ်လာမှ ငါးဒေါ်လာထိ မြန်မာငွေကျပ်တစ်ထောင်မှ ခြောက်ထောင်ထိသာ ရောင်းချသောကြောင့် ဝယ်ယူသူများပြားကြောင်း၊ ပြည်ပခရီးသွားများ အနေဖြင့် လက်တွေ့သရုပ်ပြရေးဆွဲတာကို နှစ်သက် သဘောကျကြောင်း" မန္တလေးမြို့ ရွှေကျောင်းကြီးရှေ့တွင် ကိုယ်တိုင်ရေးဆွဲ ရောင်းချနေသော ပန်းချီဆရာမ ဒေါ်နန်းရွှေမြကပြောပြသည်။

ဓားခြစ်ပန်းချီ ပညာရပ်ကို ပြည်တွင်း ခရီးသွား စိတ်ဝင်စားမှုနည်းပါးသော်လည်း ပြည်ပခရီးသွားများ စိတ်ဝင်တစား ဝယ်ယူလျက်ရှိသောကြောင့် ပြည်ပခရီးသွားများ အဝင်အထွက် များသည့် ဦးပိန်တံတား၊ ရွှေကျောင်းကြီး၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ မဟာမုနိဘုရား၊ အင်းဝ၊ မင်းကွန်း အစရှိသော နေရာများတွင် ရောင်းချလျက်ရှိသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



## ဆေးဆိုးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ရေဆိုးများအား သန့်စင်ခြင်းအတွက် နည်းပညာမျှဝေခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ဝမ်းတွင်း ဒီဇင်ဘာ ၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ဆေးဆိုးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ရေဆိုးများအား သန့်စင်ခြင်းအတွက် နည်းပညာမျှဝေခြင်းဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီကမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်၊

ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ထွန်းလင်းက မြို့နယ်အတွင်းရှိ စက်ရက်ကန်းလုပ်ငန်းများ၏ ဆေးဆိုးလုပ်ငန်းလုပ်ကိုင်မှုများမှ ထွက်ရှိသည့် ရေထုညစ်ညမ်းမှု၏ ဖြစ်နိုင်ခြေရှိမှုအပေါ် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ HORFBA Co,ltd မှ Shiny a Nakamuram စီမံကိန်းပူးပေါင်းဆောင်ရွက်မှုအရ အသေးစားရေဆိုးသန့်စင်စနစ်အသုံးပြုသည့် နည်းပညာအား ဆက်စပ်ဌာနများနှင့် ဒေသတွင်းလုပ်ငန်းရှင်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ထွန်းလင်းနှင့်ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်စိုးနှင့်အဖွဲ့ဝင်များ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်နှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စက်ရက်ကန်းလုပ်ငန်းရှင်များက ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာ၏ အရှေ့ဘက်တွင် တည်ဆောက်ထားသည့်အသေးစားရေဆိုးသန့်စင်စနစ်တွင် အသုံးပြုထားသည့် နည်းပညာများနှင့်ပတ်သက်၍ မေးမြန်းမှုများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လင်းထွန်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဓွေးလှိုင်(ဝမ်းတွင်း)**





# ဗိုလ်ချုပ်ကြေးရုပ်တု ဖွင့်ပွဲ အခမ်းအနား ရေတာရှည်မြို့နယ်တွင် ကျင်းပ

**ရေတာရှည် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်လုံးဆိုင်ရာ ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့တောင်ဘက် ဘောလုံးအားကစားကွင်းနှင့် ရန်ကုန်-မန္တလေးကားလမ်းအကြားရှိ ဗိုလ်ချုပ်ကြေးရုပ်တုထားရှိရာနေရာ ပန်းခြံ၌ ကျင်းပခဲ့သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (အတွင်းရေးမှူး)ဦးဝင်းထိန်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်စိုးတို့က ဗိုလ်ချုပ်ကြေးရုပ်ဖွင့်လှစ်ရခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏စိတ်ဓာတ်ကို တိုင်းပြည်နှင့်အဝန်း လေးစားအားကျ ဂုဏ်ယူစွာ လိုက်နာလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြေးရုပ်တု အထိမ်းအမှတ်အဖြစ် ဇာတ်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကို ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့(အတွင်းရေးမှူး) ဦးဝင်းထိန်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါတီအသီးသီးမှဖိတ်ကြားထားသူများ၊ ကရင်တိုင်းရင်းသားများ၊ ပအိုဝ်းတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ကိုလွင်(ဆွာ)**



# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၈**

MY health my right "လူတိုင်း၏ကျန်းမာရေး၊တူညီအခွင့်အရေးဆောင်ကြဉ်းပေး" ဟူသော ဆောင်ပုဒ်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ထားဝယ်မြို့ Diamond Crown Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ယနေ့အခမ်းအနားကို ကျင်းပရသော ရည်ရွယ်ချက်သည် အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသွားသူများကို အမှတ်ရစေရန်နှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် ပြည်သူလူထု တစ်ရပ်လုံးက နိုးကြားတက်ကြွသော စိတ်ဓာတ်များနှင့်ပူးပေါင်းပါဝင်ပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရောဂါပိုးရှိသူများ၊ ဝေဒနာရှင်များအား လူတိုင်းလက်လှမ်းမီရရှိနိုင်သော အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရေး၊ ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ အေအိုင်ဒီအက်စ်ရောဂါနှင့် ဆက်နွယ်သော သေဆုံးမှုများလျှော့ချရေးစသော ရည်မှန်းချက်များပြည့်မီပြီး အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာနိုင်ရန် တိုင်းဒေသကြီးအတွင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုဖြင့် ကျင်းပသည့် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ပညာပေးပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှေးဦးပြုစုခြင်း အခြေခံသင်တန်း ဆင်းပွဲကျင်းပ

**ကြို့ပင်ကောက် ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ အထက(ပန်းတင်)ကျောင်းတွင် ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ၂/ ၂၀၁၇ သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသိန်းထွန်းတို့ကအဖွင့်အမှာစကားများပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တာဝန်ရှိသူအသီးသီးက ပေးအပ်ခဲ့ကြသည်။ သင်တန်းကို ရှစ်ရက်ကြာဖွင့်လှစ်ပို့ချခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ငါးကျောင်းမှ ကျောင်းသားကျောင်းသူ ၃၅ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# အာဆီယံနိုင်ငံ အခြေခံပညာကျောင်းများ၏ ကျောင်းကျန်းမာရေးကဏ္ဍပြိုင်ပွဲတွင် ရန်ကုန်မြို့ အ-ထ-က(၁)ဒဂုံ ဒုတိယဆုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသော ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု (Health and Nutrition Programme )ပြိုင်ပွဲတွင် အာဆီယံနိုင်ငံပေါင်း ၁၁ နိုင်ငံမှ အခြေခံပညာ ကျောင်းပေါင်း ၅၆ ကျောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ အထက(၁)ဒဂုံမှ ဒုတိယဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"ဆရာမတို့ အ-ထ-က (၁) ဒဂုံရဲ့ ကျောင်းကျန်းမာရေးကဏ္ဍ အစီအစဉ်တွေကကျောင်းအနေနဲ့များပါတယ်၊ ဒီအပေါ်မှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ၊ ဒါက အာဆီယံနိုင်ငံအတွင်းမှာရှိတဲ့ ကျောင်းတွေအနေနဲ့ ကိုယ့်ကျောင်းမှာ ကျောင်းကျန်းမာရေးကို နှစ်စဉ်၊ လစဉ် ဘယ်လိုအစီအစဉ်တွေနဲ့ လုပ်ဆောင်တယ်၊ အာဟာရဖွံ့ဖြိုးရေး တိုးတက်မှုတွေကို ဘယ်လိုလုပ်နေတယ်ဆိုတာတွေနဲ့ ကျန်းမာရေးဆိုင်ရာအသိပညာပေး လှုပ်ရှားမှုတွေကိုဘယ်လိုလုပ်နေတယ်ဆိုတာတွေကို ချပြတာလည်းဖြစ်သလို နိုင်ငံအချင်းချင်းဖလှယ်တာလည်း ဖြစ်ပါတယ်၊ နောင်နှစ်တွေမှာလည်း ယှဉ်ပြိုင်ရမယ့် ခေါင်းစဉ်နဲ့ ကိုယ့်ကျောင်းရဲ့ လှုပ်ရှားမှုတွေ ကိုက်ညီရင်တော့ယှဉ်ပြိုင်သွားမှာပါ"ဟု ဆရာမ ဒေါက်တာခင်သီတာတိုးက ပြောသည်။

အဆိုပါပြိုင်ပွဲသည် နဝမအကြိမ်မြောက် ဆီမီယိုအရာရှိကြီးများ အစည်းအဝေး၏ SEAMEO - Japan Education Suatainable Development (ESD) Award 2017 အစီအစဉ်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု အထက(၁)ဒဂုံမှ Promoting Three Healthy Lifestyle Programme ရေးသားကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုကို မလေးရှားနိုင်ငံ၊ တတိယဆုကို ဖိလစ်ပိုင်နိုင်ငံတို့က ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲသည် နှစ်စဉ် အာဆီယံနိုင်ငံများအကြား ကျောင်းများစုပေါင်းကာ ကျင်းပသော ပြိုင်ပွဲဖြစ်ကြောင်းသိရပြီး ယခုနှစ်အတွက် ကျောင်းကျန်းမာရေးကဏ္ဍဖြင့် ဒုတိယဆုဆွတ်ခူးရရှိသော အထက(၁)ဒဂုံသည် ထိုပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်းသိရသည်။ ၂၀၁၄ ခုနှစ်တွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံများ၏ ကျောင်းပေါင်း ၉၀ တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အထက(၁)ဒဂုံက တတိယဆုရရှိခဲ့ကြောင်းသိရသည်။

**ပွင့်သစ္စာ**



# မြဝတီမြို့၌ မြန်မာနိုင်ငံကူးလက်မှတ် လာရောက်ပြုလုပ်သူများပြား

**မြဝတီ ဒီဇင်ဘာ ၈**

မြန်မာ-ထိုင်း နယ်စပ်မြို့တစ်မြို့ဖြစ်သည့် မြဝတီမြို့၌ မြန်မာနိုင်ငံကူးလက်မှတ်(Passport)အား ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှစတင်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၇ ရက်အထိ လာရောက် ပြုလုပ်သူဦးရေ ၇၀၀၀ကျော် ရှိပြီဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေဟာ ပတ်စပို့စ်သက်တမ်းတိုးတာတို့၊ အသစ်လုပ်တာတို့၊ ပတ်စပို့စ် စာအုပ်နဲ့ပတ်သက်ပြီးတော့ ဘားအံတို့၊ မော်လမြိုင်တို့မှာသွားလုပ်တယ်၊ ကုန်ကျစရိတ် တအားများတယ်၊ အချိန်တွေလည်း တအားကုန်တယ်၊ အဲဒါကို နိုင်ငံတော်အစိုးရကသိလို့ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းပေါ့ တစ်ပြိုင်နက်တည်း စက်တင်ဘာ ၂၅ မှာ စတင်ဖွင့်လှစ်ပေးခဲ့တာပါ၊ လိုအပ်တာကတော့ အလည်အပတ်ဆိုရင် အိမ်ထောင်စုစာရင်းတို့ မှတ်ပုံတင်တို့ပေါ့၊ စာအုပ်ရှိပြီးသားဆို စာအုပ်လိုမယ်၊ နောက် အလုပ်အတွက်ဆို အလုပ်သမားကတ်တွေ ခေါ်စာတွေလိုမှာပါ၊ ဒီမှာ ဆောင်ရွက်လို့ ကုန်ကျစရိတ်က စုစုပေါင်း ၂၅၀၀၀ ကျပါတယ်၊ အခုအနေအထားမှာ မြန်မာအလုပ်သမားတွေအနေနဲ့ အထောက်အထား မပြည့်စုံတဲ့အတွက် ထိုင်းက ခွင့်ပြုထားတဲ့ရက်ပေါင်း ၁၈၀ အတွင်းလာရောက်ပြီး ဆောင်ရွက်နေကြတာကြောင့် ယခုရက်ပိုင်းအတွင်း နိုင်ငံကူးလက်မှတ် လုပ်သူတွေနေ့စဉ်များပြားနေပါတယ်"ဟု မြဝတီနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးမှ တာဝန်ရှိသူ ရဲအုပ်မြင့်သိန်းက ပြောကြားသည်။

အဆိုပါ မြန်မာနိုင်ငံကူးလက်မှတ်(Passport)အား ပြုလုပ်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ခွဲရုံး(မြဝတီ)အား မြဝတီမြို့ အမှတ် ၄ ရပ်ကွက် ကျောက်လုံးကြီးမြို့ပတ်လမ်းသွယ်တစ်ခုဖြစ်သည့် ရန်ကင်းလမ်းတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၅ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ကော့မှူး ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူးဖွင့်လှစ်သော ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေရေးအတွက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ကော့မှူးမြို့နယ် လာဝတီကျေးရွာအုပ်စု ရှမ်းစုကျေးရွာ Sumခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးကျော်သူက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းပြုရန်အတွက် အခြေခံဆိုင်ကင်ပြင်သင်တန်းများအား ဖွင့်လှစ်သင်ကြားပေးခြင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသောပညာဖြင့် အလုပ်အကိုင်ရရှိကာ မိသားစုဘဝတိုးတက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ လာဝတီကျေးရွာအတွင်းရှိ ရှမ်းစုကျေးရွာအတွင်းမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၇ ရက်မှ၂၆ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အဂတိလိုက်စားမှုကို ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့

**မောင်သောင်းဝင်း (တမန်ဟောင်း)**

နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့သည် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပဋိညာဉ်ပြဋ္ဌာန်းလိုက်ကတည်းကထိုနေ့ကို စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ အဂတိလိုက်စားမှု၏ ဆိုးကျိုးကိုပြည်သူများသတိထားမိစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် ထိုပဋိညာဉ်၏ အခန်းကဏ္ဍကိုသိရှိစေရန်အတွက် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ အဂတိလိုက်စားမှုသည် ဒီမိုကရေစီအင်စတီကျူးရှင်းများ၊ လူမှုအဖွဲ့အစည်းများ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အင်အားချည့်နဲ့အောင် လိုက်စားနေသည့် ကြောက်မက်ဖွယ်ကောင်းသောရာဇဝတ်မှုပင်ဖြစ်သည်။ အရေးယူဆောင်ရွက်မှုများရှိနေသော်လည်း တချို့သောသူများသည် အဂတိလိုက်စားမှုကို နည်းလမ်းပေါင်းစုံဖြင့်ကျူးလွန်နေဆဲပင်ဖြစ်သည်။ ခားသွားပေါ်က ပျားရည်စက်ကိုတရှိုက်မက်မက်ခံမင်နေကြသူများပင်ဖြစ်သည်။

## အဂတိလိုက်စားမှု ဆိုသည်မှာ

အဂတိလိုက်စားမှုဆိုသည်မှာ လူတစ်ဦးသည်မိမိအားပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာကို တလွဲအသုံးချကာ ကိုယ်ကျိုးစီးပွားရှာဖွေသည့် လူမှုကျင့်ဝတ်နှင့်မညီသော လုပ်ဆောင်မှုပင်ဖြစ်သည်။ အဂတိလိုက်စားမှုသည် လူမှုအဖွဲ့အစည်း၏ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်စီးပွားရေးလုပ်ငန်းစဉ်အားလုံးကို ဝါးမျိုသည့် ကင်ဆာရောဂါ တစ်မျိုးလည်းဖြစ်ပြီး အရေးပါသောအစိတ်အပိုင်းအားလုံး၏လုပ်ဆောင်ချက်များကိုပါ ဖျက်ဆီးပစ်လေ့ရှိသည်။ ထို့အပြင်မျက်မှောက်ကမ္ဘာကြီးအတွက် ကြီးမားသောစိန်ခေါ်မှုကြီးလည်းဖြစ်နေသည်။ ကောင်းမွန်သော အုပ်ချုပ်မှုကို ချည့်နဲ့စေခြင်း၊ ပြည်သူ့မူဝါဒများကိုအခြေခံကျကျဖျက်ဆီးခြင်း၊ အရင်းအမြစ်များကို မမျှမတခွဲဝေခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေခြင်း၊ အထူးသဖြင့် ပြည်သူများကို ထိခိုက်နစ်နာစေမှုများဖြစ်ပေါ်စေပါသည်။ အမှန်စင်စစ်မှာမူ ကိုယ်ကျိုးစီးပွားအတွက် ပြည်သူ့အာဏာကိုအလွဲသုံးစား ပြုလုပ်ခြင်းကို အဂတိလိုက်စားခြင်းဟုအဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။

## အဂတိလိုက်စားမှုဖြစ်ပွားရသည့်အကြောင်းတရားများ

၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ စစ်တမ်းကောက်ယူခဲ့ရာ အောက်ဖော်ပြပါအကြောင်းတရားများသည် အဂတိလိုက်စားမှုကိုဖြစ်ပေါ်စေလျက်ရှိသည်-

(၁) ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်နိုင်ငံရေးလက်ဝါးကြီးအုပ်ထားခြင်း။
(၂) ဒီမိုကရေစီအဆင့်နိမ့်ကျခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် နိုင်ငံရေးပွင့်လင်းမြင်သာမှုအားနည်းခြင်း။
(၃) ဗဟိုချုပ်ကိုင်မှုကြီးထွားပြီး အုပ်ချုပ်မှုယန္တရားများ အင်အားချည့်နဲ့ခြင်း။
(၄) သတင်းမီဒီယာလွတ်လပ်မှုအားနည်းခြင်း။
(၅) စီးပွားရေးလုပ်ငန်းလွတ်လပ်မှုအားနည်းခြင်း။
(၆) လူမျိုးရေးကွဲပြားမှုနှင့် အုပ်စုအလိုက်မျက်နှာသာပေးမှုများပြားခြင်း။
(၇) ကျား-မ သာတူညီမျှမှုမရှိခြင်း။
(၈) ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း။
(၉) အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဒုဝန်ကြီးများသည် လိုအပ်သည်ထက်အင်အားများနေခြင်း။
(၁၀) ဗဟိုမှဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့အာဏာခွဲဝေမှုနည်းပါးခြင်း။
(၁၁) ဆင်းရဲမွဲတေမှုမြင့်မားခြင်းနှင့်ပိုင်ဆိုင်မှုအခွင့်အလမ်းနည်းပါးခြင်း။
(၁၂) နိုင်ငံရေးမတည်ငြိမ်ခြင်း။
(၁၃) ပညာရည်အဆင့်အတန်းနိမ့်ပါးခြင်း။
(၁၄) အင်တာနက်ကွန်ရက် ချိတ်ဆက်နိုင်မှု အခွင့်အလမ်းနည်းပါးခြင်းတို့ဖြစ်သည်။

## အသေးစား အဂတိလိုက်စားမှု

အသေးစားအဂတိလိုက်စားမှုဆိုသည်မှာ အောက်ခြေဝန်ထမ်းများသည်ပြည်သူများနှင့် ထိတွေ့ဆက်ဆံရချိန်၌ တောင်းခံသည့်ပမာဏမများသောငွေကြေးပင်ဖြစ်သည်။ သာဓကအနေဖြင့် မှတ်ပုံတင်ရုံး၊ စည်ပင်၊ ရဲစခန်းနှင့် အခြားသောအစိုးရရုံးများဖြစ်သည်။

## ကြီးမားသော အဂတိလိုက်စားမှု

ကြီးမားသော အဂတိလိုက်စားမှုကိုအစိုးရအဖွဲ့၏ အဆင့်မြင့်ဝန်ထမ်းများ၌သာတွေ့ရသည်။ နိုင်ငံရေး၊ တရားဥပဒေနှင့် စီးပွားရေးစနစ်များတွင်လွှမ်းမိုးမှုရရှိရန်အတွက်ဆောင်ရွက်ခြင်းဖြစ်သည်။ အာဏာရှင်များချုပ်ကိုင်သော အစိုးရအဖွဲ့များနှင့်အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တင်းကျပ်သောမူဝါဒမရှိသော အစိုးရအဖွဲ့များတွင် သာလျှင်ကြီးမားသော အဂတိလိုက်စားမှုများတွေ့ရသည်။ အဂတိလိုက်စားမှုနည်းပါးရေးအတွက် ဥပဒေပြုရေးအာဏာ၊အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားရန် လိုအပ်သည်။

## အစုအဖွဲ့လိုက် အဂတိလိုက်စားခြင်း

အဖွဲ့အစည်း သို့မဟုတ် အကောင်အထည်ဖော်နေသောလုပ်ငန်းစဉ်၏ အားနည်းချက်ကြောင့် အစုအဖွဲ့လိုက်အဂတိလိုက်စားမှုများ တွေ့ရတတ်သည်။ စနစ်တစ်ခုအတွင်း တာဝန်ထမ်းဆောင်နေသော တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် ကိုယ်စားလှယ်များကအဂတိလိုက်စားမှုဆောင်ရွက်ခြင်းဖြစ်သည်။ အကျိုးခံစားခွင့်အပေါ် ဝိရောဓိဖြစ်ခြင်း၊ အာဏာကိုလိုအပ်သလိုခွဲဝေပေးခြင်း၊ အာဏာကိုတစ်ဦးတည်း လက်ဝါးကြီးအုပ်ထားခြင်း၊ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ လုပ်ခလစာနည်းခြင်းနှင့် အကျိုးဆက်ကို မခံစားရခြင်းတို့ကြောင့် အစုအဖွဲ့လိုက်အဂတိလိုက်စားမှုများကိုဖြစ်ပေါ်စေပါသည်။

## နယ်ပယ်ပေါင်းစုံတွင်တွေ့ရ

အဂတိလိုက်စားမှုကိုနယ်ပယ်ပေါင်းစုံတွေ့ရသည်။ ပုဂ္ဂလိကလုပ်ငန်း၊ အများပိုင်လုပ်ငန်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) များ၌ပင်လျှင် တွေ့ရသည်။ ပြည်သူပိုင်ကဏ္ဍများတွင်တွေ့ရသည့် အဂတိလိုက်စားမှုများတွင် နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ဘဏ္ဍာငွေခွဲဝေချထားမှု၊ ကန်ထရိုက်စာချုပ်များနှင့် ငှားရမ်းမှုများပြုလုပ်ရာတွင်အများဆုံးတွေ့ရသည်။ နိုင်ငံရေးအဂတိလိုက်စားခြင်းသည် ရွေးချယ်တင်မြှောက်ခံရသော အစိုးရတာဝန်ရှိသူများက ပြည်သူ့အာဏာ၊ လုပ်ပိုင်ခွင့်နှင့်အရင်းအမြစ်များကို ကိုယ်ကျိုးအတွက် တလွဲအသုံးချခြင်း ဖြစ်သည်။ အာဏာဆုပ်ကိုင်ထားသူများသည် ရာထူးဆက်လက်တည်မြဲရေးအတွက် အခွန်ထမ်းပြည်သူများ၏ ငွေကိုအသုံးချကာ ဥပဒေများပြင်ဆင်ခြင်းနှင့် မဲဝယ်ခြင်းတို့လုပ်လေ့ရှိကြသည်။ အဂတိလိုက်စားမှုများမှ နိုင်ငံရေးအကျိုးအမြတ်ရရှိသည့်သာဓကများစွာလည်းရှိသည်။

## ဆုံးရှုံးမှုများ

ကမ္ဘာတစ်ဝန်းတွင် လာဘ်ပေးလာဘ်ယူမှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်းတစ်သန်း (1 trillion) ဆုံးရှုံးနေသည့်အပြင် အဂတိလိုက်စားမှုကြောင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံ ဆုံးရှုံးလျက်ရှိသည်။ ထိုပမာဏသည် တစ်ကမ္ဘာလုံးအသားတင်ထုတ်ကုန်တန်ဖိုး (GDP) စုစုပေါင်း၏ ငါးရာခိုင်နှုန်းကျော်အထိရှိသည်ဟုဆိုသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အဆိုအရ အဂတိလိုက်စားမှုတွင် ပျောက်ဆုံးသွားသောငွေကြေးပမာဏသည် တရားဝင်ဖွံ့ဖြိုးမှုထောက်ပံ့ငွေထက် ဆယ်ဆပင်ကျော်လွန်နေသည်ဟုဆိုသည်။ ကြောက်မက်ဖွယ်ကောင်းသောပမာဏပင်ဖြစ်သည်။

## မြန်မာနိုင်ငံနှင့် အဂတိလိုက်စားမှု

နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ အဂတိလိုက်စားမှုလေ့လာဆန်းစစ်သည့် ညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အဂတိလိုက်စားမှု နိုင်ငံ ၁၇၆ နိုင်ငံအနက် အဆင့် ၁၃၆ တွင်ရှိနေသည်ဟုဆိုသည်။ မြန်မာနိုင်ငံအောက်တွင် နိုင်ငံ ၄၀ သာရှိပြီး မြန်မာနိုင်ငံအထက်တွင် နိုင်ငံပေါင်း ၁၃၅ နိုင်ငံရှိနေသည်။ အဂတိလိုက်စားမှုအနည်းဆုံးဖြင့် အဆင့် ၁ တွင် ရပ်တည်နေသော နိုင်ငံသည် ဒိန်းမတ်ဖြစ်သည်။ အဂတိလိုက်စားမှုအများဆုံးဖြင့် အဆင့် ၁၇၆ တွင်ရပ်တည်နေသောနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံဖြစ်သည်။ စင်ကာပူနိုင်ငံသည် အဆင့် ၇ တွင် ရပ်တည်နေသည်။ မြန်မာနိုင်ငံ၏အောက်တွင် ရှိနေသောနိုင်ငံများသည် အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသရှိ စစ်မက်ဖြစ်ပွားနေသောနိုင်ငံများနှင့် လူဦးရေထူထပ်ပြီး ဆင်းရဲတွင်းနက်နေသော နိုင်ငံများသာရှိသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အမိန့်အမှတ်၊ ၃၀/၂၀၁၇ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ကော်မရှင်ဥက္ကဋ္ဌသည် ဦးအောင်ကြည်ဖြစ်ပြီး အငြိမ်းစား အရာထမ်းများ၊ တတ်သိပညာရှင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နာမည်ကောင်းရှိသူ ၁၂ ဦးနှင့် ဖွဲ့စည်းထားသဖြင့် ပြည်သူများကထောက်ခံကြိုဆိုခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ အဂတိလိုက်စားနေသူများအတွက်မူ ကြီးမားသောခြိမ်းခြောက်မှုပင်မဟုတ်ပါလား။

## ကြီးမားသောစိန်ခေါ်မှုများ

ယခင်အစိုးရလက်ထက်တွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရှိခဲ့သည်။ သို့သော်အစိုးရယန္တရားကြီး၏ နယ်ပယ်အသီးသီးတွင် ဖြစ်ပေါ်နေသော ခြစားမှုများကိုထင်သလောက်မနှိမ်နင်းနိုင်ခဲ့ပေ။ အကြောင်းအရင်းများစွာရှိမည်ထင်ပါသည်။ လက်ရှိဖွဲ့စည်းထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တွင်လည်း စိန်ခေါ်မှုများစွာရှိနေမည်ထင်ပါသည်။ ယခင်လက်ကျန်တိုင်စာများ၊ နောက်ထပ် ရောက်ရှိလာသည့်တိုင်စာများကို စိစစ်ဖြေရှင်းရတော့မည်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် တည်ကြည်ဖြောင့်မတ်စွာရပ်တည်နိုင်ပါစေဟု ရိုးသားစွာဆန္ဒပြုမိပါသည်။

ခြုံ၍တင်ပြရလျှင် အဂတိလိုက်စားမှုသည် တစ်ကမ္ဘာလုံးကိုခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် ဆင်းရဲတွင်းနက်သောနိုင်ငံများ၊ အာဏာရှင်ကြီးစိုးသောနိုင်ငံများနှင့် ဒီမိုကရေစီစနစ်အင်အားချည့်နဲ့သော နိုင်ငံများတွင် အများဆုံးတွေ့ရသည်။ ဝမ်းနည်းစရာကောင်းသောအချက်မှာ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတွင်အဆင့် ၁၃၆ အထိရှိနေခြင်းဖြစ်သည်။ သို့သော်နိုင်ငံတော်သမ္မတရုံးမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းထားပြီးဖြစ်သဖြင့် အဆင့်တစ်ခုအထိတိုးတက်လာမည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။ အထူးသဖြင့်ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားမည်ဆိုလျှင် အဂတိလိုက်စားမှုကို အတိုင်းအတာတစ်ခုအထိလျှော့ချနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးသည် အဂတိလိုက်စားမှုကို ရွံရှာစက်ဆုပ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဖြောင့်မတ်မှန်ကန်စွာဖြင့်ထမ်းဆောင်သွားနိုင်ကြပါစေ။ ။

# မြန်မာနိုင်ငံ၏ပညာရေးကိုတိုးတက်စေရန် ရည်ရွယ်သည့် Myanmar Professor Days ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

National Instruments နှင့် Synopsis Technology မြန်မာတို့ပူးပေါင်း၍ Myanmar Professor Days ကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ပြည်လမ်းပေါ်ရှိ Lotte ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

Professor Days သည် တက္ကသိုလ်ပညာရပ်ဆိုင်ရာ တစ်စိတ်တစ်ပိုင်းအဖြစ် သင်ကြားရေးနှင့် သုတေသနကဏ္ဍတွင် နောက်ဆုံးပေါ် Latest Platform ချပေးသော အသိုင်းအဝိုင်းအတွက် ရည်ရွယ်ကျင်းပသော ဖိုရမ်ဖြစ်ပြီး ထို platformများကို စွဲကိုင်၍ မြန်မာနိုင်ငံ၏ ပညာရေးကိုတိုးတက်အောင် လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

"ပညာရေးဟာ တကယ်တော့ ရေရှည်မှာ အများနဲ့ယှဉ်ပြိုင်ရတဲ့အခါ မြန်မာနိုင်ငံအတွက် အဓိကအကျဆုံး ဖြစ်ပါတယ်၊ ဒီကနေတစ်ဆင့် မြန်မာနိုင်ငံက ပညာဖြန့်ဝေနေသူတွေအနေနဲ့ အနာဂတ်မှာ ထွန်းလင်းတောက်ပတဲ့ ကျောင်းသားကျောင်းသူတွေ မွေးဖွားပေးနိုင်တဲ့အထိ ကျွန်တော်တို့ ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်။

"ပြီးတော့ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနဲ့ သင်္ချာ ဘာသာရပ်တွေကို သင်ကြားပြသပေးတဲ့ ဆရာ ဆရာမတွေရဲ့ ဘာသာရပ်တွေအပေါ်မှာ လိုအင်ဆန္ဒပြင်းပြမှုတွေ သုတေသနအကြံဉာဏ်တွေ အတွက်ကို တွန်းအားပေးသွားမှာပါ"ဟု Mr. Matej Krajnc အုပ်ချုပ်မှု ဒါရိုက်တာ အာဆီယံနှင့် ဩစတြေးလျ-နယူးဇီလန် National Instruments က ပြောသည်။

National Instrument သည် အခြေခံမှ အဆင့်မြင့်သင်တန်းအထိရှိသော အီလက်ထရွန်နစ်ပညာနှင့် စက်မှုလက်မှု အင်ဂျင်နီယာပညာရပ်တို့ ပေါင်းစည်းထားသော နည်းပညာ (Mechatronics)၊ လျှပ်စီးနှင့် အီလက်ထရွန်နစ် ပညာ၊ ကြိုးမဲ့ဆက်သွယ်ရေး ပညာရပ်တို့အတွက် သင်ကြားပို့ချပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် အင်ဂျင်နီယာပညာရပ်အတွေ့အကြုံများ အမြင်ချင်း နှီးနှောခြင်း၊ ထိန်းချုပ်ရေးခတ်ခွဲခန်းများတွင် သင်ကြားရေးနှင့် သုတေသန လုပ်ငန်းများတွင် လက်တွေ့ လုပ်ဆောင်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲသို့ မြန်မာအင်ဂျင်နီယာများ၊ သုတေသနပညာရှင်များ၊ ပညာဖြန့်ဝေသူများနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

**ခင်ဇာလီ**

# လမ်းခွဲလိုက်ပြီလို့ သတင်းတွေထွက်နေတဲ့ ဟွန်ဘင်းနဲ့ ကန်ဆိုရာ




တောင်ကိုရီးယားရဲ့ နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲဟာလည်း လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပြီး လတ်တလောမှာတော့ မီဒီယာစာမျက်နှာတိုင်းလိုလိုမှာ သူတို့ရဲ့သတင်းက နေရာယူထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာလည်း နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုနဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆူဇီတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ယခုလအတွင်းမှာတော့ နောက်ထပ် နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲဟာလည်း လမ်းခွဲဖို့ဖြစ်လာခဲ့ပြီး သူတို့ကတော့ မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ကန်ဆိုရာတို့ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ သူတို့နဲ့ ရင်းနှီးသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာများစွာက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ထိပ်တန်းကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဟွန်ဘင်းနဲ့ ကန်ဆိုရာတို့ဟာ ချစ်သူတွေအဖြစ် တစ်နှစ်ခန့် လက်တွဲခဲ့ကြပြီးနောက် လတ်တလောမှာတော့ လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက နှစ်ဦးသားလမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပေမယ့် သူတို့နှစ်ဦးစလုံးရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေကတော့ လတ်တလော ပေါ်ထွက်နေတဲ့ သတင်းနဲ့ပတ်သက်ပြီး အတည်ပြုပေးခဲ့ခြင်းမရှိဘဲ ကာယကံရှင်တွေနဲ့ ဆက်သွယ်မေးမြန်းသွားမှာ ဖြစ်ကြောင်းသာ ဖြေကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဟွန်ဘင်းနဲ့ ကန်ဆိုရာတို့ လမ်းခွဲခဲ့ရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး နှစ်ဦးသားများပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် တစ်ဦးကိုတစ်ဦး အချိန်မပေးနိုင်ဖြစ်ကာ လမ်းခွဲဖို့ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်လို့လည်း သိရတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၈ ရက်မှာ သူတို့နဲ့ ရင်းနှီးသူက “သူတို့နှစ်ဦးဟာ စကားလည်း အများကြီးမပြောဖြစ်ကြတော့ပါဘူး၊ တစ်ယောက်ရဲ့ အနုပညာနဲ့ပတ်သက်တဲ့ အခမ်းအနားတွေမှာလည်း အခြားတစ်ယောက်က အတူတက်ရောက်ပေးနိုင်ခြင်း မရှိတော့ပါဘူး၊ ဒါပေမယ့် သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုတာကို ရင်းနှီးတဲ့ သူငယ်ချင်းတွေကတော့ သိပါတယ်”လို့ မီဒီယာတွေကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဒီသတင်းပေါ်ထွက်ခဲ့ပြီးနောက်မှာတော့ ဟွန်ဘင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဗက်စ်ထ်အန်တာတိန်းမန့်က “ကျွန်တော်တို့အနေနဲ့ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုတာ မသိသေးပါဘူး၊ ဟွန်ဘင်းနဲ့ စကားပြောပြီးတဲ့နောက်မှာတော့ ကျွန်တော်တို့ ဒီအခြေအနေနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားပေးမှာပါ”လို့ ပြောကြားခဲ့ပါတယ်။ ကန်ဘိုရာရဲ့ အေဂျင်စီကတော့ လမ်းခွဲလိုက်ပြီဖြစ်တယ်ဆိုတဲ့ သတင်း မှန်၊ မမှန် စုံစမ်းနေကြောင်း ပြောကြားခဲ့ပါတယ်။

ဟွန်ဘင်းနဲ့ ကန်ဆိုရာတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြပြီး နှစ်ဦးဟာ ချစ်သူတွေဖြစ်နေကြောင်းကိုတော့ အဲဒီနှစ် ဒီဇင်ဘာလအတွင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ချစ်သူသက်တမ်း တစ်နှစ်ခန့်အကြာမှာတော့ ယခုလို လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပထမဆုံးအကြိမ်အဖြစ် ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

# ထိုင်ဝမ်ကို ခင်ပွန်းနဲ့အတူ ရောက်ရှိနေတဲ့ ဂျန်ဂျီဟွန်း

ထိုင်ဝမ်မီဒီယာတစ်ခုရဲ့ ရေးသားဖော်ပြချက်တွေကို ကိုးကားကာ ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ရာမှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဂျန်ဂျီဟွန်းဟာ လတ်တလောမှာတော့ ထိုင်ဝမ်ကို ခင်ပွန်းဖြစ်သူနဲ့အတူ ရောက်ရှိနေတာဖြစ်ပြီး သူတို့နှစ်ဦးကို စတိုးဆိုင်တစ်ဆိုင်မှာ အတူတွေ့မြင်ခဲ့ရကြောင်း သိရပါတယ်။ ဂျန်ဂျီဟွန်းနဲ့ ခင်ပွန်းဖြစ်သူတို့ဟာ လက်တွဲကာလမ်းလျှောက်လာချိန်မှာပင် ဂျန်ဂျီဟွန်းရဲ့ ကျော်ကြားမှုကြောင့် ပရိသတ်တွေက သတိထားမိခဲ့တာဖြစ်ပါတယ်။

ဂျန်ဂျီဟွန်းရဲ့ ထိုင်ဝမ်ခရီးစဉ်နဲ့ပတ်သက်ပြီး အချို့သောမီဒီယာတွေက အလုပ်ကြောင့် လာရောက်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့တာတွေရှိခဲ့ပေမယ့် ဟန်းစင်းနီးမားဒေ့ါကွန်းကတော့ ဂျန်ဟာ လက်ရှိမှာ ဒုတိယမြောက်ရင်သွေးလေးလွယ်ထားရတာကြောင့် အနုပညာလုပ်ငန်းတွေကနေ ခေတ္တအနားယူထားတာဖြစ်ပြီး ဒီခရီးဟာလည်း အလည်အပတ်သက်သက်သာဖြစ်တယ်လို့ ဆိုပါတယ်။ ဂျန်ဂျီဟွန်းဟာ လာမယ့်နှစ်အစောပိုင်းမှာ ရင်သွေးလေးမွေးဖွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ထိုင်ဝမ်မှာရောက်ရှိနေတဲ့ ဂျန်ဂျီဟွန်းတို့စုံတွဲကို ရိုက်ကူးထားတဲ့ဓာတ်ပုံမှာတော့ ဂျန်ကို သက်သောင့်သက်သာရှိမယ့် ဝတ်စားဆင်ယင်မှုမျိုးနဲ့ တွေ့ရပြီး ဦးထုပ်ဆောင်းထားတာကိုလည်း တွေ့ရပါတယ်။ ခင်ပွန်းဖြစ်သူ ချွိုင်ဂျွန်ဟွတ်ခ်ကလည်း ဦးထုပ်ဆောင်းထားပြီး နှစ်ဦးသား လက်ချင်းချိတ်ကာ အလည်အပတ်ထွက်နေကြတာ ဖြစ်ပါတယ်။

မင်းသမီး ဂျန်ဂျီဟွန်းဟာ မန်နေဂျာတစ်ဦးဖြစ်တဲ့ ချွိုင်ဂျွန်ဟွတ်ခ်နဲ့ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပြီး ရင်သွေးလေးတစ်ဦးရရှိခဲ့ပြီးဖြစ်ကာ လက်ရှိဂျန်လွယ်ထားရတဲ့ ရင်သွေးလေးဟာ ဒုတိမြောက်ဖြစ်ပါတယ်။ ဂျန်ဂျီဟွန်းဟာ အက်စ်ဘီအက်စ်ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် “The Legend of the Blue Sea (ပင်လယ်ပြာဒဏ္ဍာရီ)” ရိုက်ကူးမှုအပြီးမှာတော့ အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူထားတာလည်း ဖြစ်ပါတယ်။



အေးပြည့်-စုစည်းသည်။

# သီတင်းပတ် သုံးပတ် ဆက်တိုက် ထိပ်ဆုံးမှာရပ်တည်နေတဲ့ တေလာဆွစ်ရဲ့ “Reputation”




စတင်ထုတ်လွှင့်ခဲ့တဲ့ သီတင်းပတ်အတွင်း ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းကို ထိပ်ဆုံးကနေ ဦးဆောင်ထားနိုင်ခဲ့တဲ့ တေလာဆွစ်ရဲ့ ခြောက်ခုမြောက်စတူဒီယို တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ထုတ်လွှင့်ရောင်းချခဲ့တာ သီတင်းပတ် သုံးပတ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီအချိန်အထိ အဆိုပါတေးအယ်လ်ဘမ်ဟာ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာမှာသာ ရပ်တည်နေဆဲဖြစ်တာကြောင့် “Reputation” တေးအယ်လ်ဘမ်ဟာ သီတင်းပတ်သုံးပတ်ဆက်တိုက် ဘေဘုတ်ကို ဦးဆောင်ထားနိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

“ Reputation” ဟာ တေးသံရှင် ဂျေဇီးရဲ့ တေးအယ်လ်ဘမ် “4:44” ပြီးနောက် ဘေဘုတ်ကို သီတင်းပတ် နှစ်ပတ်ဆက်တိုက် ဦးဆောင်ထားနိုင်တဲ့ တေးအယ်လ်ဘမ်ဖြစ်လာခဲ့ပြီး အမျိုးသမီးတေးသံရှင်တွေထဲမှာတော့ တေးသံရှင် ရီဟားနားရဲ့ “ANTI” တေးအယ်လ်ဘမ်ပြီးနောက် သီတင်းပတ် တစ်ပတ်ထက်ပိုကာ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်လာခဲ့တယ်လို့လည်း သိရပါတယ်။ ယခင်သီတင်းပတ်အတွင်းမှာပင် ဒီလို စံချိန်တွေတင်နိုင်ခဲ့တဲ့ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ သီတင်ပတ်အတွင်း ဆက်လက်ထုတ်လွှင့်ခဲ့ရာမှာတော့ တတိယမြောက် သီတင်းပတ်အထိတိုင် ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်အဖြစ် ဆက်လက်တည်ရှိနေနိုင်တာ ဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၂၇ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့ ခြောက်ခုမြောက်နဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ တေးအယ်လ်ဘမ်ယူနစ်ပေါင်း ၁၄၇၀၀၀ ရောင်းချခဲ့ရတာဖြစ်ပြီး တစ်ပတ်အတွင်းမှာတော့ အများဆုံးရောင်းချခဲ့ရတာလည်း ဖြစ်ပါတယ်။ ရှေ့သီတင်းပတ်က ရောင်းချခဲ့ရတာနဲ့ နှိုင်းယှဉ်မယ်ဆိုပါက ၄၃ ရာခိုင်နှုန်းခန့် ရောင်းအားကျခဲ့ပေမယ့်လည်း နံပါတ်တစ်နေရာကိုတော့ ဆက်လက်ပိုင်ဆိုင်ခွင့်ရခဲ့တာလည်း ဖြစ်ပါတယ်။

ယင်းတေးအယ်လ်ဘမ်ဟာ ယခင်က ၂၀၁၇ ခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသောတေးအယ်လ်ဘမ်အဖြစ် မှတ်တမ်းတင်ထားတဲ့ တေးသံရှင် အက်ဒ်ရှီရန်ရဲ့ တေးအယ်လ်ဘမ် “ Divide (division sign)” ကို ကျော်လွန်ကာ တစ်နှစ်တာရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ်လည်း ရပ်တည်နေတာဖြစ်ပါတယ်။

“Reputation”တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့မေလအတွင်းက သီတင်းပတ်သုံးပတ်ဆက်တိုက် ဘေဘုတ်ကိုဦးဆောင်နိုင်ခဲ့တဲ့ တေးသံရှင် ကန်းဒရစ်ခ်လမ်မာရဲ့ “DAMN”တေးအယ်လ်ဘမ်ပြီးနောက် သီတင်းပတ်သုံးပတ်ဆက်တိုက် ထိပ်ဆုံးမှာရပ်တည်နိုင်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်လာခဲ့ပါတယ်။ ဒီလိုရပ်တည်နိုင်ခဲ့တဲ့ အခြားသော တေးအယ်လ်ဘမ်တွေကတော့ တေးသံရှင် ဒရိတ်ခ်ရဲ့ “More Life” နဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ “Starboy”တို့ပဲ ဖြစ်ကြပါတယ်။ အမျိုးသမီးတေးသံရှင်တွေအနက် သီတင်းပတ်သုံးပတ်နှင့်အထက် ဘေဘုတ်ကို ဦးဆောင်ခွင့်ရခဲ့သူကတော့ အဒဲလ်ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ် “25”နဲ့ သီတင်းပတ် ဆယ်ပတ်ဆက်တိုက် နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဘေဘုတ်ရဲ့ တေးဂီတဝက်ဘ်ဆိုက်ပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ရောင်းချခဲ့တဲ့ တေးအယ်လ်ဘမ်တွေရဲ့ ထိပ်တန်းတေးအယ်လ်ဘမ် ဆယ်ခုစာရင်းမှာပါဝင်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေကတော့ ပန်တာတိုနစ်ဇ်ရဲ့ “A Pentatonix Christmas”၊ ဆမ်စမစ်သ်ရဲ့ “ The Thrill of It All”၊ ဂေ့ါသ်ဘရွတ်ခ်ရဲ့ “ The Anthology: Part 1, The First Five Years”၊ အက်ဒ်ရှီရန်ရဲ့ “ Divide (division sign)”၊ ပို့စ်မယ်လုံးရဲ့ “ Stoney”၊ ပင့်ခ်ရဲ့ “ Beautiful Trauma”၊ လီဇီဘာ့ထ်ရဲ့ “ Luv Is Rage 2”နဲ့ မိုက်ကယ် ဘက်ဘယ်လ်ရဲ့ “ Christmas”တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

# ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်ရှိစစ်တောင်းတံတား တည်ဆောက်နေမှုနှင့် တောင်ငူမြို့ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး



**ပဲခူး ဒီဇင်ဘာ ၈**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းသည် ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ စစ်တောင်းတံတား တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ်အတွင်းရှိ ရန်ကုန်-နေပြည်တော် အမြန်လမ်းနှင့် ဆက်သွယ်သော အရှည် နှစ်မိုင်၊ နှစ်ဖာလုံရှိ မြေစီးရွာသစ်-သိုးကြီးကရင်လမ်းနှင့် အရှည် နှစ်မိုင်၊ ၂ ဒသမ ၅ ဖာလုံရှိ ကျွဲပွဲ-မြို့စိုးလမ်း၊ အရှည် ၁၂ မိုင် ၄ ဖာလုံရှိ ဝဲဒေါင့်-ရေလောင်း ကျောက်ချောလမ်းတို့အား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး) တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းနှင့် တံတားအထူးအဖွဲ့(၁၀) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်ဝင်းတို့က စစ်တောင်းတံတား တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုစိုက်လုပ်ဆောင်ကြရန်၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်၊ တိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းစေမည့် တံတားဖြစ်သောကြောင့် ဂုဏ်ယူဝင့်ကြွားစွာဖြင့် စံပြတံတားတစ်စင်းဖြစ်ပေါ်လာအောင် မခိုမကပ်ဘဲ စေတနာ မေတ္တာများဖြင့် တည်ဆောက်ကြရန်၊ သတ်မှတ်ကာလအတွင်း မြန်ဆန်စွာပြီးစီးရန်၊ ရေရှည်သပ်ရပ် ခိုင်ခံ့ရန်အတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ပေးကြရန်မှာကြားခဲ့သည်။

အဆိုပါ တံတားသည် အုတ်တွင်းမြို့နယ် ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်တွင်ရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၄၈၀၀ ဖြင့် တံတားတည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)မှ တာဝန်ယူကာ အရှည်ပေ ၁၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ၊ ရေလမ်းကင်းလွတ်အမြင့် ရှစ်ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၂ ပေ၊ တံတားခံနိုင်ဝန် H.S-20-44 (Load Class)၊ သံကူကွန်ကရစ်တံတားအဖြစ် ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ၁၈ ရပ်ကွက် ပြည်တော်သာအိမ်ရာတွင် Original Group Co.,Ltd နှင့် Kinetic Arts Co.,Ltd တို့မှ တာဝန်ယူ တည်ဆောက်နေသော လေးခန်းတွဲ ဝန်ထမ်းအိမ်ရာငါးလုံး တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုင်းသက်နိုင်စိုးက လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်း

**မြိတ် ဒီဇင်ဘာ ၈**
ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်း၊ တံတားလုပ်ငန်းများနှင့် ပတ်သက်၍ ဌာနအသီးသီးမှ လမ်း၊ တံတားလုပ်ငန်းများ၏ ရန်ပုံငွေရရှိမှု အခြေအနေ၊ လျာထားရန်ပုံငွေအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ပုလဲရတနာခန်းမ၌ ပြည်သူများအား ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းခဲ့ကြကြောင်း သိရသည်။

အသိပေးရှင်းလင်းပွဲကို မြိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဋ္ဌေးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်နိုင်ဦးက အသိပေးရှင်းလင်းပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၃)၊ တံတားဦးစီးဌာန တည်ဆောက်ရေး(၄)၊ အဆောက်အအုံ ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများနှင့် ပတ်သက်၍ အသိပေးရှင်းလင်းခဲ့ကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အကြံပြုဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေက နိဂုံးချုပ်စကားပြောကြားခဲ့သည်။ ရှင်းလင်းပွဲကို ပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မြိတ်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်းဦးစီးဌာနမှ ရန်ကုန် - မြိတ် (ပလောက်-ပုလော- မြိတ်) လမ်းပိုင်း၊ မြိတ်-တနင်္သာရီ-ထုံခါလမ်းပိုင်း၊ မြိတ်ရှောင်ကွင်း လမ်းပိုင်း၊ သာရမဲ-ရှောင်တဲ-ကျောင်းတောင်-ဆံလှတောင်လမ်း၊ မြိတ်မြို့တွင်း AC လမ်း၊ တံတားဦးစီးဌာန တံတားအထူး အဖွဲ့(၁၃)မှ ဒေါမဇော်ပြင်ကြီး အပိုင်းရှိ နန်းတော်ရာတံတား၊ မဇော်တံတား(၁)နှင့် (၂)၊ တံတားဦးစီးဌာန တည်ဆောက်ရေး(၄)မှ မြိတ်-ထားဝယ်လမ်းပေါ်ရှိ သမုတ်-လွတ်လွတ်တံတား၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်း(၃)လမ်း၊ ကွန်ကရစ်တံတားနှစ်စင်း၊ သစ်သားတံတားတစ်စင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

# ကျေးလက် ရေရရှိရေးကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၈**
မြို့နယ်ကျေးလက်ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ရေရရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဒေါ်ရွှေပုံ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၊ မြို့နယ် (TPIC)အဖွဲ့ဝင်များ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ တက်ရောက်ကြပြီး လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စံချိန်စံညွှန်းသတ်မှတ်ချက်၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **ဌေ၇**

# ကလေးများ စာပေဖတ်ရှုမှု အလေ့အထကောင်းများနှင့် စိတ်ပျော်ရွှင်မှုရစေရန် နယ်လှည့်စာဖတ်ဝိုင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၈**
အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူ ကလေးငယ်များ စာပေဖတ်ရှုလေ့လာမှု အလေ့အထကောင်းများရရှိစေရန်နှင့် ပြင်ပဗဟုသုတများ ရရှိပြီး စိတ်ချမ်းသာ ပျော်ရွှင်မှုရရှိစေရန်ရည်ရွယ်၍ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library များ ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာ အ-မ-က၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ကေခိုင်နှင့် ဝန်ထမ်းများသည် လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ ဗဟုသုတများပြည့်စုံ၍ ဘဝအဆင့်အတန်းမြင့်မားလာနိုင်ကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။ ယင်းနောက် တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူများအား စာဖတ်ဝိုင်းဖွဲ့၍ စာပေဖတ်ရှုလေ့လာစေခြင်း၊ KG တန်းနှင့် ပထမတန်း၊ ဒုတိယတန်း ကျောင်းသား ကျောင်းသူလေးများအား ကာတွန်းရုပ်ပုံများ ဆေးရောင်ခြယ်ခြင်းနှင့် စိတ်ကြိုက်ပုံဆွဲစေခြင်းများဆောင်ရွက်ကာ စိတ်အပန်းပြေပျော်ရွှင်စေရန်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာအသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ကျေးရွာနေပြည်သူများ စာပေဖတ်ရှုလေ့လာမှုအလေ့အထကောင်းများ တိုးပွားလာစေရန်တို့အပြင် ကျောင်းသား ကျောင်းသူကလေးငယ်များ ပြင်ပဗဟုသုတတိုးပွား၍ စိတ်ချမ်းသာပျော်ရွှင်မှုရရှိစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း (Mobile Library) များကို မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါနယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်ကေခိုင်နှင့် ဝန်ထမ်းများလိုက်ပါ ဆောင်ရွက်ခဲ့ကြပြီး ရေထွက်ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းနှင့် ဆရာ ဆရာမများက လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# ပြည်တွင်း အလုပ်လိုအပ်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းပြပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၈**
ကရင်ပြည်နယ် ဘားအံမြို့၌ အစိုးရနည်းပညာ အထက်တန်းကျောင်း (ဘားအံ)၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အာဒရာမြန်မာ၊ Swiss-contant/IOMတို့က ကြီးမှူးပြီး လူငယ်များအတွက် သင့်တင့်မျှတသော အလုပ်အကိုင်အခွင့်အလမ်းများ ပါဝင်သော အလုပ်အကိုင် မိတ်ဆက်ပေးသည့်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က ယခုပြုလုပ်သော အလုပ်အကိုင်အခွင့်အလမ်းပြပွဲသည် ဒုတိအကြိမ်ဖြစ်ကြောင်း၊ ဒီလိုပွဲများကျင်းပပေးခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နေရာကောင်း ဖန်တီးပေးနိုင်သောလုပ်ငန်းများနှင့် အလုပ်အကိုင်ကောင်းများရရှိရန် ရှာဖွေနေသော အရည်အချင်းရှိ လူငယ်များကို တစ်နေရာတည်းတွင် တိုက်ရိုက် တွေ့ဆုံပေးခြင်း၊ လုပ်ငန်းများတွင် လစ်လပ်လျက်ရှိသောနေရာများတွင် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေရန်၊ အချိန်ကုန်ငွေကုန်သက်သာစွာဖြင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှု ကုန်ကျစရိတ်မရှိဘဲ ကုမ္ပဏီများနှင့် တွေ့ဆုံပြုလုပ်ပေးခြင်းဖြင့် အလုပ်အကိုင်များရရှိစေရန် ရည်ရွယ်လုပ်ဆောင်နိုင်မှာ ဖြစ်ပါကြောင်း ပြောကြားသည်။



အလုပ်အကိုင် အခွင့်အလမ်းပြပွဲတွင် အလုပ်အကိုင်ကောင်းများ ရရှိရန် ရှာဖွေသူပေါင်း ၅၀၀ ကျော်ခန့်သည် ကုမ္ပဏီပေါင်း ၃၅ ခုနှင့် တွေ့ဆုံပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် လူတွေ့အင်တာဗျူးကြပြီး ပါဝင်သည့် အလုပ်အကိုင် အမျိုးအစားများမှာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အရောင်းဝန်ထမ်းလုပ်ငန်း၊ အလှပြုပြင်ရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းများ၊ ပန်းရန်လုပ်ငန်း၊ မိုဘိုင်းဖုန်းနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာလုပ်ငန်း၊ စက်ရုံနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်

**မိုးကောင်း ဒီဇင်ဘာ ၈**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက မိုးကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ အား မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မည့် ကိုယ်စားလှယ်များထံသို့ လွှဲပြောင်းပေးအပ်ကာ အဆိုပါထောက်ပံ့ပေးအပ်ငွေများအား မြို့နယ်အတွင်း အမှန်တကယ်လိုအပ်သည့် လမ်း၊ တံတား၊ ရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများအင်အား ၁၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ(၄၃)

ကြည်လွင်မြင့်(မုဒြာ)

**မင်္ဂလာပါဆရာ၊ ဦးပဥ္စင်း ရေချိုးရင်း နားထဲရေဝင်လို့ ရေထပ်ထည့်ပြီး ပြန်ထုတ်တာ မထွက်ဘဲ ရေကျန်နေပါတယ်။ နှစ်ရက်ရှိပါပြီ။ ရေပြန်ထွက်အောင် ဘယ်လိုလုပ်ရမလဲဆရာ။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါဦး။**

မုန်ညင်းဆီ သို့မဟုတ် နှမ်းဆီ ဟင်းစားဇွန်း တစ်ဇွန်းကို မီးအပူပေးပြီး ခပ်နွေးနွေး နားထဲ လောင်းထည့်ပါ။ ဘေးစောင်းပြန်သွန်ထုတ် သုံးကြိမ်၊ လေးကြိမ် ပြုလုပ်ပါ။ (နှမ်းဆီသုံးလည်း ရပါတယ်)

(အကြောင်းပြန်) နှမ်းဆီတစ်ခါပဲထည့်ပြီး ကြက်တောင်မွေးလေးနဲ့ ကလော်ပေးပါတယ်။ သက်သာသွားပါပြီဆရာ။ ကျေးဇူးတင်ပါတယ်။

**ဆရာ မျက်နှာချေးပေါက်ကျယ်ပြီး ဝက်ခြံ၊ ချိုင့်ခွက်၊ အမည်းစက်၊ ညှစ်လို့မရတဲ့ အဆီဖုအမာတွေကို ဘယ်လိုလုပ်ရမလဲရှင့်။ ကြည့်လို့ အဆင်မပြေပါဘူး။ မှဲ့ခြောက်တွေလည်းရှိပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေးပေးပါဆရာ။**

အဆီအဆိမ့်၊ အငန်အစားများသူ၊ အိပ်ရေးပျက်သူတွေမှာ ဝက်ခြံထွက်လေ့ရှိပါတယ်။ ရှားစောင်းလက်ပပ် အနှစ်ကို ပျားရည်နဲ့ ရောစပ်လိမ်းပါ။ ခဏကြာရင် မျက်နှာသစ်ပါ။ ဝက်ခြံတွေစုပြုံပြီး ပြည်တည်ရင် ဂျုံမှုန့်ကို သံပရာရည်နဲ့ ရောနယ်ပြီး အုံပေးပါ။ ဝက်ခြံ အမာရွတ်တွေဖြစ်ရင် ကွမ်းသီးခြမ်းသွေးလိမ်းပါ။ တစ်နည်း စန္ဒကူးနီအခေါက်ကို (ပရဆေးဆိုင်မေးဝယ်) သွေးလိမ်းရင် အမာရွတ်ပျောက်ပါတယ်။

**ဆရာ အသည်းအဆီဖုံးတာ ဘာတွေရှောင်ပြီး ဘာလုပ်ရမလဲ၊ ဘာဆေးသောက်ရမလဲ ဆရာခင်ဗျာ။**

အဆီအဆိမ့်နဲ့ သကြားလျှော့စားရပါမယ်။ ကော်ဖီသောက်ရင် အသည်းအဆီဖုံးတာ သက်သာစေပါတယ်။ လက်ဖက်ရည်ချိုဆိမ့်မတည့်ပါ။ အိပ်ရာဝင် အစာစားရင်၊ အချိုရည်သောက်ရင် အဆီပိုတက်ပါတယ်။ ည အိပ်ရာဝင် နောက်ကျသူတွေပိုပြီး အသည်းအဆီဖုံးပါတယ်။ မနက်စောစော လမ်းလျှောက်ပေးရင် အဆီကျပါတယ်။ သံပရာသီးသုံးလုံး အရည်ညှစ်၊ ပျားရည်တစ်ဇွန်း၊ နှမ်းဆီတစ်ဇွန်း စပ်သောက်တာ အဆီဖုံးတာ မြန်မြန်သက်သာပါတယ်။ ဝါးရွက် (ကြခတ်ဝါးရရင် ပိုကောင်းတယ်) ပြုတ်ရည် တစ်နေ့မတ်ခွက် တစ်လုံး သောက်ရင် အသည်းအဆီကျစေတယ်လို့ သိရတယ်။ ဘေးထွက်ဆိုးကျိုးမရှိပါ။ (တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ သုတေသနပြုပြီးဖြစ်ပါတယ်)။ ဝါးရွက်ကို ကြိတ်ပြီး သတ္တုရည် ဟင်းစားဇွန်းဖြင့် တစ်နေ့နှစ်ဇွန်းသောက်လျှင်လည်း ရပါသည်။

**မင်္ဂလာပါဆရာ၊ ကျွန်တော့အမေ ကိုယ်လက်တွေ ရောင်နေပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေး လမ်းညွှန်ပေးပါဆရာ။**

ကနဖော့ရွက်ကို ပြုတ်ပြီး ရေချိုးပေးရင် အရောင်ကျစေနိုင်ပါတယ်။ ရေထိကရုံးပင်၊ ရေကန်စွန်းပင် ပြုတ်ပြီး အသုပ်ပြုလုပ်စားပါ။ ကျောက်ကပ်ဖောဖြစ်လျှင် ကျောက်ဖရုံသီး ဟင်းချိုချက်သောက်ပါ။ သို့မဟုတ် ကြိတ်ပြီး အရည်ကိုသောက်လျှင် အဖောအရောင်ကျနိုင်ပါသည်။

**ဆရာ မင်္ဂလာပါ၊ ကျွန်တော် တစ်ခုလောက် မေးပါရစေ။ ကျွန်တော့်လက်မှာ ကြွက်နို့ပေါက်နေပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ကြက်သွန်ဖြူကိုလှီး ထွက်လာတဲ့အစေးနဲ့ ကြွက်နို့ကို နာနာပွတ်ပြီး ပလတ်စတာ ကပ်ထားပါ။ တစ်နေ့ လေးကြိမ်ပြုလုပ်ပါ။ (တစ်နည်း) မြွေရေလည်းခွံကိုရှာပြီး ကြွက်နို့ကို အပ်နဲ့ဆွပါ။ သွေးထွက်လာရင် မြွေရေလည်းခွံကို သုတ်ပြီး ရွှံ့ဗွက်ထဲ မြှုပ်ပါ။ မြွေရေလည်းခွံဆွေးရင် ကြွက်နို့လည်းဆွေးပြီး ကြွေကျသွားပါလိမ့်မယ်။

**မင်္ဂလာပါဆရာ၊ ကျွန်တော့်မိတ်ဆွေတစ်ယောက် ဆီးချိုတက်ပြီး အနာလည်းဖြစ်နေပါတယ်။ ဘာဆေးတွေ သုံးရမလဲ။ ကူညီပေးပါအုံး ဆရာ။**

ဆီးချိုတက်ရင် ဆေးခါးကြီး ဒါမှမဟုတ် ရှမ်းဆေးခါး ပြုတ်ရည်ကို အကြမ်းပန်းကန် တစ်လုံးစာ အစာစားပြီး တိုင်းသောက်ပါ။ သစ်ကြံပိုးခေါက်မှုန့် ကော်ဖီဇွန်း တစ်ဇွန်းကနေ နှစ်ဇွန်းသောက်ရင် ဆီးချိုထိန်းနိုင်ပါတယ်။ အနာပေါက်ရင် ကုက္ကိုရွက်ကို သန့်အောင်ဆေးပြီး အရည်ညှစ်ဖန်ဆေးပါ။ ထောင်းပြီး အနာမှာလည်း အုံပေးပါ။

**ဆရာရှင့်၊ ကျွန်မအသက်က ၅၁ နှစ်ပါ။ သားအိမ်ထုတ်ထားတာ တစ်နှစ်ခွဲရှိပါပြီ။ အခုပြန်စစ်တော့ သားအိမ်မှာ ရေအိတ်ရှိတယ်လို့ ဆရာဝန်က ပြောတယ်။ ဘာဆေးသောက်ရမလဲ ဆရာ။ ကျေးဇူးပြုပြီး ညွှန်ကြားပေးပါဆရာ။**

နလင်ကျော်သွေး တစ်ဇွန်းကို ပျားရည်တစ်ဇွန်းနဲ့ စပ်သောက်ပါ။ တစ်နေ့ နှစ်ကြိမ်သောက်ပါ။

**ဆရာ မင်္ဂလာပါ၊ ကျွန်တော့်အမျိုးသမီးက လစဉ်ဓမ္မတာ မမှန်လို့ပါ။ ဘာဆေးတွေ သောက်ရမလဲဆရာ။ ကျေးဇူးပြုပြီး ဖြေကြားပေးပါဆရာ။**

ချင်းပါးပါးလှီး ခုနစ်လွှာ၊ ကွမ်းရွက်သုံးရွက်၊ ထန်းလျက်ခုနစ်ခဲ ရေနွေးမတ်ခွက် တစ်လုံးနဲ့ ရောကျို ဆားလှော် အနည်းငယ်ထည့်သောက်ပါ။ ဒါမှမဟုတ် ကြိတ်မှန်ရွက်၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ ဆားလှော်တို့ကို







ရောကျိုပြီး ဟင်းစားဇွန်းနှစ်ဇွန်း တစ်နေ့နှစ်ကြိမ် သောက်ပါ။ (တစ်နည်း) ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူနိုင်နိုင်နဲ့ ဟင်းချိုချက်ပြီး ပတဲကောမှုန့် အနည်းငယ် ထည့်သောက်ပါ။ ရက်လွန်ရာသီသွေး လွန်တာအတွက် ကောင်းပါတယ်။

**ဆရာရှင့်၊ နောက်ကျောဘက်ရှိ လက်ပြင်ကြော နာနေလို့ပါ။ ဘယ်ဘက်လက်က အပေါ်မြှောက်မရလို့ပါရှင့်။ ကျေးဇူးပြုပြီး ဆေးနည်းလေးပေးပါရှင့်။**

သဘော်ရွက်ကို ရေနွေးဖြော၍ ပျော့အောင်လုပ် လက်ပြင်မှာ ကပ်ပေးပါ။

**ဆရာ မင်္ဂလာပါ၊ ကျွန်မအသက်က ၄၇ နှစ်ရှိပါပြီ။ ချောင်းဆိုးတာ တစ်ပတ်ရှိနေပြီ။ အခုထိ ချောင်းဆိုး မသက်သာသေးပါ။ ရင်ဘတ်က ချွဲတွေကျပ်နေပါတယ်။ ချောင်းဆိုးတာ သွေးပါလို့ ဆရာဝန်ပြတော့ အဆုတ်ရောင်တာလို့ ပြောပါတယ်။ ညဘက်ဆို မအိပ်ရပါ။ ခေါင်းအုံးနဲ့ ခေါင်းထိတာနဲ့ ချောင်းဆိုးတော့တာပဲ။ ဆေးနည်းတိုလေး ကူညီပေးပါဦးဆရာ။**

လောက်သေရွက်ကို ပြုတ်သောက်ပါ။ တစ်နေ့ကို မတ်ခွက်တစ်လုံး သောက်ပါ။ ချွဲပျော်အောင် ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားပါ။ ကွမ်းရွက်ကို ကတော့လုပ် ဆားထည့်ထုပ်ပြီး သံပြားပေါ်တင် မီးဖုတ်ပြာချပါ။ အဲဒီပြာကို သံပရာရည်နဲ့ ဖျော်လျက်ပါ။ ချွဲတွေ ပျော်ထွက်လာပါလိမ့်မယ်။

**ဆရာခင်ဗျာ ကျေးဇူးပြုပြီး တစ်ခုလောက် မေးပါရစေ။ ဆီးအောင့်ရင် ဘယ်လို လုပ်ရမလဲ၊ ဘာဆေးသောက်ရမလဲဆရာ။**

ရေနွေးကျိုပြီး အအေးခံ၊ ရေကျက်အေးလုပ်ပြီး မြေသောက်ရေအိုးမှာထည့် များများသောက်ပါ။ ဆီးခုံမှာ ကြက်သွန်ဥနီ ပါးပါးလှီး ကပ်ပေးပါ။ ဆီးသွားရင် နာတာ သက်သာပါတယ်။ (တစ်နည်း) ဆန်ဆေးရည်တစ်ဖန်ခွက်မှာ သံပရာသီးတစ်ခြမ်း အရည်ညှစ်ထည့်သောက်ပါ။ ကြက်သွန်နီဥကြီးတစ်ဥ အကွင်းလိုက်လှီး (မလှီးခင် အလုံးလိုက် ရေဆေး၊ လှီးပြီး ရေထပ်မဆေးနဲ့) သကြားဖြူးပြီး ကုန်အောင်စားပါ။ တော ဆီးဖြူပင်၊ ကုန်းထိကရုံးပင်၊ မြင်းခွာပင်တွေ ပြုတ်သောက်ရင်လည်း ဆီးအောင့် သက်သာစေတယ်။

**ဆရာ ကျွန်တော့်အစ်မအစား မေးတာပါ။ ကိုယ်ဝန်လွယ်ထားတာ တစ်လပြည့်ခါနီးပြီ ဆရာ။ သူက အမြဲမောတယ်။ စားပြီးတိုင်းလည်း အန်တယ်။ ရှောင်ရန်၊ အောင်ရန် နည်းတွေသိချင်လို့ပါ။**

ကိုယ်ဝန်သုံးလထိ အန်တတ်ပါတယ်။ စိုးရိမ်စရာ မရှိပါ။ ဆားတစ်ဇွန်းကို ဒယ်အိုးနဲ့ နီအောင်လှော်ပြီး သံပရာသီး တစ်လုံး အရည်ညှစ်ချပါ။ အဲဒီအရည်ကို သောက်ပေး၊ လျက်ပေးရင် အအန်သက်သာ စေပါတယ်။ ရေစိမ်းမသောက်ပါနဲ့။ ရေကျက်အေးမှာ ပျားရည် တစ်ဇွန်းထည့်ဖျော်တိုက်ရင် အအန်သက်သာပါတယ်။ ဝမ်းဗိုက်မှာ မုန်ညင်းဆီကို မီးနဲ့နွေးပြီး ရင်ညွန့်ကနေ ချက်တိုင်ထိ ဆွဲချလိမ်းပေးရင် အအန်သက်သာစေပါတယ်။ ကောက်ရိုး လက်တစ်ဆုပ်ကို မီးရှို့ပြာချပြီး ရေနဲ့ဖျော်ပါ။ ရေကြည်ခံပြီးသောက်ရင် အအန် သက်သာပျောက်ကင်းပါတယ်။

**ဆရာ ကျွန်တော့် ခြေချောင်းတွေ မည်းနေပါတယ်။ ဘာဖြစ်တာလဲ သိချင်ပါတယ်။ ဆေးနည်းလေးလည်း လမ်းညွှန်ပေးပါဆရာ။**

တမာရွက်နဲ့ ဆားပြုတ်ပြီး စိမ်ပေးပါ။ ဝမ်းထဲမှာ လေရောဂါရှိရင် ခြေထိပ်၊ လက်ထိပ် မည်းတတ်ပါတယ်။ လေဆေးတစ်မျိုးမျိုး သောက်ပါ။ ရှောက်ရည်နဲ့ ပျားရည် စပ်သောက်ပါ။ (လေစာ- မျှစ်၊ မျှစ်ချဉ်၊ မှို၊ တညင်းသီး၊ ကောက်ညှင်း စတာတွေရှောင်ပါ။ ဆေးလိပ်သောက်တာကို ရှောင်ပါ။ ဆေးချေးကျပ်ခိုးကြောင့် ခြေချောင်းတွေ မည်းတတ်ပါတယ်။)

**မင်္ဂလာပါဆရာ၊ ကျွန်မအသံတွေဝင်ပြီး လည်ချောင်းတွေ နာနေပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ပြည်ပန်းညိုရွက်ထောင်း အရည်ညှစ်ပြီး အကြမ်းပန်းကန်တစ်လုံးစာ ဆားလှော်အနည်းငယ်ထည့် သောက်ပါ။ မန်ကျည်းမှည့် ဖျော်ရည် ညအိပ်ရာဝင် သောက်ပေးပါ။ မက်လင်ချဉ် သို့မဟုတ် ချဉ်စော်ကားသီး ထောင်းစားပါ။ ချဉ်ရည်ဟင်းချက်သောက်ပါ။ နလင်ကျော်မြစ်သွေး လည်ပင်းတွင် လိမ်းပါ။

**ဆရာရှင့်၊ ကျွန်မအသက်က ၄၃ နှစ်ပါ။ ပေါင်ချိန် ၁၈၀ ရှိပါတယ်။ ဆံပင်တွေ တော်တော်ကျွတ်ပါ တယ်။ ဘာတွေလုပ်ရမလဲ ဆရာရှင့်။ ကျေးဇူးပြုပြီး ဖြေကြားပေးပါ။**

ထောလပတ်ရွက် အခြောက်လှန်းပြီး သံပြားပေါ် အပူပေးပြာချပါ။ ပြာကို အုန်းဆီစစ်စစ်နဲ့ စိမ်ထားပြီး မှန်မှန်လိမ်းပါ။ ကြိတ်မှန်ရွက်အရည်ကို ဦးရေပြားတွင် လိမ်းပေးပါ။ ရှားစောင်းလက်ပပ် အနှစ်ကို ပျားရည် တစ်ဇွန်းဖြင့် ခေါက်ပြီးဦးရေပြားတွင် စိမ့်ဝင်အောင်လိမ်းပါ။ ခဏကြာမှ ခေါင်းလျှော်ပစ်ပါ။ တစ်ပတ်လျှင် နှစ်ကြိမ်ပြုလုပ်ပါ။ ဆံပင်အကျွတ်သက်သာပါသည်။ ညအိပ်ရာဝင် ဒူးအထက်မှအောက် ခြေဆေးအိပ်ပါ။ အပူအခိုး အထက်အတက်သက်သာပြီး ဆံပင်ကျွတ်လည်း သက်သာပါသည်။

**ဆရာ မင်္ဂလာပါ၊ ကျွန်တော် အစာမကြေဖြစ်ပြီး ရင်ပြည့်ရင်ကယ်ဖြစ်နေလို့ပါ။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါဆရာ။**

ရင်ပြည့်ရင်ကယ် ဖြစ်ရင် ကြံရည်မှာ သံပရာအရည်ညှစ် သောက်ပါ။ (တစ်နည်း) ချင်းပါးပါးလှီး ခုနစ်လွှာ၊ ထန်းလျက် ခုနစ်ခဲကို ရောကျိုပြီး အကြမ်းပန်းကန် တစ်လုံးစာမှာ ဆားလှော်အနည်းငယ် ထည့်သောက်ပါ။

**မင်္ဂလာပါဆရာ၊ သမီးအမေက အသက် ၅၀ ရှိပါပြီ။ ခြေသလုံးမှာ အကြောတွေ ထုံးနေပါတယ်ရှင့်။ ဘာဆေးသုံးရမလဲရှင့်။ လမ်းညွှန်ပေးပါ ဆရာ။**

မုန်ညင်းဆီမှာ ချင်းလက်သုံးဆစ်စာ ထုတောင်း ထည့်ချက်ပြီး ခပ်နွေးနွေးလိမ်းပေးပါ။ ရှားစောင်းလက်ပပ်ကို မီးဖုတ်ပြီး အတွင်းမှအနှစ်ကို လိမ်းပေးလျှင် သွေးကြောထုံး သက်သာစေပါသည်။

**ဆရာ မင်္ဂလာပါ၊ ကျွန်တော့်ညီတစ်ယောက် နေ့လယ်ဆိုရင် ခြေတွေ၊ လက်တွေအေးပြီး အဖျားတက်နေပါတယ်။ ချွေးထွက်သွားတဲ့အခါ သက်သာသွားပါတယ်။ ညပိုင်းဆိုလည်း အဖျားတက် တတ်ပါတယ်။ ငါး ရက်လောက်ရှိပါပြီ။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ကွမ်းရွက်၊ ချင်း၊ ထန်းလျက်တို့ကို ရောပြုတ်ပါ။ အဲဒီပြုတ်ရည်မှာ ဆားလှော်အနည်းငယ် ထည့်တိုက်ပါ။ စောင်ခြုံပြီး ချွေးအောင်းပေးရင် အဖျားကျစေပါတယ်။ (တစ်နည်း) ကျောက်ဖရုံသီးကို ကြက်သွန်ဖြူ ငရုတ်ကောင်းထည့်ပြီး ဟင်းခါးချက် ပူပူနွေးနွေးတိုက်ပေးရင် ချွေးထွက်၊ ဆီးသွားပြီး အဖျားကျစေပါတယ်။

**ဆရာ မင်္ဂလာပါ၊ ကျွန်မမှာ လေးဖက်နာရောဂါ ရှိပါတယ်။ ဆေးနည်းလေး ညွှန်ပြပေးပါ ဆရာ။**

လေးဖက်နာ ဖြစ်ရင် တောင်မုရိုးခေါ် မုရိုးကြီးပင် အခေါက်မှုန့်ကို (ပရဆေးဆိုင်မှာ ကြိတ်ခိုင်းပါ) ပျားရည်နဲ့ တေပြီး တစ်နေ့ကို ဟင်းစားဇွန်း တစ်ဇွန်း မနက်၊ ည စားပါ။ စွဲစားရင် အမြစ်ပြတ်ပါတယ်။ လေးဖက်နာ လိမ်းဆေးက တောရှောက်မြစ်၊ ဝံအူမြစ်တွေသွေးပြီး ဒီအတိုင်းဖြစ်ဖြစ်၊ အရက်ဦးရည်နဲ့ ဖြစ်ဖြစ် ဖျော်စပ်လိမ်းပါ။ ပူပြီးကိုက်ရင် ကျားမနိုင်မြစ်ကို သွေးလိမ်းလို့ရပါတယ်။

## အ.လ.က (၅)လှိုင် (သတ္တမအကြိမ်) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အ.လ.က (၅) လှိုင်မြို့နယ်တွင် (၁၉၉၀) ခုနှစ်အထိပညာ သင်ကြားခဲ့သော အငြိမ်းစား ဆရာ / ဆရာမ များအား ကျောင်းသား /ကျောင်းသူ ဟောင်းများမှ မြတ်ဆရာ ပူဇော်ပွဲကို အောက်ပါ အစီအစဉ် အတိုင်း ကျင်းပ ပြုလုပ်မည် ဖြစ်ပါသဖြင့် ဆရာ / ဆရာမ များအား ပူဇော် ကန်တော့ရန် အတွက် ကြွရောက်ပါရန် သူငယ်ချင်းများအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၇-၁-၂၀၁၈ (တနင်္ဂနွေနေ့) အချိန် - နံနက် (၈း၃၀) နာရီ

နေရာ - (Full Restaurant) အင်းစိန်လမ်းမ၊လှိုင်မီးသတ်ရှေ့၊ဘာဘာမှတ်တိုင်အနီး၊လှိုင်မြို့နယ်။

**အလှူငွေများထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

| | | | |
|---|---|---|---|
| (၁) ကိုထွန်းအောင် | (၀၉-၂၅၁၀၄၆၃၁၁) | (၂) ကိုရဲထွန်းဝိုး | (၀၉-၄၂၀၉၆၀၀၅) |
| (၃) ကိုညွန့်မင်း | (၀၉-၂၆၀၅၉၄၀၂၀) | (၅) ကိုတင်အောင်မိုးမြင့် | (၀၉-၅၀၅၅၃၄၀) |
| (၇) ကိုကျော်ကျော်မင်း | (၀၉-၄၂၀၅၆၄၁၉) | (၆) ကိုကျော်မိုးနိုင် | (၀၉-၄၂၀၂၀၇၇၃၀) |

## နေပြည်တော်၊ ပျဉ်းမနားမြို့၊ အ. ထ. က(၂) (၁၉၅၅ မှ ၂၀၁၇)ထိ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အ. ထ. က(၂)၊ ၁၉၅၅ မှ ၂၀၁၇ထိ ကျောင်းသား၊ ကျောင်းသူဟောင်းများက သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို (၃၀-၁၂-၂၀၁၇)ရက်(စနေနေ့)၊ နံနက် ၉ နာရီတွင် အ. ထ. က(၂) စိုးမြင်းမိုရ်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ပေးကြပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်း/သစ်များ အလှူငွေ ထည့်ဝင်သည်ဖြစ်စေ၊ မထည့်ဝင်သည်ဖြစ်စေ၊ မည်သူမဆို အင်တိုက်အားတိုက် တပျော်တပါး တက်ရောက်ပူဇော်ကြပါရန် အလှူငွေများကို ကမ္ဘောဇဘဏ်စာရင်း၊ KBZ Saving Account No.0651220003197 နှင့် ဥက္ကဋ္ဌ ဦးစောမြင့်ကို (နိုတြီပဗ္ဗလစ်) ၀၉-၄၂၀၇၆၅၀၇၈ အတွင်းရေးမှူး ဦးကြည်ဝေ(ပွဲရုံ) ၀၉-၅၁၃၂၅၂၆ သို့ ထည့်ဝင်လှူဒါန်းကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

**(၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ**
**အထက(၂)နေပြည်တော်၊ ပျဉ်းမနားမြို့**




## ဘိုကလေးမြို့၊ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း အ၄မအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

ဘိုကလေးမြို့၊ အထက(၂)တွင် ပညာသင်ကြားခဲ့သော အသက်(၆၀) ပြည့် အငြိမ်းစား၊ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျောင်းသား/ကျောင်းသူဟောင်းများကဦးဆောင်၍ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီး များနှင့် ကျောင်းသား/ကျောင်းသူဟောင်းများသည် ပူဇော်ကန်တော့ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်း လိုသော ကျောင်းသား/ကျောင်းသူဟောင်းများသည် အောက်ဖော်ပြပါပုဂ္ဂိုလ် များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာကြီး အထက(၂)ဘိုကလေးမြို့ ၀၉-၄၅၁၃၅၆၀၈၅
၂။ ဦးတင်ထွန်း - ၀၉-၂၆၁၆၇၉၇၆၇
၃။ ဦးသံချောင်းလေး - ၀၉-၄၂၂၄၇၈၇၅၅
၄။ ဦးမောင်မောင် - ၉-၂၆၀၄၈၈၈၄၈
၅။ ဦးဖိုးကျော် - ၀၉-၇၇၇၇၇၃၀၄၅
၆။ ဒေါ်တင်တင်ဝင်း - ၀၉-၂၅၀၈၅၄၃၇၄
၇။ ဒေါ်ဖြူဖြူထွန်း - ၀၉-၂၆၁၁၁၅၆၈၁
၈။ ဦးမြသောင်းထွန်း(ရန်ကုန်) - ၀၉-၇၉၅၉၆၀၇၂၅
၉။ ဒေါ်မိမိလွင်(ရန်ကုန်) - ၀၉-၇၈၅၁၆၂၃၂

အမှတ်-၅၄၊ ဘုန်းကြီးလမ်း၊ (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ဘိုကလေးမြို့နယ်အသင်းရုံးမှ ၆-၁-၂၀၁၈ရက်(စနေနေ့)၊ နံနက် ၁၀ နာရီ တွင် ဘိုကလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပါမည်။ ဆရာကြီး၊ ဆရာမကြီးများအတွက် နေ့လယ်စာစားသုံးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

၆-၁-၂၀၁၈ရက်(စနေနေ့)၊ နံနက် ၁၀နာရီထွက်ခွာမည့် မော်တော်ယာဉ်ဖြင့် လိုက်ပါမည့် ရန်ကုန်မြို့မှ ကျောင်းသား/ကျောင်းသူဟောင်းများသည် ၄-၁-၂၀၁၈ရက် နောက်ဆုံးထား၍ ဦးမြသောင်းထွန်း(ရန်ကုန်)၊ ဦးသံချောင်းလေး (ဘိုကလေး)တို့ထံ ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

**အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ**







ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှည်းတန်းမြို့နယ်ရှိ ... ဘုန်းလမ်းအနီး၊
ဓပ (၄၀ × ၆၀)၊ ရေမီးအစုံ၊
(၆၇ သိန်း)၊ ညှိနိုင်။
၀၉ ၇၈၅၅၅၄၈၀၀၉




Dec 19 - 26
Feb 06 - 13
Feb 28 - 07
09-260792881
09-448320591
NEW MOTION TRAVELS & TOURS
ဗုဒ္ဓဂယာခရီးစဉ်
Mar 14 - 17
Mar 20 - 27
Apr 12 - 19
အဆင့်မြင့်ဟိုတယ်(တည်း/စား)


Merry Christmas & Happy New Year 2018
AMERICAN VISION
PROFESSIONAL EYE CARE CENTER
နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်
Sale Up to 50% Off
လက်ဆောင်တွေလည်း ပေးဦးမှာနော်။
only until 10.1.2018
YANGON: (01) 242476, 241897, 241898,
MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဉ်ဖိမ်း ၁၉၉၆ တွင် တည်ထောင်သည်။

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျား / မဆောင်ဆောင် သီးသန့်စီစဉ်ထားရှိသည်။
ZWARE FAMILY EDUCATION CENTRE
ဦးဇေဝင်း M.Sc (Chem:)
ဇွဲ ပညာ့ဗိမာန်
ဂုဏ်ထူး၁၀တန်း
ဝိုင်း Camp အဆင့်မြင့်ဘော်ဒါ
(၄၉၇/၄၉၉) မှော်ဘီလမ်းမကြီး၊ မိုင်ခွဲ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။
၂၀၁၆- ၂၀၁၇ ပညာသင်နှစ်တွင် (၆)ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင်(၄)ဦး၊(၄)ဘာသာဂုဏ်ထူးရှင်(၃)ဦး နှင့် (၂)ဘာသာ(၁)ဘာသာဂုဏ်ထူးရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။
■ အမှတ်ပေါင်း ၅၃၀နှင့်အထက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နှစ်စဉ် ပေါ်ထွန်းရာ ဇွဲပညာ့ဗိမာန်ပါ။
■ လူဦးရေနှင့် အညီအလျှေများ ထိန်းသိမ်းထားခြင်းကြောင့် ဝိုင်း၊ ဘော်ဒါအတွက် ကြိုတင် အပ်နှံသော နေရာစီစဉ်ရမည်။
Ph: 09-50 777 57, 09-514 3973


OXFORD BROOKES UNIVERSITY
တက္ကသိုလ်ဝင်တန်းအောင်များအတွက် ဘဝအာမခံချက် အထူးကောင်းမွန်စေမည့် စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့
ကမ္ဘာ့အဆင့် (၁၀၀) ရရှိထားသော နိုင်ငံတကာတက္ကသိုလ်
ရန်ကုန်နှင့်မန္တလေးတွင် ဒီဇင်ဘာလတွင် တန်းခွဲသစ်စမည်။
CALL NOW : 09 250 7171 66~68

STRATEGY FIRST
in partnership with

ကမ္ဘာပေါ်တွင် တက္ကသိုလ်ပေါင်း ၂၆၀၀၀ ကျော်ရှိသည့်အနက် QS World's University Ranking အရ Business and Management အပိုင်းတွင် ကမ္ဘာ့အဆင့် (၁၀၀) ရရှိထားသော UK နိုင်ငံ Oxford Brookes University (OBU) မှ စီးပွားရေးစီမံခန့်ခွဲရေးဘွဲ့ကို စရိတ်သက်သာစွာဖြင့် မြန်မာနိုင်ငံတွင် ရယူနိုင်ရန် STRATEGY FIRST INSTITUTE မှ ဆောင်ကျဉ်းပေးနိုင်ပြီဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ပြီးသူများတက်ရောက်နိုင်မည် ဖြစ်သည်။ UK တက္ကသိုလ်များ၏ ပထမနှစ်နှင့် ညီမျှသော NCC Level 4 Diploma in Business (L4DB) ကို ဦးစွာတက်ရောက်ရမည်ဖြစ်ပြီး ဒုတိယနှစ်နှင့် ညီမျှသော Level 5 ကို ထပ်မံတက်ရောက်ရမည်ဖြစ်သည်။ နောက်ဆုံးနှစ်ကို UK နိုင်ငံရှိ Oxford Brookes University တွင် သွားရောက်တက်ရောက်နိုင်သလို မြန်မာနိုင်ငံ တွင်လည်း ကုန်ကျစရိတ် သက်သာစွာဖြင့် STRATEGY FIRST တွင် တက်ရောက်နိုင်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအောင်များအနေဖြင့် ဝင်ခွင့်ရရှိရန်အတွက် ဝင်ခွင့် စာမေးပွဲကို ဖြေဆိုအောင်မြင်ရမည်ဖြစ်သည်။ ဘွဲ့ရရှိရန်အတွက် ကျောင်းသားဘက်မှ ကြိုးစားအား ထုတ်မှုများစွာလိုအပ်မည်ဖြစ်ပါသည်။ ပထမနှစ်အတွက် ပညာသင်ဆုကို တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူး ပါ ဘာသာရပ်အလိုက် (၁၀) ရာနိုင်နှုန်းမှ (၇၅) ရာနိုင်နှုန်းအထိ ချီးမြှင့်သွားမည်ဖြစ်သည်။




မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့်
License No(661)
**သာကီနွယ်**
**Hot Line - 01-200952**
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
ဒီဇင်ဘာလနှင့်နှစ်သစ်အထူးထပ်ဆင့် Promotion ခရီးစဉ်ကြီး
ထွက်ခွါမည့်ရက် - ၂၇.၁၂.၂၀၁၇ ၊ ၃၀.၁၂.၂၀၁၇
(၁၅)ရက် - ဧလေးရွာနှင့်နီပေါခရီး(ပိုတယ်တည်း) - ၉.၅ သိန်း နေ့တိုင်းမိး
(၈)ရက် - သံဝေဇနီယလေးရွာနှင့်နီပေါ - ၈.၅ သိန်း နေ့တိုင်းမိး
Feb,Mar,April
Shine Tower (Golden View Condo)

**Ever Clean Travel & Tour**

| | | |
|---|---|---|
| * ပုဂံ(ရွှေစည်းခုံ)-ပုပ္ပား | (၃ည ၄ရက်) | Dec-15-22-29 |
| * မြဝတီ-မဲဆောက် | (၃ည ၄ရက်) | Dec-15-22-29 |
| * မွန်ပြည် ကျိုက်ထီးရိုး မော်လမြိုင် | (၃ည ၄ရက်) | Dec-29 |
| * တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၃ည ၄ရက်) | Dec-22-29 |
| * ကလော(Trekking) | (၃ည ၄ရက်) | Dec-22-29 |
| * ကျိုက်ထီးရိုး | (၃ည ၄ရက်) | Dec-22-29 |
| * ထားဝယ် | (၃ည ၄ရက်) | Dec-29 |
| * | (နေ့ချင်းပြန်) | Dec-15-16-17 |
| * | (နေ့ချင်းပြန်) | Dec-15-16-17 |
| * | (နေ့ချင်းပြန်) | Dec-15-16-17 |
| * | (နေ့ချင်းပြန်) | Dec-15-16-17 |
| * | (နေ့ချင်းပြန်) | Dec-15-16-17 |

09-33886666, 09-795185522

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

## ရောင်းမည်

လှိုင်သာယာ၊ စက်မှုဇုန်(၂)၊ ဆရာဇံလမ်း၊ မြေ(၁)ကေ၊ ဂရန်၊ RC အမြင့် ၂၂ ပေ အရှေ့ဘက်လှည့်၊ ရုံးခန်းပေ(၂၀×၈၀)၊ (နှစ်)ထပ်၊ ဂိုဒေါင် ပေ(၁၆၅×၈၀)၊ ပေ(၈၀×၈၀)၊ ရေ၊ လျှပ်စစ်မီး(၃၁၅)ကေဗွီအေ

ဖုန်း-၀၉-၅၁၁၈၂၉၆၊ ၀၉-၇၃၀၃၈၁၂၃

## မြေညီ၂ခန်းတွဲအရောင်း

ဝေဇယန္တာလမ်းနှင့် ရတနာလမ်းမကြီး ၂ ခု ဆုံရာ အကွက်အကွင်းကောင်း၊ ကားပါကင်လွယ်ကူ၊ ရုံးခန်း SHOWROOM ဖွင့်ရန် အလွန်ကောင်း၊ အမြင့် ၁၂ ပေ (ညှိနှိုင်း)

ဖုန်း-၀၉-၄၂၀၀၂၇၁၁၃

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(25'x50')-(80)သိန်း၊ (25'x60')-(110)သိန်း၊ (40'x60')-(150)သိန်း၊

Ph:09-252278945,09-799716395,09-421161198

Aung Thein Than Services & Agency Limited
Car Showrom And Bidding Center
ကားတန်ဖိုး ကျပ် 99 သိန်းဖြင့်
Hyundai / Kia Korea Light Truck (Yangon)

Yangon
Hot Line 09 254 315 596
Tel: 01 855 1317, 09 730 12737

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အမှတ်(၁)၊ ပင်ရှုချောင်းလမ်း (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
E.mail : saikhungnoung1995@gmail.com

Star Zone
Travels & Tours
ဒီဇင်ဘာနှစ်သစ်ကူး ရုံးပိတ်ရက် ပြည်ပအထူးခရီးစဉ်များ
STAR ZONE

| | | |
|---|---|---|
| ဥရောပ(၃)နိုင်ငံ ခရီးစဉ်(အီတလီ၊ဆွစ်ဇာလန်၊ပြင်သစ်) | ၉ည/၁၀ရက် | 25 DEC -3 JAN 2018 |
| ဟောင်ကောင်-မကာအို ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |
| စင်ကာပူ ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |
| ဘန်ကောက်-ပတ္တရား ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |
| ဘန်ကောက်-ပတ္တယား ခရီးစဉ် | ၃ည/၄ရက် | 29 DEC -1 JAN 2018 |

NEW GENERATION
Ngapali Beach Tour Package
Family Holiday Package Ngapali Beach

Asia Top 09 43164118, 09 424090904, 09 424090902



SNN
ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကဲ့စမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Merry CHRISTMAS Promotion အထူးအစီအစဉ် (1.12.2017 မှ 31.12.2017)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အားလိုးရွှေကလေစ် (၁)ခု ပေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၁၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၃၃၆၀၀၀၊ ၁၃၉၁၁၀၂ ၁၂၃၈၀၀
PH: ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၁၄၂၀၀၀၂

STANDARD
your affordable quality
Vinyl Floor
* ၁၀၀% ရေစိုခံ * မြဲမစား
Special Offers
Skirting
အပြီးအစီး လက်ဆောင်




Showroom :
အမှတ် B1-012, ...
Hotline: 09 4555 444 30, 09 4555 444 03

LANCASTER Education Centre ဖုန်း-၃၇၄၆၆၄၊ ၀၉ ၇၃၀၉၇၄၆၆
- IELTS အချိန်ကပ်ရက်တိုသင်တန်း (Intensive)
  - လစဉ်စာမေးပွဲဖြေဆိုမည့်ကျောင်းသားများအတွက်အချိန်ကပ်သင်တန်းရှိပါသည်။
  - မေးခွန်းဟောင်းများနှင့်လေ့ကျင့်ပေးပါသည်။
  - Exam Strategies များသင်ကြားပေးပါသည်။
- IELTS Exam Practice
  - Writing & Speaking Modules များ သီးသန့်လေ့ကျင့်ပေးသည်။
- IELTS Foundation , Preparation
  - 4Skills သင်တန်းများဖြစ်သည်။ Weekdays & Weekend Classes

## အကြောင်းကြားခြင်း

Maersk Line Myanmar Company နှင့် ကုန်ပစ္စည်းများတင်သွင်းလာသော အောက်ဖော်ပြပါ ကုန်ပစ္စည်းပိုင်ရှင်များသည် ယခုကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း Maersk Line Myanmar Company သို့ဆက်သွယ်ကြပါရန် အကြောင်းကြားအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ဆက်သွယ်ခြင်းမရှိပါက လေလံတင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| Consignee | Location | B.L No |
|---|---|---|
| Htoo Char Aung Kyaw Co.,Ltd | Yangon, Myanmar | MCC902344 |
| Panda Textil Co.,Ltd | Yangon, Myanmar | 768153921 |
| Huar Yi International Co.,Ltd | Yangon, Myanmar | MCT757647 |
| Silver Sky Co.,Ltd | Yangon, Myanmar | 564934963 |
| Daw Phyu Phyu Aye | Yangon, Myanmar | 865780577 |

ကွန်ဒိုငှားမည်
River View Point Tower ကွန်ဒို (2000 Sqft) ကမ်းနားလမ်း နှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်၊ (အဆင့်မြင့်ပြင်ဆင်ပြီး) ဖုန်း-၀၁-၃၆၈၅၂၉၀၊ ၀၉-၇၈၅၀၃၀၆၈

မြေ နှင့် အိမ် ရောင်းမည်
အမှတ်(၂)လမ်းမပေါ်
မြောက်ဥက္ကလာပမြို့နယ် (၁၀၂)ရပ်ကွက်
သိန်း (4700)ညှိနှိုင်း
PH: (09-775145070)

"ရှာမည်"
အိမ်ပြောင်း အိမ်ရွှေ့နှင့် ကုန်စည်ပို့ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795609534



PAN PACIFIC
YANGON



" ဂုဏ်ယူဝမ်းမြောက်ခြင်း "

PAN PACIFIC Yangon Hotel

အောင်မြင်စွာ ဖွင့်လှစ်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့်

ဆတက်ထမ်းပိုး တိုးတက် အောင်မြင်ပါစေကြောင်း

OK$ မှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

OK$

okdollarapp okdollar.com INTERNET WALLET MYANMAR LIMITED



ဆရာမြင့်၏
စကြာမင်း
အမှတ်တံဆိပ်

သကြားနီ အသည်းဆေး

သကြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ
(Anti-oxidant property) ပါရှိခြင်းကြောင့်
အသည်းပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး
အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို
ကောင်းမွန်စေပါသည်။

TMR 013845(1020)

School Transfer

RESEARCHERS

will be in

MYAYNIGONE, SANCHAUNG

in

The New Year, 2018

New Address: No. 32, 3rd Floor, Shan Kone Street, Myaynigone, Sanchaung.
Tel: 09 250162038, 01 209382, 09 5680237

Forever
Gems by
ရွှေနန်းတော်

နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်

ရန်ကုန်၊ နေပြည်တော် ရွှေနန်းတော်ရွှေဆိုင်အားလုံးတွင် ၂၀၁၇ ဒီဇင်ဘာ(၁၀)ရက်မှ ၂၀၁၈ ဇန်နဝါရီ(၇)ရက်နေ့အထိ
ကျပ်(၁၀)သိန်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်းကို နှစ်သစ်ကူးရွှေဆွဲပြားများ လက်ဆောင်ပေးမည်။



ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၅)ဆိုင်
ကံစမ်းမဲဖွင့်ပွဲ
၂၀၁၈ ဇန်နဝါရီလ(၇)ရက် JUNCTION CITY
ကျပ်သိန်း(၂၅၀၀)ကျော်ဖိုးရှိ ရွှေသားဆုမဲများနှင့်
အများဆုံးဝယ်ယူသူ(၂၅)ဦးအတွက်
ရွှေသားလက်ဆောင်များ

နေပြည်တော်ရွှေနန်းတော်စိန်ရွှေရတနာဆိုင်
ကံစမ်းမဲဖွင့်ပွဲ
ဒီဇင်ဘာ(၃၀)ရက် နေပြည်တော်ပဲခူးစံနန်းမ
TOYOTA Brand New ကား – (၁)စီး
Honda ဆိုင်ကယ်အသစ် – (၅)စီး
မော်တော်ဆိုင်ကယ်အသစ် – (၂၀)စီး
ရွှေသားဆုမဲများ
အများဆုံးဝယ်ယူသူ(၁၀)ဦးအတွက်
ဆိုင်ကယ်အသစ်များနှင့်
ရွှေသားလက်ဆောင်များ

လက်ခ 5% မှ 50% အထိ
အထူးလျှော့ဈေး
ဈေးဝယ်မည်ဆိုပါက ဈေးချိုသာစွာဝယ်ယူပါ

ဝယ်ယူထားသော Point များအတွက်
Discount ခံစားခွင့်များ ပိုမိုရရှိသော
Member Card များ




Nestlé
BEAR BRAND
Enriched
Malted Milk
ကြံ့ခိုင်ထက်မြက်
သာလွန်ခြင်းအတွက်
သံဓာတ်
NEW!
Nestlé
BEAR BRAND
Enriched
Malted Milk
Open Here
Net Weight: 20g
NutriStrong
Strong
Body & Brain
✓High Calcium
✓High Iron
NESTLÉ BEAR BRAND Enriched Malted Milk တွင်
သံဓာတ်ပိုမိုပါဝင်ခြင်း၊ ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း၊ ခန္ဓာကိုယ်အတွက်
လိုအပ်သော အခြားဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်ခြင်းကြောင့်
ကြံ့ခိုင်ထက်မြက်သော မိသားစုများ ဖြစ်လာနိုင်ပါသည်။
အထုပ်သေး တစ်ထုပ်တွင် တစ်နေ့တာလိုအပ်သော သံဓာတ်ပမာဏ၏ သုံးပုံတစ်ပုံ ပါဝင်ပါသည်။

















ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇)သို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇)ကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက မြန်မာနိုင်ငံ တစ်ဝန်း မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်တွင် ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအမွေအနှစ်များ လက်ညှိုးထိုးမလွဲအောင် တည်ရှိနေခြင်းမှာ အလွန်ပင်ဂုဏ်ယူဝမ်းမြောက်စရာ ကောင်းလှပါကြောင်း၊ ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ချင်းတွင်းမြစ်ဝှမ်းရှိ ဇီဝမျိုးစုံမျိုးကွဲများကို သုံးနေရာခွဲ၍ သုတေသနပြု လေ့လာသွားမည်



**မုံရွာ ဒီဇင်ဘာ ၈**

မြန်မာ့ဝန်းကျင်သိပ္ပံ(MEI)နှင့် စတော့ဟုန်းဝန်းကျင်သိပ္ပံ (SEI)တို့ ပူးပေါင်းပြီး ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ နေရာသုံးခုခွဲ၍လေ့လာသွားမည်ဖြစ်ကြောင်း မြန်မာ့ဝန်းကျင်သိပ္ပံမှ သိရသည်။

“ချင်းတွင်းမြစ်တစ်လျှောက်မှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ပတ်သက်တာတွေကို MEI နဲ့ SEI တို့ ပူးပေါင်းပြီး သုတေသနပြုဖို့အတွက် Hotspot ဧရိယာ သုံးခုရွေးထားပါတယ်၊ ပထမနေရာက ခန္တီးမြို့နယ်၊ ဒုတိယနေရာကတော့ မင်းကင်းမြို့နယ်အတွင်းက မဟာမြိုင်တော၊ တတိယနေရာကတော့ ချောင်းဦးမြို့နယ်အတွင်းက ပေါက်အင်းတို့ကို လေ့လာမှာပါ၊ အဲဒီနေရာသုံးခုမှာရှိတဲ့ ရေနေသတ္တဝါတွေ၊ ကုန်းနေသတ္တဝါတွေ၊ စိမ့်မြေမှာရှိတဲ့ သတ္တဝါတွေကို လေ့လာမှာပါ၊ သူတို့ရဲ့ စားကျက်ဧရိယာတွေက ဘယ်နေရာတွေလဲ၊ ဟိုတုန်းက ဇီဝမျိုးစုံမျိုးကွဲတွေ အခုရှိနေသေးလား၊ ပြန်ရှိလာအောင် ဘယ်လိုလုပ်ဆောင်မလဲ ဆိုတာကို လေ့လာမှာပါ၊ မြစ်တွေအားလုံးကို ကြည့်လိုက်တဲ့အခါမှာ ဇီဝမျိုးစုံမျိုးကွဲနဲ့ပတ်သက်ပြီးတော့ ငါးတွေက မြစ်၊ ချောင်းထဲမှာမရှိဘဲ နည်းလာတယ်၊ နည်းလာရတဲ့ အကြောင်းအချက် အများကြီးထဲက မြစ်၊ ချောင်းနဲ့ဆက်စပ်နေတဲ့ အင်းတွေ၊ အိုင်တွေကို လူတွေက ပိတ်ဆို့တားဆီးတာကြောင့်နဲ့ တခြားအကြောင်းတွေကြောင့် အင်းတွေအိုင်တွေ ပျောက်ပျက်သွားပါတယ်၊ အင်းတွေက ဇီဝမျိုးစုံမျိုးကွဲအတွက် ဘာကြောင့်အရေးကြီးသလဲဆိုရင် မြစ်ထဲမှာနေတဲ့ ငါးတွေအားလုံး မိတ်လိုက်မျိုးပွား၊ ပေါက်ဖွားဖို့အတွက် နေရာတွေပါ၊ မိတ်လိုက်မျိုးပွားပေါက်ဖွားဖို့အတွက်

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖**





ဓာတ်ပုံ - mycitizen.net

# မွန်တို့အလှ ရှေးအက

■ မောင်အောင်မွန်

မွန်တို့၏ အဆို၊ အက၊ အတီးအမှုတ်များကို အမြဲလိုလိုပင် မြင်နေကြားနေကြရသည်။ မွန်သီချင်းမှန်း သိချင်မှသိမည်။ မွန်အကဟု ခွဲခြားတတ်ချင်မှ ခွဲခြားတတ်ကြမည်။ မွန်ယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့က တူလွန်းဆင်လွန်းလှသည်။

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသော လူမျိုးများအနက် ရှေးအကျဆုံးထဲတွင် မွန်တို့လည်း ပါဝင်ကြသည်ဟု သမိုင်းဆရာတို့က ဆိုကြသည်။ မြန်မာပြည် အလယ်ပိုင်းတွင် ပျူတို့ကြီးစိုးကြစဉ် ပုသိမ်၊ မုတ္တမ၊ ဟံသာဝတီဟူသော ရာမညတိုင်း မွန်သုံးရပ်တွင် မွန်ယဉ်ကျေးမှုထွန်းကားနေ၏။

ယဉ်ကျေးမှုအမွေအနှစ် အများဆုံး ကြွင်းကျန်နေသေးရာ ပုဂံမြေကို လေ့လာကြည့်ပါက မွန်နှင့် မြန်မာတို့၏ ရှေးယဉ်ကျေးမှု အမွေအနှစ် လက်ရာများစွာတို့ကို တွေ့ရပေမည်။ မွန်တို့သည် ရှေးကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် သီးခြားတည်တံ့နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားများ ဖြစ်ကြသည်။

တစ်ဖန် မွန်တို့သည် ရှေးအခါက ယိုးဒယား၊ အိန္ဒိယ၊ သီဟိုဠ် စသော အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံခဲ့သောကြောင့်လည်း ထိုနိုင်ငံများမှ ယဉ်ကျေးမှုအချို့ ကူးပြန့်လာဖွယ်ရှိသည်။ သို့သော် ကောင်းနိုးရာရာများကိုသာ ယူကာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အထိမခံဘဲ ပေါင်းစပ်တီထွင်ခြင်းဖြင့် ပိုမိုခိုင်မာဝေဆာစေခဲ့သည်ဟု သုတေသီများက ရေးသားကြ၏။

ယခုအခါ ပြည်ထောင်စုကြီးအတွင်း မွန်ပြည်နယ်ရယ်ဟု ရှိလာပြီဖြစ်ရာ မွန်တို့၏ ယဉ်ကျေးမှုကို ကျယ်ပြန့်စွာ၊ နက်ရှိုင်းစွာ၊ ပီပြင်စွာ မြင်တွေ့လာကြရပြီဖြစ်သည်။

ပြည်ထောင်စုနေ့များတွင် မွန်အကခွရာဖြင့် ဗေဒင်၊ အင်း၊ ပုရပိုက်၊ မွန်ဖတ်စာစသည်တို့ကဲ့သို့သော ရှေးစာပေများမှသည် ယနေ့ထုတ်ဝေနေကြသော မွန်အကြောင်းစာအုပ်စာစောင်များ၊ ရှေးဟောင်း မွန်ယဉ်ကျေးမှုပစ္စည်းများ၊ မွန်တို့၏ လက်ရာထူးများ၊ မွန်လခြမ်းတူရိယာ၊ မွန်မိကျောင်းတူရိယာများကို တွေ့မြင်ကြရသည်။ နောက်ခံသမိုင်းကိုလည်း လေ့လာနိုင်ကြပြီ။ အကျယ်သိလိုသူတို့အတွက်လည်း ကိုးကားစရာရကြပြီ။ ရှာကြဖွေကြ သုတေသနပြုကြရန်လည်း စိတ်ကူးစိတ်သန်းများ နှိုးဆော်လျက်ရှိသည်။

မွန်တို့၏ အလှ၊ မွန်တို့၏ အကများကိုကား ပရိသတ်စိတ်အဝင်စားဆုံးဖြစ်သည်။ လူအများ တိုးကာဝှေ့ကာ ကြည့်ရှုကြသည်။ အားပေးကြသည်။ မှတ်သားကြသည်။ ဝေဖန်ထင်မြင်ချက်ပေးကြသည်။ အများဆုံးပြောဆိုကြသည်ကား မွန်အကဆိုသည်မှာ မကြာခဏဆိုသလို မြင်ဖူးနေကျ အကများသာတည်း။

မွန်အကနှင့် မြန်မာအကများ အဘယ်ကြောင့် ဆင်ကြသနည်း။ မွန်တို့သည်လည်း အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ လယ်ယာကိုင်းကျွန်းလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်းကြသည်။ ကျေးလက်ကို အခြေပြုကာ အေးအေးလူလူနေထိုင်ကြသည်။ စကားအခေါ်တို့တွင်သာ ကွဲလွဲသော်လည်း အတွေးအခေါ် အယူအဆမှာမူ အတူတူလောက်ပင်။ ပြီးလျှင် အတူတကွ ဥမကွဲသိုက်မပျက် နေထိုင်ကြရကား ညီအစ်ကိုချင်းတို့ကြား အကများကို မည်သို့ကန့်ထား၍ ရနိုင်ပါမည်နည်း။

မွန်တို့၏ ရှေးရိုးရာ အဆို၊ အတီး၊ အကများကို လေ့လာကြည့်ပါ။ ကျေးလက်တောရွာများကို အခြေခံပြီး ဆက်နွယ်ရစ်ပတ်ကာ ရှင်သန်ပေါက်ဖွား ကြီးထွားလာခဲ့ကြောင်း တွေ့မြင်ရပေမည်။ ကျေးလက်တောရွာတို့၏ ကြည်နူးဖွယ်၊ သာယာဖွယ် အလှအပတို့၏ အသွင်သာ ထင်ဟပ်နေသည်ကိုလည်း ခံစားကြရပေမည်။

မွန်တို့၏အကများကို ယနေ့တိုင် အများဆုံး တွေ့မြင်နိုင်သည်ကလည်း ကျေးလက်တောရွာများသာ ဖြစ်နေသည်။

မွန်ယဉ်ကျေးမှုသည် မြို့ကြီးပြကြီးသို့ မရောက်တော့ဘူးလားဟု မေးချင်သူတော့ ရှိမည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ရှေးမွန်ဘုရင်တို့သာမက ပုဂံမှသည် ကုန်းဘောင်ခေတ်တို့အထိ မွန်ယဉ်ကျေးမှု တော်ဝင်ခဲ့သည်ကို အလွယ်တကူသိနိုင်ကြသောကြောင့်တည်း။

မြန်မာ့သဘင်တွင် နတ်ချင်း၊ နတ်သံ၊ နတ်ဒိုးများရှိသည်။ မွန်တို့တွင်လည်း နတ်ချင်း၊ နတ်သံ၊ နတ်ကန်တော့များရှိသည်။ မြန်မာ၊ ရခိုင်တို့ကဲ့သို့ပင် မွန်တို့တွင်လည်း လက်ခါနှင့် သာချင်းများရှိကြသည်။

မွန်အကများကို လေ့လာကြသူတို့က မြန်မာတို့၏ ကိန္နရာအက၊ လေှတော်သံအက၊ ဓားအကကဲ့သို့ အကများလည်း မွန်တို့ ကခဲ့ကြကြောင်း ဖော်ပြကြသည်။ မွန်အကများကို မြည်းစမ်းကြည့်ကြပါစို့။ မွန်တို့၏ ရှေးရိုးရာအကများကို အကြမ်းဖျင်းအားဖြင့် သုံးမျိုးခွဲလို့ရသည်။ အထူးကဏ္ဍ [ ခ ] သို့ »»

# ဟိုင်းကြီးကျွန်းတွင် ရခိုင်စာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃)ရပ်ကွက်ရှိ မိခင်နှင့်ကလေး ရုံးခန်းမတွင် ဒီဇင်ဘာ ၆ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စော ဦးဆောင်သော အဖွဲ့က ဒေသခံများနှင့်တွေ့ဆုံ၍ ရခိုင်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကျေးရွာအုပ်စုဆပ်ကော်မတီများ၊ ကျေးရွာဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ အခမ်းအနားသို့ ဒေသခံ ၆၀ ခန့် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောက ယခုလာရောက်သည့်ခရီးစဉ်သည် ရခိုင်စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများတွင် အုပ်စုအဆင့် ဆပ်ကော်မတီများ၊ ကျေးရွာအဆင့် ဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနဖြစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏လက်အောက်တွင် တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန နှစ်ခုကို တိုးချဲ့ဖွင့်လှစ်ထားပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရုံးများလည်း ဖွင့်လှစ်ထားပြီဖြစ်ကြောင်း၊ ကော်မတီဝင်များအား ရွေးချယ်ပြီးပါက ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် ကော်မတီဖွဲ့စည်းရေးတွင် နာယကနေရာမှနေ၍ ဆောင်ရွက်ပေးစေလိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် နှစ်စဉ် ပုသိမ်မြို့တစ်ခုတည်းတွင်သာ ရခိုင်ပြည်နယ်နေ့ကို အထူးကဏ္ဍ [ ခ ] သို့ »»





သံဖြူဇရပ်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်၌ မွန်ရိုးရာအကဖြင့် ကပြဖျော်ဖြေစဉ်။
ဓာတ်ပုံ - မွန်ပြည်နယ်၏အလှအပများဖေ့စ်ဘွတ်

အထူးကဏ္ဍ [ က ] မှ »»

၁။ ပွ ကချိန်း

၂။ ပွ ပလဲ

၃။ ပွ ဇား

ပထမအမျိုးအစားအကမှာ နွဲ့ပျောင်းနူးညံ့သိမ်မွေ့သည့် ကကြိုး၊ ကကွက်၊ ကဟန်များ ပါဝင်သည်။ ယင်းကို အခြေခံဖန်တီးထားသည်။ မွန်တို့၏ ရှေးနှစ်ပါးသွားအကတွင် အများဆုံးတွေ့မြင်နိုင်၏။ ဇာတ်စင်ဟူ၍ သီးခြားမရှိလှဘဲ မြေညီပြန့်ပြန့် သို့မဟုတ် တလင်းပြင်တွင် ကပြကြသည်။

မင်းသားနှင့် မင်းသမီးတို့က ကပြကြရင်း သီချင်းကိုပါ အသားပေးသီဆိုကြရ၏။ သီချင်းကလည်း အချီအချ အမေးအဖြေ သီချင်းဖြစ်သည်။ တစ်ကျော့စီ သီဆိုကြရသည်။ အစောင်းအချိတ်၊ အထေ့အငေါ့၊ အရှောင်အတိမ်းများကြောင့် ပရိသတ်မှာ ရယ်မောကြရနှင့်မို့ လူရွှင်တော်ပင် ထည့်ရန်မလိုတော့ပေ။ ယင်းအကကို အဆိုတော်များ၏ အကဟုလည်း ခေါ်ကြသည်။

မွန်တို့၏ ဤမြေဝိုင်းအကသည် ဘာလီကျွန်းသူ ကျွန်းသားတို့၏ နှစ်ပါးသွားအကနှင့် ဆင်သည်ဟု ပညာရှင်များက ဆိုကြသည်။ မွန်မင်းသမီး မွန်မင်းသားတို့က ခြေ၊ လက်၊ ခါး၊ ဦးခေါင်း၊ ပခုံး ဖြည်းညင်းစွာ လှုပ်ရှားလှည့်ပြောင်းပြီး ဝေ့ကာယိမ်းကာ ကပြကြသည်။ သီချင်းကိုလည်း အသံလေးလေး အေးအေးမြမြဖြင့် ဆိုကြသည်။ တီးမှုတ်ရာတွင်လည်း မိကျောင်းတူရိယာကို အသားပေး၏။ တူရိယာသံမှာ ကဟန်၊ ဆိုဟန်ကိုလိုက်၍ အသံအတက်၊ အကျ အကူးအပြောင်းတွင် ဖြည်းဖြည်းမှန်မှန် ကူးပြောင်းတီးခတ်ကြသည်။

မွန်ပြည်နယ် ကျေးလက်ဒေသများတွင် ကပြနေကြဆဲ နှစ်သက်နေကြဆဲပင်။

ပွ ပလဲခေါ် ဒုတိယအမျိုးအစားကမူ ဆန့်ကျင်ဘက်။ ခပ်ရွှင်ရွှင်၊ ခပ်သွက်သွက် ဆိုကြ၊ တီးကြ၊ ကကြရသည်။ ကြည့်နေကြသူများကို စိတ်ဝယ်ကြည်လင်ရွှင်လန်းစေသည်။ တက်ကြွစေသည်။ မြူးတူးစေသည်။ ကိုယ်တိုင်သီဆိုချင်၊ ကခုန်ချင်လာစေသည်။ ကကြသည့်နေရာများကိုလည်း ကြည့်ပါဦး။ လူအများရှိရာ ဘုရားပွဲ၊ အလှူပွဲ၊ ရှင်လောင်းပွဲ၊ လယ်ပွဲတို့တွင် ဖြစ်သည်။

တီးမှုတ်သော တူရိယာနှင့် တီးဟန်၊ ဆိုဟန်၊ ကဟန်တို့မှာ တစ်မူထူးခြားသည်ကား အမှန်။ သို့သော် သဘောကမူ မြန်မာတို့၏ အိုးစည်၊ ဒိုးပတ်ကဲ့သို့သော အကမျိုးတည်း။ တစ်ဦးချင်းကရာသို့ အဖွဲ့လိုက်ဝင်၍ တပျော်တပါး ကကြသည်လည်းရှိ၏။

အမျိုးသမီးတစ်သိုက်က ညောင်ရေအိုးကိုယ်စီနှင့်ဘယ်ညာယိမ်းကာနွဲ့ကာဖြင့်ကကြပြီးနောက်မှ ရွာသားတစ်ဦးက ပလွေဖြင့်ကြူကာ နောက်မှနေ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နှင့် ရွှင်မြူးဖွယ်သရုပ်ဖော်ကပြကြသည်လည်းရှိ၏။ ခုန်ဟန်မြူးဟန်ကို အသားပေးသည်လည်းရှိသည်။ အလမ္မာယ်ကစားဟန်၊ ဆင်ဖမ်းဟန်၊ ကျော့ဟန်တို့ကို ပရိသတ်တို့ ခံစားလာနိုင်အောင် ကပြကြသည်လည်းရှိသည်။

တတိယ အမျိုးကားဇာတ်ပွဲအကဖြစ်သည်။ ပွဇားဟုခေါ်သည်။ မွန်ဘာသာစကားဖြင့် ပြောကြဆိုကြသည်။ ကကွက်များတွင် မွန်ကကွက်များကို တွေ့မြင်ကြပေမည်။ သို့သော် ဇာတ်ပွဲစီစဉ်ရာတွင်မူ မြန်မာတို့နှင့် အတူတူပင်။ ဇာတ်လမ်းဇာတ်ကွက်တည်ဆောက်ပုံကိုလည်း ကြည့်ပါ။ မြန်မာဇာတ်များကဲ့သို့ပင် ဗုဒ္ဓဝင်၊ ရာဇဝင်၊ မဟာဝင်၊ နိပါတ်၊ သိုက်သမိုင်း စသည်များမှ ရယူအခြေခံသည်။ မွန်မြေဝိုင်းနှစ်ပါးသွားအက၊ တစ်ပင်တိုင်အက၊ ယိမ်းအက စသည်များတွင် အခြေခံကကြိုးကကွက်ဖြစ်သော မွန် ၁၂ ခန်းမှ ကဟန်များ သူ့နေရာနှင့်သူ ပါဝင်နေကြသည်။ မြန်မာ့သဘင်တွင်လည်း အပျိုတော် ၁၂ ခန်းဟု ရှိခဲ့သည်မဟုတ်ပါလား။

**၁။ ကျေးငှက်အက။** သပြေတစ်ပင်ကို ကျေးငှက်များ ဝိုင်းအုံနေကြ၊ ထိုးဆိတ်စားနေကြ၊ လေဝေ့ရာတွင် ကြွေကျလာသည့် သပြေသီးမှည့်များကို ဝဲကာပျံကာ လိုက်လံထိုးဆိတ်ကြဟန်ကို နမူနာယူကာ ရှေးမွန်တို့ တီထွင်ခဲ့သည်ဟု ယူဆသောအကဖြစ်သည်။ လက်ညှိုးနှင့် လက်မဝိုင်း၍ လက်သုံးချောင်းထောင်၍ ကသည့်ဟန်အများဆုံးပါဝင်၏။

**၂။ ယပ်တောင်အက။** ယပ်တောင်၏ ပြန့်ကားဟန်ကို နမူနာယူပြီးထွင်သည်ဟု ယူဆကြသည်။ မွန်ယိမ်းအသီးသီးကို ကြည့်ပါ။ ယိမ်းသမအချောအလှလေးများ ကနေစဉ် အနေအထားကူးပြောင်းပုံနှင့် လက်ဝှေ့ယမ်း လှုပ်ရှားပုံများသည် ယပ်တောင်၏ ပုံသဏ္ဌာန်နှင့်တူ၏။ ယပ်တောင်ခတ်သည့်ဟန်ကို တွေ့မြင်ရ၏။ ယပ်တောင်ကိုပိုက်၍ ကနည်းဟုလည်း ခေါ်ကြသည်။

**၃။ ကြာဖူးအက။** ပဒုမ္မာကြာ ဖူးဟန်၊ ငုံဟန်၊ ပွင့်ဟန်တို့ကို အဆင့်ဆင့်ကပြကြသည်။ လက်ချောင်းအားလုံးကို စု၍ထောင်ကာ ကလေ့ရှိကြသည်။ အထူးသဖြင့် ရှေးမွန်တို့ တစ်ပင်တိုင်အကတွင် ကြာဖူးအကကို နေရာပေးထည့်သွင်းကြ၏။

**၄။ ကိန္နရာအက။** လူတစ်ပိုင်း၊ ငှက်တစ်ပိုင်း ကိန္နရီ၊ ကိန္နရာတို့၏ ပျံသန်းပျော်မြူးကြဟန်ကို ကကြိုးကကွက် တီထွင်ထားသည်။ ကိန္နရီမောင်နှံတို့ တောင်ပံယှက်ကာ ဝဲပျံကြသည့်ဟန်၊ ကကြိုးများနှင့် အတောင်ပံခတ်သည့်ဟန် လက်ခုံကလေးများ တဖျပ်ဖျပ် လှုပ်ရှားကနေပုံများကို သရုပ်ဖော်သည်။ ကိန္နရီယိမ်းများမှာသာမက နှစ်ပါးသွားများတွင်လည်း တွေ့ရသည်။

**၅။ ကြက်တညင်အက။** ကြက်ဖကြင်ဖော်ကြက်မကိုမြင်၍ တွေ့ဆုံကြည်နူးဟန်ကို သရုပ်ဖော်သည်။ မွန်မြေဝိုင်းနှစ်ပါးသွားအကတွင် တွေ့ရတတ်၏။ မင်းသမီးက မလှမ်းမကမ်းတွင် ညို့ဟန်ဖြင့်ကနေဆဲ မင်းသားက ကြက်ဖဟန်ဖြင့် ဆောင့်ကြောင့်ထိုင်ရာမှ ခွပ်ဟန်ပြေးဟန် မင်းသမီးအား ဝေ့ကာဝိုက်ကာ လှည့်ကာပတ်ကာ ကပြကြသည်။

**၆။ ပန်းဝိုင်းအက။** ပန်းခူးပြီး လှူဒါန်းဟန်ကို ပန်းမပါဘဲ ကြည့်လိုစိတ်ဝယ် ထင်ဟပ်လာအောင် ကပြကြသည်။ ဘုရားပွဲများ၊ အလှူပွဲများတွင် ခပ်သွက်သွက်၊ ခပ်ရွှင်ရွှင်၊ ခပ်မြူးမြူး၊ ခပ်ကြွကြွ ကပြကြသည်။

**၇။ လှေလှော်အက။** မွန်တို့၏ ဂီတတွင် လှေလှော်သံ ရေကင်းသံတို့ရှိသည်။ မွန်ဇာတ်များတွင် မြစ်ချောင်းပင်လယ်ခရီးများ ပါဝင်သည်။ ဖောင်လှေတို့ဖြင့် သွားလာကြသည်။ ဘုရင့်လှေတော် သို့မဟုတ် ကရဝိက်ဖောင်တော် ရှိသည်။ အလှူပွဲများတွင် ဘုန်းတော်ကြီးလှေကို မွန်အမျိုးသားတို့က လှေဖြင့် ဆွဲယူလှော်ခတ်ကြရသည်ကို အကြောင်းပြုကာ လှေလှော်အကဖြစ်လာသည်။ မွန်တူရိယာဝိုင်းမှ လှေလှော်သံအလိုက် တီးမှုတ်သီဆိုသည်နှင့်အညီ မွန်ကချေသည်များက လိုက်ပြီးကကြ၏။

**၈။ ပန်းကစားအက။** မြန်မာနတ်ကန်တော့နှင့်ဆင်သော နတ်ချင်းသံကိုလိုက်ပြီး ကရသည်။ လက်တစ်ဖက်တစ်ချက်တွင် ပန်းစည်းများကိုင်ကာ နတ်ဒိုးနတ်သံအလိုက် ဘယ်မှညာသို့၊ ညာမှဘယ်သို့ ယိမ်းကာကပြကြရသည်။ မွန်ရိုးရာနတ်အကမှ ဆင်းသက်လာသော အကဖြစ်သည်။

**၉။ မိုးနတ်သားအက။** လက်ညှိုးကို အဓိကထားပြီး ကကြသည်။ ဘီလူးကဟန်များလည်း ပါသည်။ လက်ညှိုးညွှန်နတ်သားအကဟုလည်း ခေါ်ကြသည်။

**၁၀။ အရှေ့တိုင်းအက။** ယိုးဒယားဘက်မှ လာသောအကဟု ထင်သူများက ထင်ကြသည်။ မွန်တို့အခြေစိုက်ခဲ့ရာ မွန်မြို့ဟောင်းနယ်ဟောင်းမှလာသည်ဟု ယူဆသူများလည်းရှိ၏။ ယပ်တောင်ကဟန်ကို အခြေပြုလျက် ကိုယ်ကို ညွတ်၍ကိုင်း၍ ကရသည်။

**၁၁။ ဓားအက။** သိုင်းကွက်ဖြင့် ဟန်ရေးပြကခြင်းမဟုတ်၊ မွန်တို့၏ ဇာတိမာန်အကလည်းဖြစ်၏။ ဓားနှစ်လက်ကို အားရပါးရ ဆုပ်ကိုင်ကာ ခုန်ပေါက်ကခုန်သောကြောင့် ကြည့်ရသူရင်တွင်းအေးကနဲဖြစ်သည်များ၊ ရဲသွေးတက်လာသည်များကို ခံစားကြရမည်။ ဓားကိုင်၍ ခုန်ရာတွင် ခြေစုံခုန်ရသည်။ စစ်တက်ဟန်၊ ဆုတ်ဟန်တို့ကိုလည်း ထည့်သွင်းထားသည်။

**၁၂။ ပလေးဟလန်းအက။** တူရိယာသံ အကြီးအငယ်၊ အလေးအပေါ့၊ အရှင်အဆတ် အသံပြောင်းပုံကို လိုက်လျောညီထွေဖြစ်အောင် ကပြရသည့် အကမျိုးဖြစ်သည်။ လခြမ်းတူရိယာနှင့် တွဲဖက်အသုံးတော်ခံလေ့ရှိသည်။ ကျေးငှက်အက၊ ကြာဖူးအကတို့တွင် ဤကနည်း၏ ကကြိုးများပါနေသည်ကို တွေ့မြင်ရပေမည်။

ဤရှေးအကများကား မွန်တို့၏ အလှများပင် မဟုတ်ပါလား။

အထူးကဏ္ဍ [ က ] မှ »»

ဆောင်ရွက်ခဲ့ရာမှ နောက်နှစ်များတွင် ဝန်ကြီးဌာနသို့ ဘတ်ဂျက်တင်ပြတောင်းခံ၍ ကျေးရွာဆပ်ကော်မတီဝင်များစုစည်းကာ မြို့နယ်၊ ကျေးရွာများသို့ပါ ငွေကြေးခွဲဝေအသုံးပြု၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၅ ရက်သည် ရခိုင်ပြည်နယ်နေ့ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ပြည်နယ်နေ့ကို သိရှိ၍ ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုလည်း လေ့လာမှတ်သားထားရန်လိုအပ်ကြောင်း၊ ရခိုင်လူမျိုးတို့၏ရိုးရာ ကျင်းကိုင်ပွဲများ၊ ရထားဆွဲပွဲများကို ဒေသခံများအကြား ရင်းနှီးမှုရရှိလာကာ စည်ပင်ပြန့်ပွားနိုင်ရေး ဆပ်ကော်မတီများအလိုက် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်သွားကြရန်လိုကြောင်း၊ မကြာသေးမီက ရခိုင်စာပေသင်ကြားရန် အလုပ်လျှောက်ထားကြသည့် လူငယ်များကိုလည်း ခန့်ထားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးတင့်လွင်က ဆပ်ကော်မတီများ ဖွဲ့စည်းပုံအဆင့်ဆင့်ကို ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းကလည်း ဟိုင်းကြီးကျွန်းမြို့ ကျုံကူးကျေးရွာ၌ ဒေသခံများနှင့်တွေ့ဆုံ၍ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## ရှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှု ဆရာဖြစ်မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**ဗန်းမောက် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြို့နယ်ပညာရေးဌာနနှင့် ရှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းကျင်းပသော ရှမ်းနီတိုင်းရင်းသား စာပေနှင့် ရိုးရာယဉ်ကျေးမှု ဆရာဖြစ်မွမ်းမံသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ကွဲကောကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းဖြစ်မြောက်ရေး နာယက ဆရာတော် ကြောင်းလည်ကျောင်းတိုက်ဆရာတော် ဦးတေဇဝန္တက သြဝါဒစကားမိန့်ကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည်ဖြိုးငြိမ်းက သင်တန်းသူ သင်တန်းသားများကို ဘဝအခြေအနေတိုင်းတာခြင်းနှင့် ပုဂ္ဂိုလ်ရေးဖွံ့ဖြိုးမှုတိုင်းတာခြင်း စက်ဝိုင်းနှစ်ခု၏ အကြောင်းအရာများကို လက်တွေ့သင်ကြားပို့ချခဲ့သည်။ ဆက်လက်၍ မြို့နယ်ပညာရေးဌာနမှ မြို့နယ်ပညာရေးမှူး ဒေါ်တင်ပုနှင့် သင်တန်းမှူး ဆရာတော် ဦးဓမ္မာလောကလင်္ကာရတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ရှမ်းနီတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု ဆရာဖြစ်မွမ်းမံသင်တန်းဆင်းလက်မှတ်များကို မြို့နယ်မှတက်ရောက်ကြသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအားပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

တောင်သားတို့သည် မြန်မာအစုတွင်ပါဝင်သော လူမျိုးကွဲအုပ်စုဖြစ်သည်။ တောင်သားတို့သည် ချင်းပြည်နယ် ကောင်ပိုးချင်းတောင်ခြေအရပ်များဖြစ်သည့် ဂန့်ဂေါ၊ ယော၊ ဆော၊ ထီးလင်း စသည့်ဒေသများ၏ အတွင်းပိုင်းတောင်ခြေကျေးရွာများတွင် နေထိုင်ကြသည်။ အချို့ပညာရှင်တို့က ချင်းနှင့် မြန်မာ သွေးစပ်ထားသည့် အနွယ်များဖြစ်ဟန်ရှိသည်ဟု ယူဆထားကြသည်။ မစ္စတာ ဖာနီဗယ်၏ မှတ်တမ်းတွင် တောင်သားလူမျိုးများ မူလနေရင်းဌာနေကျေးရွာများမှာ ပုဂံမြို့ အရှေ့တောင်ဘက် ပုပ္ပား ပုပ်ပေး အဝေးကျေးရွာကဟု ဆိုသည်။ [စာတည်း]

# တောင်သားလူမျိုးနှင့် မိအယ်ရွာ

■ မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)



ရွာနာမ်ဘုရားဟုခေါ်သော "လာဘမုနိရတနာမာရ်အောင်စေတီ"နှင့် မိအယ်ရွာ။
ဓာတ်ပုံ - မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

ယခင်တစ်ပတ်မှအဆက် »»

တပေါင်းလဆန်း ၁၁ ရက်၊ ၁၂ ရက်တွင် ရွာနာမ်ဘုရားတွင် ရွာနီးစပ်မှ သံဃာပင့်ဖိတ်ပြီး ဆွမ်းလောင်းကြသည်။ အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလည်းရှိကြောင်း၊ နတ်တင်သည့်ဓလေ့ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။ ရွာမြောက်ဘက်တွင် မိုးနတ်(မိုးခေါင်ကျော်စွာ)နှင့် တောင်ဘက်တွင် ရွာတော်စောင့်နတ်(မင်းတေဇ)တို့ကို တစ်နှစ်တစ်ခါ ရိုးရာအဖြစ် တင်သည်။

ကဆုန်လတွင် တစ်ရက်ခြားကျင်းပပြီး ရွာတော်စောင့်နတ်အား သုံးနှစ်တစ်ကြိမ် နတ်ပွဲကျင်းပသေးသည်။ ယခင်က ခွေးခေါင်းဆက်သမှုရှိပြီး ယခုအခါ ကြားဖူးရုံသာရှိသည်။ နတ်ကို တောင်သားဘာသာစကားဖြင့် "နမ့်" ဟုခေါ်ပြီး တပေါင်းလဆန်း ၃ ရက်တွင် ပုန်းမကြည်နတ် ပူဇော်လေ့ရှိသည်။ နတ်တင်သည့်အခါ ကြက်ဖို၊ ကြက်မအပြင် တောင်သားဘာသာစကားဖြင့် "အရ" (အရက်)ပါ တင်သည်။ နတ်စင်တွင် ချက်ပြုတ်ပြီး လာသမျှလူများကို ကျွေးမွေးသည်။ ယခင်က စပါးသိမ်း၊ တလင်းနယ်ပြီးချိန်တွင် ကောက်သိမ်းဆွမ်းလောင်းသည်။ စပါးပုံဘေးတွင် ကောက်ညှင်း၊ စပါး၊ စပါးနှံ၊ ရေခွက် အစု သုံးစုတင်သည်။ စိုက်ပျိုးရေးအနေဖြင့် တောင်သူလုပ်ငန်းလုပ်ကိုင်ကြပြီး စိုက်ပျိုးလယ်မြေဧက ၄၀၀ ခန့်ရှိသည်ဟု သိရှိရသည်။ ထို့ပြင် အခြားစိုက်ပျိုးသီးနှံများအဖြစ် စပါး၊ ပဲ၊ နှမ်း၊ မြေပဲ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲစင်းငုံ၊ ပဲဖြူ၊ ပဲလွန်း၊ နေကြာ၊ ကျောက်ဖရုံ၊ ရွှေဖရုံတို့ကို စိုက်ပျိုးကြသည်။ ဆည်ရေကို နှော့ချောင်းနှင့် မိအယ်ချောင်းမှ တစ်ဖက်ဆည်ကန်ဖြင့် ဆယ်ယူကြသည်။ မိအယ်ချောင်းမှာ ချောင်းခြောက်ဖြစ်သောကြောင့် မိုးတွင်းမှသာ ဆယ်သည်။ ကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေးဌာန တစ်ခုရှိသည်။ ယခင်က တိုင်းရင်းဆေးဆရာရှိကြောင်း သိရသည်။ ကလေးမွေးဖွားလျှင် အိမ်တွင်ပင် မွေးဖွားလေ့ရှိသည်။ မွေးဖွားလာသော ကလေးအား ငယ်ရွယ်စဉ်၌ ကင်ပွန်းတပ်ခြင်း ဓလေ့မရှိကြောင်းလည်း သိရသည်။

ဆက်လက်၍ ဝတ်စားဆင်ယင်မှုကို လေ့လာခဲ့ရာ အမျိုးသားများမှာ အဖြူရောင်လက်ရှည်အင်္ကျီနှင့် တောင်ရှည်ပုဆိုးတို့ကို ဝတ်ဆင်ကြပြီး အမျိုးသမီးများမှာ အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ပြီး ခါးတွင် အနီရောင်အစကို တစောင်းပတ်ထားသည်။ ငွေရောင်အဝိုင်းခါးပတ်များကိုလည်း တစ်ခါတစ်ရံ ခါးတွင်ပတ်ထားတတ်ကြသည်။

ယခင်က ပယင်းပုတီးများကို ဆွဲထားတတ်ကြသည်။ ထိမ်းမြားမင်္ဂလာမှုအနေဖြင့် မင်္ဂလာစေ့စပ်ပွဲဓလေ့ရှိပြီး အမျိုးသမီးကို အမျိုးသားက တင်တောင်းရသည်။ မင်္ဂလာလက်ထပ်ချိန်တွင် ရွာဦးကျောင်းဆရာတော်ကို ကန်တော့ဆွမ်းပို့၍ နှစ်ဖက်မိဘကို ကန်တော့သည်။ ကျွေးမွေးစရိတ်ကို အမျိုးသားဘက်မှ အကုန်ကျခံရပြီး ရရှိသောလက်ဖွဲ့ပစ္စည်းကို မောင်နှံနှစ်ဦးသာ ယူသည်။ သတို့သား သတို့သမီးအရံ နှစ်ယောက်နှင့် ဆွေမျိုးများသာ ဘုန်းတော်ကြီးကျောင်းသို့ သွားကြရသည်။ အမွေခွဲပေးရာတွင် မိဘနှင့်နေသောသူ အမွေပိုရပြီး အိမ်ထောင်ခွဲလျှင် တစ်ခါတည်း အမွေခွဲပေးသည်။ ယခင်က မိန်းကလေးဖြစ်လျှင် အမွေမရပေ။

ဘာသာစကားအနေဖြင့် တောင်သားစကားကိုသာ အများဆုံးပြောဆိုကြသည်။ တောင်သားဘာသာစကားမှာ မည်သည့်တိုင်းရင်းသားဘာသာစကားနှင့်မျှ မတူညီဘဲ ကွဲပြားမှုရှိကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် တောင်(မွှင်း)၊ မြစ်(မြစ်)၊ ချောင်း(ဝလင်း)၊ လယ်(လေ)၊ ယာ(လော)၊ စပါး (သ)၊ ပြောင်းဖူး(မန်ရာ)၊ မြေပဲ(မြေးလ်ပယ်)၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာ စကားပြောအတူတူပင်ဖြစ်သည်။

နေ(နီ)၊ လ(ခါ)၊ ကြယ်(အပ်ရှီ)၊ နွားမ (နွန်းန်)၊ နွား(ရွှန်းမ်)၊ ယောကျ်ား(သရာလ်)၊ မိန်းမ (နရွလ်)၊ အိမ်(အိမ်)၊ လမ်း(လမ်-မ်)၊ ကျောက်တုံး(လုံ-မ်)၊ သစ်ပင်(ရှင်ကုန်)၊ ထန်းပင်(ထန်ကုန်)၊ ထန်းရည်(ထန်းတွေ)၊ အဖေ(အပါ)၊ အမေ(အိုးအီ)၊ အစ်ကိုကြီး (အူးလင်း)၊ အစ်ကို(အူးပါး)၊ ညီ (နပါး)၊ အစ်မ (အူးနူး)၊ ညီမ(သစ်အနူး)၊ အဘွား(ပြီးအီး)၊ မြေး (လွေးသာ)၊ မိန်းကလေး(နရွာ-လ်)၊ ယောကျ်ားလေး(ဘရာသာ)။

အမေ တောသွားတယ်။

အိုးအီး ရမ်း သိအဲ(လ်) စသည့် တောင်သားစကားအချို့ကို မှတ်သားခဲ့ရသည်။

ရွာ၏အုပ်ချုပ်သူ အကြီးအကဲဓလေ့ကို လေ့လာရာ ယခင်က သူကြီးတင်မြှောက်ရာတွင် ရွာထဲမှ ကာလသားများကို ရွေးချယ်တင်မြှောက်ပြီး မျိုးရိုးစဉ်ဆက် ဆက်ခံကြသည်။ တစ်ရွာနှင့်တစ်ရွာ ခိုက်ရန်ဖြစ်ပွားခြင်း မရှိပေ။ နယ်မြေနှင့်ပတ်သက်၍ အငြင်းမပွားကြပေ။ တောင်များက တစ်ရွာနှင့်တစ်ရွာ ကာရံထားသည်။

ရွာရှိအိမ်များကို လေ့လာကြည့်ရာ အရှေ့ အနောက် တိုင်ရှစ်လုံးရှိပြီး မျက်နှာစာတိုင် အကျယ် ကိုးပေရှိသည်။ လှေကားထစ် အတက်နေရာမှာ လေးပေရှိပြီး ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးသက်ငယ်မိုးထားသည်။ အိမ်ရှေ့တွင် လသာဆောင်ရှိပြီး အိမ်နောက်ဘက်တွင် ချောင်းကြည့်ပေါက်အဝိုင်းရှိသည်။ အိမ်အပြင် မြင်းမိုရ်ပိတ်တွင် ပန်းကနုတ်ဖြင့် တန်ဆာဆင်သည်။ အတွင်းမြင်းမိုရ်ပိတ်တွင်လည်း တန်ဆာဆင်ထားသည်။ အရှေ့ဘက်နံရံပြင်တွင် ပြတင်းတံခါးပေါက် နှစ်ခုရှိပြီး အနောက်ဘက်တွင် ပြတင်းတံခါး တစ်ပေါက်ရှိသည်။ အိမ်အတွင်း ဘယ်ဘက်တွင် ဘုရားခန်း၊ အိပ်ခန်းနှင့် မီးနေခန်းတစ်ခုရှိသည်။ ယာဘက်တွင် ချက်ပြုတ်စားသောက်ရန် မီးဖိုခန်း တစ်ခုရှိသည်။

တောင်သားလူမျိုးအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး အသက် (၉၀) ဝန်းကျင်ခန့်အထိ အသက်ရှင်နေထိုင်ကြသည်။ လူသေလျှင် မီးသင်္ဂြိုဟ်သောဓလေ့ရှိပြီး မိုးများသောအခါမှသာ မြှုပ်နှံကြသည်။ မီးသင်္ဂြိုဟ်ပြီးပြာများကို ထိုအတိုင်းထားခဲ့ကြသည်။ ဆရာဦးမြင့်သိန်း ပြောဆိုမှုတို့ကို စာရေးသူတို့မှတ်သားပြီးနောက် ထိုနေ့ည ဘုရားကန်တော့ပြီး အိပ်ရာဝင်ခဲ့သည်။ နံနက်မိုးမသောက်မီအချိန်ကပင် နွားသံ၊ လူသံများကို ကြားနေရသည်။ အိမ်ရှင်သားအမိ စောစောထပြီး ချက်ပြုတ်နေသံကို ကြားရသော်လည်း စာရေးသူနှင့်အဖွဲ့သည် နေရောင်မြင်သည်အထိ စောင်ခြုံထဲတွင် ကွေးနေမိကြသည်။ ထိုအချိန်ကာလသည် ဆောင်းလဖြစ်သည့်အားလျော်စွာ စာရေးသူတို့အဖွဲ့မှာ ချမ်းအေးမှုဒဏ်ကို ခံစားရပြီး ဒေသခံတို့ကမူ ချမ်းအေးမှုဒဏ်ကို ခံနိုင်ကြပုံပေါ်သည်။ မိအယ်ရွာသည် တောင်ပတ်လည်ဝန်းရံထားသော ရွာတစ်ရွာဖြစ်သည့် အားလျော်စွာ ချမ်းအေးလွန်းလှသည်ကို ကိုယ်တွေ့ခံစားခဲ့ရပါသည်။

ထို့နောက် အိမ်ရှင် ဒေါ်ရင်မေ တည်ခင်းဧည့်ခံသော နံနက်စာကို စားသောက်ကြပြီး ရွာပတ်ဝန်းကျင်ကို လှည့်လည်လေ့လာရန်အတွက် ဆရာဦးမြင့်သိန်းက လာရောက်ခေါ်ဆောင်သည်။ မိအယ်ရွာပတ်ဝန်းကျင်ကို လှည့်လည်လေ့လာပြီးနောက် မွန်းလွဲပိုင်းတွင် ရွာမှပြန်လည်ထွက်ခွာခဲ့သည်။

မိအယ်ရွာမှ ပြန်ခဲ့ကြသော်လည်း ရွာ၏ဓလေ့ထုံးစံ၊ လူမှုဆက်ဆံရေး၊ နေထိုင်မှုဓလေ့၊ ကြည်ညိုစရာကောင်းသော ရွာနာမ်ဘုရားနှင့် ရွာပတ်ဝန်းကျင်တို့အား စာရေးသူတို့အဖွဲ့၏ရင်ထဲတွင် မမေ့နိုင်စရာကောင်းသော ရွာတစ်ရွာအဖြစ် မှတ်တမ်းတင်ခဲ့ရပေသည်။

***မှတ်ချက်။ ။ဤ "တောင်သားလူမျိုးနှင့် မိအယ်ရွာ" ဟူသော ဆောင်းပါးဖြင့် မိအယ်ရွာမှ ရွာသူရွာသားများအားလုံးကို ဂါရဝထားဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။***



ရိုးရာဝတ်စုံများဝတ်ဆင်ထားကြသည့် တောင်သားလူမျိုး အမျိုးသမီးများကို တွေ့ရစဉ်။ ဓာတ်ပုံ - သန်းနိုင်ဦး(ငဖဲ)





## ပျူမျိုးနွယ်စု(ခေါ်)တောင်သားလူမျိုးများ ပထမအကြိမ် တွေ့ဆုံပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ထီးလင်း ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ဝက်သက်ကျေးရွာတွင် ထီးလင်း၊ ဆော၊ ဂန့်ဂေါ၊ စေတုတ္တရာ၊ မင်းတပ် စသည့် မြို့နယ်ပေါင်းစုံ မြို့/ရွာအသီးသီးမှ ပျူမျိုးနွယ်စု(ခေါ်) တောင်သားလူမျိုးများ ပထမအကြိမ်တွေ့ဆုံပွဲကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ တောင်သားလူမျိုးတို့ ရိုးရာအစဉ်အလာမပျက် အတီးအမှုတ် အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်း၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဇော်၊ တောင်သားလူမျိုးစု နာယကကြီး ဦးကျော်စိန်နှင့် မြို့နယ်ပေါင်းစုံ မြို့/ရွာ အသီးသီးမှ ပျူမျိုးနွယ်စု(ခေါ်) တောင်သားလူမျိုးများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

တောင်သားလူမျိုးသည် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၊ ဆောမြို့နယ် ယောနယ်ဒေသတွင် အမှန်တကယ်နေထိုင်လျက်ရှိပြီး တောင်သားလူမျိုးများသည် နောင်နှစ်များမကြာမီ မျိုးနွယ်စု တစ်ခုလုံး ပျောက်ကွယ်သွားနိုင်သည့်အခြေအနေတွင် ရှိသည့်အတွက် တောင်သားလူမျိုးများ ပျောက်ကွယ်မသွားနိုင်စေရန် မြို့နယ်ပေါင်းစုံ တောင်သားလူမျိုးများ စုံညီတွေ့ဆုံပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးနွယ်စုတစ်ခုလုံး ပျောက်ကွယ်မသွားစေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားမျိုးနွယ်စုများစာရင်းတွင် အမှန်တကယ် ပါဝင်နိုင်ရန်၊ တောင်သားလူမျိုးများ သမိုင်းအမှန်ဖော်ထုတ်ပေးနိုင်ပါရန်နှင့် တောင်သားစကားကို စာပေဖြင့် အဘိဓာန်ကဲ့သို့ စနစ်တကျ မှတ်တမ်းတင်ထားရှိပေးနိုင်ရန် ဒေသခံတောင်သားလူမျိုးများ လိုလားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - သန်းနိုင်ဦး(ငဖဲ)**



## ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအစားအစာ ဆီတိုဟူးကို မိရိုးဖလာနည်းပညာအတိုင်းသာ ပြုလုပ်နေကြဆဲ

**ဟိုပင် ဒီဇင်ဘာ ၈**

ကချင်ပြည်နယ် ဟိုပင်မြို့ တကွင်းကျေးရွာတွင် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအစားအစာတစ်ခုဖြစ်သော ဆီတိုဟူးကို ရှေးယခင်က ရှမ်းလူမျိုးများ၏ လက်ဆင့်ကမ်းခဲ့သော မိရိုးဖလာနည်းပညာအတိုင်းသာ ယခုအချိန်ထိ ပြုလုပ်နေကြဆဲဖြစ်သည်ဟု သိရသည်။

ဆီတိုဟူးပြုလုပ်ရာတွင် အဓိကအသုံးပြုသည်မှာ ပဲငါးပိဖြစ်ပြီး ပါဝင်သည့်ပစ္စည်းများမှာ ဆား၊ ငရုတ်မှုန့်နှင့် ဆန်အရက်တို့ဖြစ်ကြောင်း၊ ပထမဆုံး ပဲငါးပိကို ပွလာအောင် တစ်ညရေစိမ်ရပြီး ပွလာပါက ကြိတ်စက်နှင့် ကြေသွားအောင် ကြိတ်ပေးရသည်ဟု အဆိုပါလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

"ကြိတ်ပြီးလို့ရလာတဲ့ ပဲရည်တွေကို ကျိုချက်ပြီးမှ သန့်ရှင်းတဲ့ လေးထောင့်သစ်သားပုံးထဲ လောင်းထည့်ပြီး လေးတဲ့အရာနဲ့ ဖိထားရပါတယ်၊ ခဲလာရင် လေးထောင့်သေးသေးဖြစ်အောင် ဓားနဲ့ဖြတ်ပေးပြီး သက်ငယ်ပေါ်မှာ မှိုပေါက်လာတဲ့အထိ ခင်းထားရတယ်"ဟု ဆီတိုဟူးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မပုက ပြောသည်။

မှိုပေါက်လာပါက သက်ငယ်ပေါ်မှ ခွာလိုက်ပြီး နှံ့အောင်မွှေပေးမည့်ပုံးထဲသို့ထည့်ကာ လိုအပ်သည့် ပါဝင်ပစ္စည်းများကို ပေါင်းထည့်ပြီး အရသာရှိသည့် ဆီတိုဟူးဖြစ်လာအောင် မွှေပေးရသည်ဟု ၎င်းက ဆက်ပြောသည်။



ဆီတိုဟူးကို စားသုံးသည့်အဆင့်ထိ ရောက်ရှိလာပါက ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ အောက်အင်းတော်၊ ထန်းတပင်၊ ရွှေဘိုနှင့် ခင်ဦး၊ ရေဦး၊ မြစ်ကြီးနား၊ မိုးကောင်း စသည့်ဒေသများသို့ အများဆုံးတင်ပို့ရောင်းချမှုများ ပြုလုပ်နေကြကြောင်း သိရသည်။

"ကျွန်တော်က ဆီတိုဟူး ပို့ဆောင်တဲ့လုပ်ငန်းလုပ်ကိုင်နေတာကြာပါပြီ၊ တစ်ရက်မှ မပျက်ဘူး၊ နေ့တိုင်း ဟိုပင်ဘူတာကို သွားပို့ပေးရတယ်၊ အဲဒီကနေတစ်ဆင့် အထက်ပိုင်း၊ အောက်ပိုင်းပို့တာကတော့ သူတို့ပိုင်ရှင်တွေက စာတွေကပ်ထားပြီးသားပဲ"ဟု ဆီတိုဟူး ပို့ဆောင်ပေးနေသော ဦးပန်းအောင်က ပြောသည်။

ဈေးကွက်တွင်းရောင်းချရာတွင် ဆီတိုဟူး ပုံးကြီး၊ ပုံးသေးဟု နှစ်မျိုးရှိသည့်အနက် ယခုအခါ ပုံးသေး အချော တစ်ပုံးကို ကျပ် ၁၇၀၀၊ ပုံးသေးအကြမ်းတစ်ပုံး ကျပ် ၈၀၀ နှင့် ပုံးကြီးတစ်ပုံးကို ကျပ် ၂၀၀၀၀ ထိ ရောင်းချရကြောင်း သိရသည်။

ရှေးယခင် ရှမ်းတိုင်းရင်းသားများက လက်ဆင့်ကမ်းလုပ်ကိုင်ခဲ့သော ရိုးရာအစားအစာတစ်ခုဖြစ်သည့် ဆီတိုဟူးပြုလုပ်ခြင်းကို ယခုအချိန်ထိ တကွင်းကျေးရွာတွင် မူလနည်းပညာအတိုင်းသာ ပြုလုပ်နေကြဆဲဖြစ်ပြီး ကျေးရွာအုပ်စုအတွင်း အိမ်ထောင်စု တစ်ထောင်ကျော်ရှိသည့်အနက် အိမ်ထောင်စု ၂၅ စုခန့်သာ အဆိုပါ ဆီတိုဟူးလုပ်ငန်းကို လုပ်ကိုင်နေကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - မင်းမင်းဦး**

4tv Vol.2 No-48

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

## (၉ - ၁၂ - ၂၀၁၇ မှ ၁၅ - ၁၂ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။







## White Queen

December 14th, Thursday @ 7:30PM

[illegible]







## Diana: Tragedy Or Treason?

(14 Dec 4:45 PM)

[illegible] Discovery [illegible]







## Scars Of Nanking (9:20 PM, Dec. 12, Tue.)

[illegible]




## 13 Hours

(The Secret Soldiers Of Benghazi)

(Dec 13,Wed, 7:00 PM)

[illegible]











| | | | |
|---|---|---|---|
| 5 ကာတွန်း — Smurfs 9:00 PM 9.12.17 (Sat) | 5 SERIES — ဂုဏ်ဝင်ထက်ကလူသား 9:00 PM (Mon to Thu) 12.Dec.17 | 5 SPECIAL — ချစ်ကြေးမငြေ 9:45 PM, (Sat, Sun) 10-Dec-17 | 5 MOVIES — Pirates Of The Caribbean 7:50 PM 09-Dec-17 (Sat) |

4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

ဒေါက်တာစောလှဖြူ ဦးစီးသော

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

Since 1998

EC : The Prestigious School of Future Leaders

## နှစ်(၂၀)ပြည့် အခမ်းအနားနှင့် ဆုနှင်းသဘင်

**EC** ပညာ့ရိပ်သာ နှစ်(၂၀)ပြည့် အထိမ်းအမှတ်နှင့်အတူ

**EC** ရတနာစံပြဆုများ၊

ဘာသာစုံဂုဏ်ထူးရှင်များ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ၊

ပန်းချီ၊ ဂီတ၊ အားကစား၊ ဘက်စုံထူးချွန်သူများအား ဂုဏ်ပြုမည့်

**EC** ကိုယ်ပိုင်အထက်တန်းကျောင်း ၏

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို

Sedona Hotel, Grand Ballroom တွင်

(၂၁-၁-၂၀၁၈) ရက်နေ့

ညနေ (၄)နာရီ မှ (၆)နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

- ၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈
- (ကျောင်း) ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၉
- www.facebook.com/ecprivatehighschool

အင်္ဂလန်နိုင်ငံအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာသင်တန်းများ ဒီဇင်ဘာ ၁၉ စမည်။

Electrical and Electronic Engg; Dip;
Civil Engineering Diploma
Mechanical Engineering Diploma
Maintenance Engineering Diploma
Manufacturing Engineering Diploma

ဒီဇင်ဘာ ၃၀ ရက်နေ့ထိ 20 % Dis

SKY STAR ENGINEERING TRAINING CENTRE
Approved Centre No - 836055
Facebook - Sky Star Engineering Training Centre, Email - skystarengineeringcentre@gmail.com


## အမည်ပြောင်း

ကလေးမြို့နယ်နေ ဦးဇထီးရိုး၏ သမီးဖြစ်သူ မဆပ်နေမွဲအား ယနေ့မှစ၍ မဇင်မာဌေး [၅/ကလထ(နိုင်) ၁၄၁၄၂၁]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဇင်မာဌေး**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့နယ်၊ ထန်းတပင်တာဆုံအနီး လှပဒါးကျေးရွာ၊ လယ်/ဥယျာဉ် (၇)ကေ တစ်ကေ သိန်း(၂၅၀)ညှိနှိုင်းခွဲလည်းရောင်းပေးသည်။ ပုံစံ (၇)ကျပြီး

**ဖုန်း-၀၉-၄၂၁၁၇၀၀၇၊ ၀၉-၉၇၀၂၈၂၉၃၀**

## စစ်တွေဒေသကောလိပ်/ကောလိပ်/ဒီဂရီကောလိပ် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကျင်းပရန် အသိပေးကြေညာခြင်း

၁၉၇၆/၇၇မှ ၁၉၈၇/၈၈ကာလအတွင်း ပညာသင်ယူခဲ့သော အထက်ဖော်ပြပါကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို သံတွဲခရိုင်၊ ငပလီကမ်းခြေတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် ကျေးဇူးရှင် ဆရာ/ဆရာမများအား ပူဇော်ကန်တော့နိုင်ရန်နှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ကြစေရန် အောက်ပါအစီအစဉ်အတိုင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်- ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၃၁ရက် (တနင်္ဂနွေနေ့)
အချိန်- နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
နေရာ- သံတွဲမြို့နယ်၊ ဒွါရာဝတီခန်းမတွင် မြတ်ဆရာပူဇော်ပွဲကျင်းပပြီး ညနေ ၆နာရီတွင် Diamond ငပလီဟိုတယ်၊ ငပလီကမ်းခြေတွင် မိတ်ဆုံညစာစားပွဲ ကျင်းပပြုလုပ်ပါမည်။

ဆက်သွယ်ရမည့်သူများစာရင်းမှာ-

- ဦးဖိုးရီအောင်(၈၀/၈၀) သံတွဲ ဖုန်း-၀၉-၂၅၀၇၆၀၃၄၅
- ဒေါ်တင်မြင့်ခိုင်(၇၉/၈၀) သံတွဲ ဖုန်း-၀၉-၄၅၀၆၂၇၁၅၉
- ဒေါ်လီလီဖံ(၇၉/၈၀) စစ်တွေ ဖုန်း-၀၉-၅၀၁၀၁၉၅
- ဦးစောထွန်းအောင်(၈၂/၈၃) စစ်တွေ ဖုန်း-၀၉-၈၅၀၀၂၆၉
- ဦးထွန်းရွှေသိန်း(၈၁/၈၂) ရသေ့တောင် ဖုန်း-၀၉-၅၁၂၃၁၆၆
- ဦးမောင်မောင်စန်း(၇၉/၈၀) ရန်ကုန် ဖုန်း-၀၉-၅၃၅၀၈၇၅
- ဒေါ်ဦးမေ(၈၄/၈၅) မောင်တော ဖုန်း-၀၉-၄၂၇၁၉၃၆၉၉
- ဦးဦးလှမြင့်(၈၁/၈၂) ရန်ကုန် ဖုန်း-၀၉-၅၀၀၂၈၃၁
- ဦးသိန်းအောင်-ဒေါ်ခင်သိန်း(၈၂/၈၃) စစ်တွေ ဖုန်း-၀၉-၂၆၁၅၁၅၇၇၂
- ဒေါ်ယဉ်ယဉ်ထွေး(၈၅/၈၆) တောင်ကုတ် ဖုန်း-၀၉-၂၅၃၆၂၁၆၂၅
- ဒေါ်စိုးမမ(၈၄/၈၅) တောင်ကုတ် ဖုန်း-၀၉-၇၇၆၆၄၀၅၄၀

လှူဒါန်းရန် Bank Account နံပါတ်များ (U Than Tun +2)သံတွဲဘဏ်ခွဲ

၁။ ၀၀၅၃၆၀၀၁၀၀၀၂၈၀၂၉ CB Bank
၂။ ၀၀၈၁၂၂၀၀၀၄၇၀၆ ကမ္ဘာ့ရတနာဘဏ်
၃။ ၀၈၂၃၀၂၀၄၀၀၀၈၈၆၃၀၂ KBZ Bank

မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြမည့် ဆရာ/ဆရာမကြီးများကို ဖိတ်စာများပေးဝေလျက်ရှိပါသည်။ တက်ရောက်လိုသည့် ဆရာ/ဆရာမများအနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အောက်ပါနံပါတ်များသို့ ၁၅-၁၂-၂၀၁၇ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံအကြောင်းကြားအပ်ပါသည်။

၁။ ဦးထွန်းရွှေသိန်း ဖုန်း-၀၉-၅၁၂၃၁၆၆
၂။ ဦးနေစိုး ဖုန်း-၀၉-၇၉၅၉၀၁၀၇၁
၃။ ဒေါ်တင်မြင့်ခိုင် ဖုန်း-၀၉-၄၄၃၀၀၁၈၆၂


## ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

☎ ၀၁ ၂၆၉၃၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၃၇

၁၀၀၀၀ကျပ် ၂၀၀၀၀ကျပ်

## လင်းယုန်အဆင့်မြင့်တည်းခိုခန်း

☎ ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၁၄၄၇

၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်

## စိန်ပင်လယ် (Diamond Sea) အာမခံ ပလက်တီနစ် နှင့် စိန်ရွှေရတနာဆိုင်

**Christmas နှင့် New Year အကြိုအထူးလျှော့ဈေး**

စိန်ချစ်သူများအတွက် စိန်ဖြူ၊ စိန်သန့်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာ ဒီဇိုင်းမျိုးစုံ၊ မြန်မာ့ပုလဲနှင့် ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံ၊ (750) ပလက်တီနမ် ဒီဇိုင်းအသစ်အဆန်းများကို 5%မှ30% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးပါမည်။ ဆိုင်(၃)ဆိုင်လုံးတွင် ဝယ်ယူအားပေးသော Customer များကို အထူးကျေးဇူးတုံ့ပြန်သောအားဖြင့် Mazda Demio ကား(၁)စီးနှင့် ကျပ်သိန်းပေါင်းမြောက်များစွာ ဆုမဲများကံစမ်းမဲဖောက်ပေးပါမည်။



**ကံစမ်းမဲဖောက်မည့်ရက်**
**(၄.၁.၂၀၁၈) လွှပ်လပ်ရေးနေ့**



(1) Junction Square Centre (မြေညီထပ်)၊ ကျွန်းတောလမ်းဝင်ပေါက်
(2) Junction City (Yangon) ဗိုလ်ချုပ်ဈေးသစ်အပေါ်ထပ်၊ ဂုံးတံတားဝင်ပေါက်အနီး။
(3) ဝမ်းပွင့် Shopping Centre (စံရိပ်ငြိမ်၊ ဒုတိယထပ်)။

## နှစ်သစ်ကူး အထူးလျှော့ဈေး

DONGFENG
DONGFENG MOTOR CORPORATION

K01
၇၈.၅ သိန်း (အခွန်ပေါက်အပြီးအစီး)
(စတီးအမိုးကိုင်းတစ်ခုလက်ဆောင်ပေးပါမည်)
2015 Model, 5 MT, 1.1L (Gasoline), Loads:900 Kg



C37
သိန်း ၁၈၀ (အခွန်ပေါက်အပြီးအစီး)
2017 Model, 5 MT, 1.5L (Gasoline), 11 Seaters



Sojitz Sunrise Automobile Co., Ltd. (Authorized Distributor)
Address : No.19, Baho Street, Sanchaung Township, Yangon, Myanmar.
Tel: 01-230 4801, 01-230 4802
Web Page : www.dongfeng-myanmar.com Facebook Page : DFM-Myanmar
Hotline 09 42509 7655 09 42888 5587

## ပညာအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်ဘော်ဒါ

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

Basic Computer Course, Language

(Physical Education, Musics, Fine Arts,

ကျောင်းတည်နေရာ
Ph : 09-25 222 9990, 09-25 222 9991, 09-25 222 9992

